# ကဓပုဖပိုက်

တာတေ

နန်းကြော့ရှင်

မင်းတိန်းထိပ်

ရွှေဘုန်းကံ




ဒီဇိုင်း-ယမုံဝိုး

## အရှေ့ဘက်ကောင်းကင်စာတည်းအဖွဲ့

## မောင်နီချို၊ ကေလတ်၊ သီသီ


မျက်နှာဖုံးပန်းချီ
ဓနော်လ်ဒ်အိမ်ခန့်
အတွင်းသရုပ်ဖော်
ကျော်ဦး
မျက်နှာဖုံးဒီဇိုင်း
ယမုံစိုး
ကွန်ပြူတာစာစီ
ဇာနည်မော်
မျက်နှာဖုံးဖလင်
EAGLE
အတွင်းဖလင်
ရာဇာမျိုးဝင်း
စာအုပ်ချုပ်
ဇာနည်
အုပ်ရေ
၁၀၀၀ အုပ်
တန်ဖိုး
၁၃၀၀ ကျပ်

ထုတ်ဝေသူ
ဦးမောင်မောင်မြင့်အေး
(မြ-၀၄၁၀၀)
လာဘ်စိုးစွေစာပေ
ပုံနှိပ်သူ
ဦးစည်သူကိုကို
(မြ-၁၀၉၈၁)
တော်ဝင်ထွန်းပုံနှိပ်တိုက်

ဖြန့်ချိရေး
အရှေ့ဘက်ကောင်းကင်
အမှတ်(၂၈၂)၊ ပထမထပ်၊ လမ်း-၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း-၀၉၇၃၁၇၁၃၈၃၊ ၀၉၄၂၁၀၅၆၃၅၄


တာတေ
နန်းကြော့ရှင်
မင်းဟိန်းထိပ်
ရွှေဘုန်းကံ

ကဝေပုရပိုက် — စာ - ၅

တာတေ

မှန်တိုင်းသရဲ — စာ - ၄၄

နန်းကြော့ရှင်

တောကြီးတစ္ဆေ — စာ - ၆၇

မင်းဟိန်းထိပ်

အင်းကြီးအောက်သံ — စာ - ၁၂၀

ရွှေဘုန်းကံ



# ကဝေပုရပိုက်

ထတဗထ

ကျုပ်တို့ အညာနွေ ဆိုတာက လွတ်ပူတာဗျ။ တာတေ ဆိုတဲ့ ကျုပ်လည်း အိမ်မြဲတာဆိုလို့ ဒီရာသီပဲရှိတာ၊ ရပ်ရေးရွာရေး ရှိရင်တောင် ကျုပ်က မနက်စောစောသွားပြီး နေမမြင့်ခင် အိမ် အရောက်ပြန်တာဗျ။

ဒီနေ့လည်း ပုဗ္ဗာရုံဆရာတော် မှာလို့ ကျုပ် သွားလိုက်သေး တယ်။ ဆရာတော် ခိုင်းတာလေးတွေ လုပ်ကိုင်ပေးပြီးတော့ အိမ်ကို နေမပူခင် ပြန်လာခဲ့တာဗျို့။

"ဟဲ့ တာတေ၊ နင် ဆရာတော့်ကျောင်း သွားမယ်ဆို ခုထိ မသွားသေးဘူးလား"

လို့ ကျုပ်အမေက ပြောတယ်၊ အမေက အိမ်နောက်ဘက် မှာ ချက်ရင်းပြုတ်ရင်းနဲ့ ကျုပ်ကို လှမ်းပြောတာဗျ။

"ကျုပ်ကဖြင့် ပြန်တောင်လာပြီဗျ"

"ဟေ မြန်လှချေလား၊ ဆရာတော် ခိုင်းတာတွေရော သေသေချာချာ လုပ်ပေးခဲ့ရဲ့လား တာတေ"

"လုပ်ပေးခဲ့ပါတယ် အမေရ"

"နို့ ဆရာတော်က ဘာခိုင်းလို့တုံး"

"မနေ့က အထွေးထွန်းကြည်တို့ ကိုမောင်ပုတို့ တောထဲက တိုက်လာတဲ့ထင်းတွေကို ထင်းရုံထဲ သွင်းဖို့ပါ။ ကျုပ်သွားတော့ဖြင့် ကိုမောင်ပုနဲ့ ကိုရင်တွေလုပ်နေတာ ပြီးတောင် ပြီးတာနီးနေပြီ အမေရ။ ကျန်တာလေး ကျုပ် ဝိုင်းကူသွင်းပေးခဲ့တယ်လေ"

"ဪ ထင်းသွင်းတာလား"

"ဒုန်း၊ ဒုန်း၊ ဒုန်း၊ ဒုန်း"

အမေက ကျုပ်နဲ့ပြောရင်း ငရုတ်သီးထောင်းနေတာဗျ၊ အမေ့ရဲ့ ငရုတ်ဆုံက စဉ့်ငရုတ်ဆုံကလေးဗျ၊ သစ်သားကျည်ပွေ့နဲ့ ထောင်းရတာလေ၊ ကျောက်ငရုတ်ဆုံ မဟုတ်ဘူးဗျ၊ စဉ့်ငရုတ်ဆုံ ဆိုတော့ ရွှံ့ကို မီးဖုတ်ထားတာပေါ့ဗျာ၊ စဉ့်အိုးတွေ လုပ်သလိုပေါ့၊ ကျောက်ငရုတ်ဆုံလို မထောင်းရဘူးဗျ၊ ခပ်ဖွဖွ ဆတ်ဆတ်ကလေး ထောင်းရတာ၊

"အမေ ဘာချက်ဖို့တုံး၊ ကျုပ် ထောင်းပေးရမလား"

"နေ နေ ငါ့ဟာငါ ခုထောင်းလိုက်မယ်၊ မြောက်ပိုင်းက ငပိန်တို့ဆီက ဝက်သားရလို့ဟေ့၊ ဆုံလာခဲ့တာ၊ ငပိန်ကတော် နင် စားဖို့ဆိုပြီး ကလီစာတွေ ထည့်ပေးလိုက်သေးတယ်"

"ဟင် ဟုတ်လား၊ ကိုပိန် ဆိုတဲ့လူကတော့ လုပ်တော့မယ်၊ သူက ကျုပ်ကို လွတ်ခင်တာဗျ"

"အေးပေါ့ဟယ်၊ နင်ကလည်း ရပ်ထဲ ရွာထဲမှာ ဘယ်သူ့ အကြောင်းမှ နေတဲ့လူမှ မဟုတ်တာ၊ ဒီတော့လည်း နင့်ဆိုရင် ခင်ကြတော့တာပေါ့"

"နို့ အဘ ဘယ်သွားတုံး"

"အေးလေ နင့်အဘပါ ဆိုနေမှ နင့်လိုပဲပေါ့ တာတေရယ်၊ ဟိုဘက်ရွာ ဘန့်ဘွေးကုန်းက သူ့သူငယ်ချင်း ကိုဘသစ် မမာ့တာ သွားမေးတယ်၊ မနေ့က ဟင်းကျန်ကလေးနဲ့ ထင်းကြမ်းစားပြီး သွား လေရဲ့၊ ညနေ နေချိုမှ ပြန်ခဲ့မယ် ပြောတာပဲ"

"ဟင် အဘိုးသစ်က ဘာဖြစ်လို့တုံး"

"ဗိုက်အောင့်အောင့်နေတာဆိုပဲတဲ့၊ ဆေးထိုးဆရာခေါ်ပြီး

ဆေးထိုးနေရတာ ကြာပြီဟဲ့၊ လူလည်း အတော်ပိန်နေပြီတဲ့"

"မြို့သွားပြီး ဆရာဝန်တွေ ဘာတွေနဲ့ သေသေချာချာပြဖို့ ကောင်းတယ် အမေရ"

"သွားတယ်ပြောတာပဲ၊ အဲဒီက ဆရာဝန်ရဲ့ ဆေးစာအတိုင်း ဒီက ဆေးထိုးဆရာက ဆက်ပြီးကုပေးနေတာတဲ့"

ကျုပ်စိတ်ထင် ဒီနေ့ ပိုပြီးပူပုံရတယ်ဗျ။ ကျုပ်အမေက ဝက်သားချက် လွတ်ကောင်းတာမျိုး။ ဘုန်းကြီးကျောင်းကို ဝက်သားဟင်းနဲ့ ဆွမ်းချိုင့်ပို့ရင် ဆရာတော်က ဆွမ်းကို အားရပါးရ ဘုဉ်းပေးတာဆိုပဲဗျ။

ကျုပ်လည်း အမေချက်တဲ့ ဝက်သားနဲ့ ထမင်း သုံးပန်းကန်လောက် စားပစ်လိုက်တာ ဗိုက်ကိုတင်းသွားရောဗျို့။ ဗိုက်ကလေးလည်း တင်းလာရော မျက်စိကလေးကလည်း စဉ်းလာရောဗျို့။ ပုဆိုးဟောင်းကလေးတစ်ထည် ပခုံးပေါ်တင်ပြီး ဝိုင်းထဲက မန်ကျည်းပင်အောက် ရောက်လာရောဗျို့။

သစ်သားကွပ်ပျစ်ကို ပုဆိုးဟောင်းကလေးနဲ့ ဖုန်ခါပစ်လိုက်တယ်။ ပြီးတော့ ဝါးဘိုးခြမ်းခေါင်းအုံးကလေးပေါ်မှာ ပုဆိုးကလေးခေါက်ပြီး တင်လိုက်တယ်။ ပြီးတော့မှ အိတ်ကပ်ထဲမှာ ထည့်ပြီးယူလာတဲ့ နဂါးဆေးပေါ့လိပ်ကလေးကိုထုတ်ပြီး ခနွဲဖြူ မီးခတ်ကလေး ခြစ်ပြီး မီးညှိလိုက်တယ်။ မီးခတ်ထဲမှာတော့ ခနွဲဖြူ မီးခတ်က အကောင်းဆုံးပဲဗျ။ အထဲမှာ မီးခတ်ကျောက်နဲ့ ဂွမ်းစကလေးစိုအောင် ဓာတ်ဆီရှိနေလို့ကတော့ မြို့က ဈေးတွေမှာ မီးခတ်ရောင်းတဲ့လူတွေ ပြောသလိုပေါ့ဗျာ။

"ဝမ်ခြစ် ဝမ်းတောက်" ပဲဗျို့။

နဂါးဆေးပေါ့လိပ်ကလေးကို နှစ်ဖွာ သုံးဖွာ မှာလိုက်ပြီး တော့ ပြာခံခွက်ကလေးထဲမှာ ဆေးလိပ်ကို ချထားလိုက်တယ်။ ပြီးတော့ ဝါးတိုးခြမ်းကလေးပေါ်ကို ခေါင်းချလိုက်တယ်။ ဘယ်က ဝင်လာမှန်း မသိတဲ့ လေအေးလေးက တန်ဖိုးရှိလိုက်တာဗျာ။ ကျုပ် ဖြင့် မျက်လုံးကို စဉ်းစားသွားတော့တာပဲဗျို့။

ဗိုက်တင်းတင်းနဲ့ အိပ်လိုက်တာ ဘယ်လောက်တောင် ကြာသွားတယ် မသိပါဘူးဗျာ။

"တာတေ၊ တယ်လည်း ဇိမ်ကျနေပါလားကွ"

ကျုပ်နားထဲကို ဝင်လာတဲ့ အသံကြောင့် ကျုပ် လန့်နိုးသွား တယ်။ ကျုပ်မျက်စိဖွင့်ကြည့်လိုက်တော့ ကျုပ်အိပ်နေတဲ့ ကွပ်ပျစ် ဘေးမှာ ရပ်နေတဲ့ ခြေထောက်နှစ်ချောင်းကို တွေ့လိုက်တယ်။ ယာထဲစီးတဲ့ တာယာဖိနပ်ကို စီးလို့ဗျ။ ပုဆိုးအပြာကွက်နဲ့။ ခြေ ထောက်ကြည့်ရုံနဲ့ ဘယ်သူ့မှန်း ကျုပ်မသိဘူး။ ကျုပ်မျက်လုံးတွေကို မနည်းဖွင့်ပြီး မျက်နှာကို ရမော့ကြည့်လိုက်တယ်။

"ဟာ ကိုဗလပါလား"

ကျုပ် ပျာပျာသလဲ ထလိုက်တယ်။ ဆရာမနိုင်က ကိုဗလ လေဗျာ။ ဆရာမနိုင်ဆိုတာ ကျုပ်တို့ရွာမြောက်ဘက်က ရွာပေါ့။ နီးတော့ မနီးလှဘူးဗျ။ ခရီးလေးတိုင်လောက်တော့ ခြားတာ။ လေး တိုင်ဆိုတော့ မိုင်နဲ့ဆိုရင် ရှစ်မိုင်ပေါ့ဗျာ။

"ဟဲ ဟဲ ငါကောင် တာတေ၊ ဇိမ်ပျက်သွားပြီ ထင်တယ်"

"ဟာ မပျက်ပါဘူး ကိုဗလရဲ့၊ လာလေ၊ ထိုင်လေဗျာ"

ကိုဗလက ကွပ်ပျစ်မှာ ဝင်ထိုင်တယ်။ ကျုပ်က အိမ်ပေါ်ကို တပျာကယာတက်ပြီး ဆေးလိပ်ခွက်နဲ့ အကြွမ်းအိုး အကြွမ်းဗန်းတန်တွေ ယူလာတယ်။ အမေ့ကိုလည်း လက်ဖက်ကလေး သုပ်ပေးဖို့ ပြောခဲ့ရတယ်ဗျ။

ကိုဗလက ကျုပ်ဆီကို တစ်ခါမှ လာဖူးတာ မဟုတ်ဘူး။ ရွာချင်းကလည်း လှမ်းတယ်လေဗျာ။ ရောက်တုန်းမှာ ကျုပ်က ဧည့်ဝတ်ကျေချင်တာပါ။

ကျုပ်က နဂါးဆေးပေါ့လိပ်တစ်လိပ်ကို မီးညှိပြီး ကိုဗလကို ကမ်းပေးလိုက်တယ်။

"ကဲ ကိုဗလ အမောပြေ ဖွာလိုက်ဦးဗျ"

ဆေးလိပ်ကမ်းပြီးတော့ ကျုပ် အကြွမ်းတစ်ခွက် ငှဲ့တယ်။ ကျုပ်တို့အညာမှာက နေပူထဲကလာတဲ့သူကို ရေနွေးပဲ တိုက်ကြတာဗျ။ ဒါမှ ချွေးကလေးတစိုစိုနဲ့နေတာ၊ ဖြုန်းကနဲ ရေအေးသောက်လိုက်ရင် အပူငုပ်သွားမှာ ကြောက်လို့ဗျို့။ အမေကလည်း လက်ဖက်ပွဲယူလာပြီး ချပေးတယ်။

"အမေ ဒါ ဆရာမနိုင်က ကိုဗလကြီးလေဗျာ၊ ငွေတွင်းကုန်းက အရိုးစိန်မတို့ အလှူသွားတုန်းက လှည်းလမ်းမှာ မှိုကျင်းတွေ့လို့ဆိုပြီး မှိုတွေနှုတ်လာပြီး အမေ့ကို ပေးလိုက်တဲ့ ကိုဗလလေ၊ အဲဒီတုန်းက သူတို့လည်း အရိုးစိန်မတို့အလှူကို လာကြတာဗျ"

"ဪ. . .မှတ်မိပြီ၊ ဗလရေ မတွေ့တာကြာတော့ ဖြုန်းစားကြီး မမှတ်မိလို့ဟေ့၊ ဘယ်လိုမှတော့ မအောက်မေ့နဲ့ကွယ်၊ ကဲ လက်ဖက်စား အကြွမ်းသောက်ပြီး ညီအစ်ကိုနှစ်ယောက် စကား

ပြောလိုက်ကြဦး၊ နို့ မင်းအဖေ အမေများကော ကျန်းမာကြရဲ့လား ကွဲ့"

"ဟုတ်ကဲ့ အရီး၊ ကျန်းမာကြပါတယ်"

"အေး အေး ပြောကြဦး"

အမေ အိမ်ပေါ်ပြန်တက်သွားတော့မှ ကိုဗလက လက်ဖက်ကို နှစ်ဇွန်းဆက်တိုက် ခပ်စားလိုက်တယ်။ ရေနွေးပူပူ တစ်ပန်းကန်ကိုလည်း ဖူးကနဲ၊ ဖူးကနဲမှုတ်ပြီး ရှုလူး ရှုလူးနဲ့ သောက်ချလိုက်တယ်။

"ကိုဗလကြီး ဘာနဲ့လာတာတုံး"

"လှည်းနဲ့ လာတာကွ၊ လှည်းကို ငါတို့ရွာသားတစ်ယောက် မောင်းတာ၊ ရွာမြောက်ဂိုင်းမှာ သူ့ဆွေးလေးရှိတော့ လှည်းကို အဲဒီဝိုင်းထဲမှာ ဖြုတ်ထားတယ်"

"ဟာ ကိုဗလကြီးကလည်း သူ့ကိုပါ ခေါ်ခဲ့ပြီးရော၊ အားနာစရာရှိတာမှ မဟုတ်တာ"

ကျုပ်ကပြောတော့ ကိုဗလက ရေနွေးသောက်ရင်းတနေ ကျုပ်ကို လက်ကာပြတယ်။

"အားနာလို့ မဟုတ်ဘူး တာတေရ၊ ငါက ကိစ္စတစ်ခုရှိလို့ မင်းဆီကိုလာတာ၊ မင်းနဲ့ငါပြောတဲ့ စကားကို တခြားသူ မသိစေချင်လို့ ခေါ်မလာတာကွ"

ကိုဗလက ခပ်တိုးတိုးပြောတယ်။ ပြီးတော့ နဂါးဆေးပေါ့လိပ်ကို ဖွာနေပြန်တယ်ဗျ။

"ဟင် ဟုတ်လား၊ ကိုဗလ၊ ဘာကိစ္စများတုံး"

ကျုပ်က တည့်ပဲမေးလိုက်တော့တယ်။ ကိုဗလပုံစံကြည့်ရတာ တော်တော်အရေးကြီးတဲ့ကိစ္စကို ပြောတော့မယ့်ပုံဗျ။ ဒါမျိုးဆိုရင် ကျုပ်ကလည်း ချက်ချင်းကို သိချင်တာ၊ သိပ်အောင့်နိုင်တာ မဟုတ်ဘူး။ ကိုဗလက ဆေးလိပ်မီးခိုးတွေကို မှုတ်ထုတ်ရင်း ကျုပ်ကို ပြောဖို့စကားစ ရှာနေတယ်ဗျို့။

"ဒီလိုကွ၊ တာတေရ ငါတို့ရွာကို ထူးဆန်းတဲ့ လူတစ်ယောက် ရောက်လာတယ်ကွ"

"ဟင်၊ ဘယ်လိုများ ထူးဆန်းတာတုံး ကိုဗလရဲ့"

"ဒီလူက ဆရာကွ၊ တာတေရ အသက်ကတော့ ငါးဆယ်လောက်ရှိပြီ၊ လူပုံက ခပ်သန့်သန့်ပါ။ လူကတော့ အရပ်သိပ်မရှည်ဘူး၊ လူကိုင်းတော့ တောင့်တောင့်ပဲကွ၊ နှုတ်ခမ်းမွေးလေးစစနဲ့"

ကိုဗလ ပြောတာကို ကျုပ် တော်တော်စိတ်ဝင်စားသွားတယ်။

"နို့ နေပါဦး ကိုဗလရဲ့၊ ဒီဆရာက အောက်လမ်းလား၊ အထက်လမ်းလား"

ကျုပ်က ဆေးလိပ်ကိုဖွာရင်း မေးလိုက်တယ်။ ကိုဗလကတော့ ရေနွေးတစ်ခွက် ငုံ့နေရင်းကနေ ဖြေတယ်။

"ငါ မေးကြည့်ပြီးပြီကွ၊ ဒီဆရာက အောက်လမ်းလည်း မဟုတ်ဘူး၊ အထက်လမ်းလည်း မဟုတ်ဘူး၊ ခွတ်လပ်လို့ ပြောတယ်ကွ"

"ဗျာ၊ ခင်ဗျားဆရာက တစ်မျိုးပါလား ကိုဗလရဲ့"

"ကျုပ်ကြားဖူးတာတော့ အောက်လမ်းတို့ အထက်လမ်း

တို့ပဲ ကြားဖူးတာပါ။ အခုဟာက ခွတ်လပ်ဆိုတော့ အောက်လမ်းနဲ့ အထက်လမ်းရဲ့ကြား အလယ်လမ်းပေါ့"

"ဟုတ်ပါ့ဗျာ၊ အဲဒီဆရာက ပြောတယ်ကွ၊ ဒီပညာရပ်တွေမှာ သုံးမျိုးရှိတယ်တဲ့၊ မဟာဂန္ဓာရီလို့ခေါ်တဲ့ အထက်လမ်းပညာ၊ စူဠဂန္ဓာရီလို့ခေါ်တဲ့ အလယ်အလတ်လမ်းပညာ၊ ဂနပဒဂန္ဓာရီလို့ခေါ်တဲ့ အောက်လမ်းပညာတဲ့ကွ။ ဒီဆရာက စူဠဂန္ဓာရီလို့ခေါ်တဲ့ အလယ်အလတ်လမ်းကို လိုက်တာတဲ့ကွ"

"ဩော် . . . ဒီလိုလား၊ နို့နေပါဦး ကိုဗလရဲ့၊ ဒီဆရာရဲ့ နာမည်က ဘယ်သူတဲ့တုံး"

"ဆရာ သာလှယတဲ့ကွ၊ လူကတော့ တည်တည်တံ့တံ့ပါပဲ၊ ရွာကိုတော့ ကိုစစ်နိုင်နဲ့ ပါလာတာကွ၊ ကိုစစ်နိုင် မြို့ကိုသွားတုန်းက သိပြီး ခင်လာတာတဲ့။ ဒီဆရာ တို့ရွာကိုရောက်နေတာ တစ်ပတ်ကျော်ပြီကွ၊ အခုထိတော့ ဘယ်သူ့ကိုမှ ဘာပြဿနာမှ မရှာပါဘူး၊ ဘုံ့ရွာဦးက ကိုးတောင်ပြည့်စေတီကလေးမှာ သွားပြီး ပုတီးစိပ်နေတာပဲကွ၊ မနေ့ကတော့ ကိုးရက်အဓိဋ္ဌာန် ပြည့်သွားတယ်လို့ ပြောတယ်"

"နို့ နေပါဦးဗျ၊ ဒီဆရာနဲ့ ကိုဗလနဲ့က ရင်းနှီးလို့လား"

"ဟာ တာတေကလည်း မင်းသိရဲ့သားနဲ့၊ ကိုစစ်နိုင်ဆိုတာ ငါ့ယောက်ဖလေကွာ၊ ငါ့အစ်မဝိုင်းကြည်ရဲ့ ယောကျ်ားလေ"

"ဟာ ဒါဆိုရင် ဒီဆရာက ခင်ဗျားယောက်ဖ ကိုစစ်နိုင်ကြီးရဲ့အိမ်မှာပေါ့ ဟုတ်လား ကိုဗလ"

"အေး ဟုတ်တယ်၊ ဒီတော့ ငါနဲ့လည်း သိနေတာပေါ့ကွာ"

"ဩော်. . . ဒီလိုကိုး၊ အင်း အင်း ပြောပါဦး ကိုဗလရဲ့"

"မိနေ့က ဒီဆရာက ပြောတယ်၊ သူ ဆရာမနိုင်ကိုလာတာ တီစွရှိလို့တဲ့ကွ၊ ပြီးတော့ ငါတို့ရွာကို ဘာဖြစ်လို့ ဆရာမနိုင်လို့ ခေါ်တာလည်း သိလားလို့ မေးတယ်"

"အင်း ဟုတ်သားပဲ၊ အဲဒါ ဘာဖြစ်လို့ ခေါ်တာလဲဗျ"

"ဟာ ဘယ်သိမှာတုံး တာတေရ၊ ငါတို့လည်း မသိဘူးလို့ ပြောရတာပေါ့ကွ၊ ဒီတော့မှ ဆရာ သာလာယက ပြောတယ်၊ ငါတို့ ရွာမှာ 'ဂန္ဓာရီပညာသိုက်ကြီး' ရှိတယ်တဲ့ကွ၊ အစွမ်းထက်တဲ့ ဆရာ တွေက အဲဒီသိုက်ကို လာတူးပြီး ပညာတွေရဖို့ ကြိုးစားကြတယ်တဲ့။ ဒါပေမဲ့ ဆရာတွေ ပြေးရတာချည်းပါပဲတဲ့။ ဒါကြောင့် တို့ရွာကို ဆရာမနိုင်လို့ ခေါ်ကြတာတဲ့ကွ"

"ဩော် ဒီလိုလားဗျ"

"အေးကွ တာတေရ ဒါနဲ့ ငါက ဆရာသာလာယကို မေး ကြည့်တယ်၊ အဲဒီဂန္ဓာရီသိုက်ကြီးက ဘယ်နေရာမှာတုံးလို့"

"အင်း ဟုတ်ပြီ၊ ဒီတော့ ဘာပြောတုံးဗျ"

"သူ သိတယ်တဲ့၊ သူ ဒီကိုလာတာ ဒီကိစ္စလာတာတဲ့ဟေ့"

"ဗျာ. . . ဘယ်လိုဗျ၊ ကိုဗလ"

"ဆရာသာလာယက အဲဒီဂန္ဓာရီပညာသိုက်ကြီးကို တူး မလို့ လာတာတဲ့ကွ"

"ဟင် ဒီဆရာက နိုင်လို့လားဗျ"

"ဟာ ဒါကတော့ သူနိုင်မယ်ထင်လို့ လာတာပေါ့ကွာ"

"ဒါနဲ့ နေပါဦးဗျ၊ သိုက်တူးမယ်ဆိုတော့ ပေါက်တူးတွေ၊

တူရွင်းတွေ လိုမှာပေါ့၊ လူရော တော်တော်လိုမှာလား"

"ဟား၊ ဟား၊ ဟား၊ ဟား တာတေရာ၊ မင်းမလည်း လယ်ပုံ လယ်ပန်းနဲ့ တော်တော်ကို အ,သေးတာကိုး"

"ဘာတုံးဗျ၊ ကိုဗလရဲ့"

"ဟ သိုက်တူးတယ်ဆိုတာ တူရွင်းတွေ၊ ပေါက်ပြားတွေနဲ့ တူးရတာ မဟုတ်ဘူးကွ၊ သူတို့ပညာနဲ့ လုပ်လိုက်ရင် အဲဒီသိုက်က ပေါ်လာတာကွ"

"ဟင် ဟုတ်လား၊ သိပါဘူးဗျာ၊ သိုက်တူးတယ်ဆိုတော့ ကျုပ်စိတ်ထဲမှာ မြေကြီးထဲကနေ တူးရမယ် မှတ်နေတာဗျ"

"အေး အဲဒီဆရာသာလာယက ပြောတယ် တာတေရ၊ ဒီဂန္ဓာရီသိုက်ကို သူဖွင့်နိုင်တယ်တဲ့ကွ၊ ဒါပေမဲ့ သတ္တိကောင်းတဲ့ လူငယ်တစ်ယောက် လိုတယ်တဲ့"

"ဟင် ဘာလုပ်ဖို့တုံးဗျ"

"ဒီလိုကွ၊ သူက ဒီသိုက်ထဲက ပညာသိုက်စောင့်တဲ့ နာနာ ဘာဝတွေကို ထိန်းချုပ်ထားတဲ့အချိန်မှာ 'ကဝေပုရပိုက်' ကို ခင်ယူပေးရမှာတဲ့ကွ"

"ဗျာ"

"မဗျာနဲ့ တာတေ၊ ဒီလူပြောပုံအရ သူလိုချင်တဲ့သူဟာ မင်းကလွဲရင် ဒီနယ်တကြောမှာ ဘယ်သူမှ မရှိဘူးကွ၊ အေး ပြီး တော့ ပြောသေးတယ် တာတေရ သူ့ကို ကူညီတဲ့သူကို တန်ဖိုးမဖြတ် နိုင်အောင် အစွမ်းထက်တဲ့ ရုပ်တုကလေးတစ်ခု လက်ဆောင်ပေး မယ်တဲ့ကွ"

"ဟင် ဘာရုပ်တုတုံးဗျ"

"ပီယဘက်မှာ အတော်စွမ်း ဆိုပဲကွ၊ ငါ့ကိုတော့ ထုတ်ပြဖူးတယ်၊ အနီရောင် ကတ္တီပါရှဲ့အိတ်ကလေးနဲ့ ထည့်ထားတာကွ"

"ဘာရုပ်ကလေးတုံးဗျ"

"အဝတ်အစား မပါတဲ့ ယောကျ်ားဖျိုတစ်ယောက်နဲ့ မိန်းမဖျိုတစ်ယောက် မတ်တတ်ရပ်ပြီး ဖက်ထားတဲ့ပုံကွ၊ တော်တော်ကို လက်ရာမြောက်တဲ့ ပုံကလေးကွ တာတေရ လက်ညှိုးလုံးလောက်ကလေးရှိတာ၊ ပြီးတော့ ရွှေချထားတာဟေ့"

"ဟင် ဟုတ်လား၊ ဆေးစီရင်ထားတာ ထင်တယ်ဗျ"

"ဟာ သေချာတာပေါ့ကွာ၊ တနင်္ဂနွေဆန်းတဲ့လလည်း ဖြစ်ရမယ်၊ တနင်္ဂနွေနေ့လည်း ဖြစ်ရမယ်၊ တနင်္ဂနွေသမီးအပျိုစင်လည်း ဖြစ်ရမယ်။ မမျှော်လင့်ဘဲ ဥပဒ္ဒဝကကဲနဲ့ သေသွားတာမျိုး ကြုံခဲ့ရင် အဲဒီအလောင်းကို မီးသင်္ဂြိုဟ်တဲ့အခါမှာသုံးတဲ့ ထင်းဝါးကို အရယူ ပြီး အဲဒီရုပ်တုကို ထုရတာတဲ့ကွ၊ ရုပ်တု ထုရတဲ့ အချိန်အခါတွေ တော့ ရှိသေးတယ်ကွ၊ ရုပ်တု ထုရင်း ရွတ်ရ ဖတ်ရတဲ့ ဂါထာတွေ လည်း ရှိတယ်တဲ့ကွ။ အဲဒီအစီအရင် အောင်သွားရင်တော့ ပီယ ဘက်မှာ ငါ ဆရာလို့ ပြောရှမယ့်အတိုင်းဆိုပဲကွ၊ စွမ်းချက်ကတော့ ကမ်းကုန်တယ်ဆိုပဲကွ။ မိန်းမ၊ ငွေကြေး၊ စီးပွားရေး ဘာမှပြောစရာမလိုဘူးဆိုပဲ။ ပြောသမျှ မအောင်တာ မရှိစေရဘူးဆိုပဲ တာတေရ"

ကိုဗလက နဝါးဆေးပေါ့လိပ်ကလေးကို ဖွာနေပြန်ရောဗျို့၊ ကျုပ်က သူပြောတာတွေကို နားထောင်ပြီးမှ-

"ကျုပ် အဲဒီပိယတို့ အရုပ်တို့ ဆိုတာတွေကို စိတ်မဝင်စားပါဘူးဗျာ၊ ကျုပ်စိတ်ဝင်စားတာက ဒီဆရာ သိုက်တူးမယ့်ကိစ္စကိုပါ။ ကျုပ် သူ့ဆီက ဘာကိုမှ မလိုချင်ပါဘူးဗျာ၊ သူ သိုက်တူးတာကို တွေ့ချင် မြင်ချင်တာပဲ ရှိတာပါ"

"အေး မင်းအကြောင်းကို ငါ သိပြီးသားပါကွာ တာတေရာ၊ မင်းက စူးစမ်းချင်တာကလွဲရင် ဘာကိုမှ မက်မက်မောမော မရှိဘူးဆိုတာ ငါသိပါတယ်"

ဒီကိစ္စကို ကျုပ်တော်တော်စိတ်ဝင်စားသွားတာဗျ။ သိုက်တူးတယ် ဆိုတာကို ကြားသာ ကြားဖူးတာ၊ တစ်ခါမှ မြင်ဖူးတာ မဟုတ်ဘူး။ ပြီးတော့ ဆရာသာလာဃ ဆိုတဲ့လူ အခုတူးမယ့်သိုက်က ဂန္ဓာရီပညာသိုက်ဆိုပဲ။ ကျုပ်က 'ကဝေပုရိုက်' ကြီးကို ဝင်ယူပေးရမှာဆိုပဲ။

ဒီတစ်ပွဲတော့ တာတေနဲ့ တွေ့ကြပြီပေါ့ဗျ။ ကျုပ် ချက်ချင်း ဆုံးဖြတ်လိုက်တယ်။ ကျုပ် လိုက်မယ်။ ကဝေပုရိုက်ကြီးကို ကျုပ်ရအောင် ဝင်ယူပေးမယ်။ တာတေပဲဗျာ။ ဒီလိုပွဲကြီးပွဲကောင်းမျိုးကို ဘယ်မှာလက်လွှတ်ခံပါ့မလဲဗျာ။

"ကဲ ကိုဗလ ပြောဗျာ၊ ကျုပ် ဘယ်နေ့ လာခဲ့ရမှာတုံး"

ကျုပ်က ရုတ်တရက် မေးလိုက်တော့ ကိုဗလတောင် အံ့အားသင့်သွားတဲ့ပုံပဲဗျ။ ဝါးစပ်မှာတေ့ပြီး ဖွာတော့မလို လုပ်နေတဲ့ ဆေးပေါ့လိပ်ကလေးတောင် ပြန်ချွာလိုက်တယ်ဗျ။

"ဟာ တာတေ၊ မင်း လာမယ်ပေါ့ ဟုတ်လား၊ လာရမယ့်နေ့က လပြည့်နေ့ကွ၊ ငါလည်း လိုက်မှာပါကွ တာတေရ"

"ဗျာ ကိုဗလပါ လိုက်မှာလား"

ကျုပ်က ကိုဗလကို အကဲခတ်သလိုကြည့်ပြီး မေးလိုက်တယ်ဗျ။

"ဓအးကွ၊ ဒါပေမဲ့ ငါက မင်းကိုတော့ သိုက်ထဲကို မဝင်ရဲဘူးကွ၊ ဆရာသာလာယက ငါ့ကို အပြင်စောင့်အနေနဲ့ ခေါ်ထားတာ၊ မင်းနဲ့ ဆရာသာလာယက သိုက်ထဲဝင်ရင် ငါက အပြင်စောင့်ပေါ့ကွာ၊ ဟား ဟား ဟား"

ကိုဗလက ကျုပ် လိုက်မယ်လို့ ပြောလိုက်တော့ ဝမ်းသာသွားပုံပဲဗျ၊ ပျော်ပြီး တဟားဟား ရယ်နေတာဗျို့။

ကျုပ်တို့ အညာသူ အညာသားတွေက ဟန်ဆောင်ပန်ဆောင် မလုပ်တတ်ကြဘူးလေဗျာ။

"တဲ ကိုဗလ စိတ်ချလက်ချသာ ပြန်ပေတော့၊ လပြည့်နေ့ ရောက်ရင် မနက်စောစောထပြီး ကျုပ် လာခဲ့မယ်"

"ဟာ ကုန်းကြောင်း မလာပါနဲ့ကွာ၊ ငါ လှည်းလွှတ်ပြီး ခေါ်ခိုင်းလိုက်ပါ့မယ်"

ကိုဗလက ကျုပ်ကို အားနာပြီး ပြောတာဗျ။

"မလိုပါဘူး ကိုဗလရာ၊ ကျုပ် မိုးမလင်းခင်ထပြီး လျှောက်လာခဲ့ပါ့မယ်၊ ခင်ဗျားတို့ ဆရာမနိုင်ကို နှစ်နာရီလျှောက်ရင် ရောက်ပါတယ်ဗျာ၊ လှည်းလွှတ်မနေပါနဲ့"

အဲဒီနေ့က ကိုဗလက ကျုပ်နဲ့ စကားပြောဆိုပြီး ညနေ သုံးနာရီလောက် ထပြန်သွားတယ်ဗျ။ ကိုဗလ ပြန်သွားပြီးမှ အမေက ကျုပ်ကိုမေးတယ်။

"တာတေ၊ နင့်ဆီကို ဇလ ဘာလာလုပ်တာတုံး"

"သူတို့ရွာမှာ ဆရာတစ်ယောက် ရောက်နေတာကို လာပြောတာ အမေရ"

"ဟဲ့ ဘာဆရာတုံး"

"သိုက်ဆရာလို့ပြောတယ် အမေရ"

"ဘာ သိုက်ဆရာ ဟုတ်လား၊ တာတေနော်၊ ပေါက်ကရတွေ လိုက်လုပ်မနေနဲ့"

အမေက ကျုပ်အကြောင်းကို သိပြီးသားဆိုတော့ စိတ်ပူပြီး ဟန့်တာပေါ့ဗျာ။

"တာ မလုပ်ပါဘူး အမေရ၊ လိုက်ကြည့်ရုံပါဗျာ"

ကျုပ်က အမေစိတ်အေးအောင် ပြောလိုက်ပေမယ့် အမေကတော့ သိပြီးသားပါဗျာ၊ ကျုပ် ဘယ်လောက်စပ်စုတဲ့အကောင်လည်းဆိုတာ အမေ သိပြီးသားပေါ့"

□ □ □

လပြည့်ခံနေ့ရောက်တော့ မနက်ဝေလီဝေလင်းထပြီး ကျုပ်ထွက်လာခဲ့တယ်။ ကျုပ်က အညာသား ဆိုပေမယ့် နေပူ အားကြီးကြောက်တဲ့ကောင်ဗျ။ နေမပူခင် ဆရာမနိုင်ကို ရောက်အောင်လာခဲ့တာ။

ဆရာမနိုင်ရောက်တော့ ရွာတောင်ပိုင်းမှာနေတဲ့ ကိုဇလတို့အိမ်ကို တန်းပြီးလာခဲ့တယ်။ ဒီရွာမှာက ကျုပ်နဲ့ ရင်းနှီးတဲ့သူ

နည်းတယ်ဗျ၊ လှေငယ်ပိုင်းလောက်ပဲသိတာ၊ လှေကြီးပိုင်းနဲ့ သိပ်မသိဘူးဗျ၊ ခေါင်နှစ်လုံးနဲ့ ဆောက်ထားတဲ့ ကျွန်းအိမ်ကြီး မော့ကြည့်နေတုန်းမှာပဲ. . .

"ဟော့ကောင် တာတေ လာကွ၊ ငါ မင်းကို မျှော်နေတာ"

ဝိုင်းဝမှာ ဘွားကနဲပေါ်လာတဲ့ ကိုဇလက ကျုပ်ကို ခေါ်တယ်ဗျ၊ ကျုပ်ဝိုင်းထဲ ဝင်ခဲ့တယ်၊ ကိုဇလတို့အိမ်ကြီးက တော်တော်တို့ တောင်းတာဗျ၊ ရေနံကလည်း သုတ်ထားလိုက်တာ မည်းနက်နေတာချို့၊

ကိုဇလက အိမ်ထောင်မရှိဘူးဗျ၊ အသက်သုံးဆယ်ကျော်လောက်တော့ ရှိပါပြီ၊ ကျန်တဲ့ညီအစ်ကိုမောင်နှမတွေက အိမ်ထောင်ကျပြီး အိမ်ခွဲတုန်ကြတော့ သူပဲ အိမ်မှာကျန်နေတာ၊

ကျုပ်ရောက်တဲ့အချိန်မှာ ကိုဇလတစ်ယောက်တည်းဗျ၊ သူတို့ရွာက အကြော်တွေ ဝယ်ထားတာရော၊ ဆတ်သားခြောက်မီးဖုတ်ရော ရေနွေးကြမ်းနဲ့ ညှော်ခံပါတယ်၊ ကျုပ်တို့ရွာမလေ့ပေါ့ဗျာ၊

ကျုပ်လည်း အမောပြေ ရေနွေးကြမ်းသောက်ပြီး အပန်းဖြေရတာပေါ့ဗျာ၊

"ညက ကိုစစ်နိုင်တို့အိမ်ကိုရောက်တော့တောင် ဆရာသာလာယက ငါ့ကို မေးနေတယ်ကွ၊ မောင်တာတေ လာမှာသေချာ ရဲ့လားတဲ့ကွ၊ မင်း မလာမှာကို သူစိုးရိမ်နေတာကွတာတေရ"

ကျုပ်က ကိုဇလစကားကို ကြားတော့ ပြုံးရုံပဲ ပြုံးပြလိုက်တယ်၊ စိတ်ထဲမှာတော့. . .

"ဒီလိုပွဲကြီးပွဲကောင်းမျိုးကို တာတေဆိုတဲ့ ကျုပ်က လက်လွတ်ခံပါ့မလားဗျာ"

လို့ ပြောလိုက်မိတာပေါ့။

အိမ်ကြီးက ကျုပ်တို့အညာလေ့အတိုင်း ဆောက်ထားတဲ့ ခြေတံရှည်အိမ်ကြီးဗျ။ အောက်ထပ်ကိုပါ ဆင့်စီပြီး ပျဉ်ခင်းထားတာ။ ဒါပေမဲ့ အိမ်ခေါင်းရင်းမှာသာ ညည်းသည်စောင်သည်လာရင် ညည်းခံဖို့ သင်ဖြူးဖျာကလေးတွေ ခင်းလို့ဗျ။ ကျန်တဲ့နေရာတွေမှာတော့ ကြက်သွန်နီတွေအပြည့် ဖုံးထားတာ။ ကြက်သွန်နီကြီးတွေကလည်း တင်းပြောင်နေတာပဲ။ အရွယ်ကလည်း ညီပါ့ဗျာ။ လှချက်တော့ ပြောမနေပါနဲ့တော့ဗျာ။

"ကိုဗလတို့ ကြက်သွန်တွေ ကောင်းချက်ဗျာ"

"အေးကွ တာတေရ ဒီနှစ် ငါတို့ရွာက ကြက်သွန်တွေ အောင်ကြသားကွ၊ စိုက်တယ်ပျိုးတယ် ဆိုတာကလည်း ဝီရိယချည်း အားကိုးလို့ရတာ မဟုတ်ဘူးလေကွာ၊ ကံကလည်း လိုက်ဦးမှ တာတေရ။ ရာသီဥတုလေးကလည်း သီးနှံကြိုက် ရာသီဥတုဖြစ်ဦးမှ၊ သီးနှံက အထွက်တိုးပြီး အောင်အောင်မြင်မြင် ဖြစ်တာမို့လား"

"ဟုတ်ပါ့ဗျာ၊ မနှစ်ကတုန်းက အဘနဲ့ ကျုပ်နဲ့ လုပ်လိုက်ကြရတာ ဖတ်ဖတ်ကိုမောလို့၊ အချိန်တန်တော့ နှမ်းကလေး ဘယ်နှတင်း ရလို့တုံးဗျာ၊ ဒီနှစ်တော့ သားအဖနှစ်ယောက် စိတ်ပေါက်ပေါက်နဲ့ သိပ်ကို အပင်ပန်းမခံတော့တာဗျ။ ဒီတော့မှ ထွက်လိုက်တဲ့ နှမ်းဗျာ၊ မပြောပါနဲ့တော့ ကိုဗလရာ"

"အေးလေ အဲဒါကို ငါပြောတာကွ၊ ကဲ လာဟေ့ တာတေ၊

ထိုင် အကြွမ်းလေးသောက်လိုက်ဦး"

"ဆိတ်သားခြောက်မီးဖုတ်ကလေး မွှေးလို့ဗျာ"

"ရွာမြောက်ပိုင်းက ဦးဘိုးထော်ကြီး တောထဲမှာ ဘီထောင်တာ ဆိတ်ကြီးတစ်ကောင် မိတာကွ၊ အဲဒီဆိတ်ကြီးကို တစ်ကောင်လုံး အသားဆုတ်ပြီး အခြောက်လှန်းတာ ငါလည်း နည်းနည်းဆုံလာခဲ့တာကွ၊ စားကွာ၊ နို့ ထမင်းကြမ်း စားဦးမလား"

"ဟာ စားခဲ့ပြီဗျ ကိုဗလရဲ့၊ မနေ့က ကြက်သားဟင်းကျန်နဲ့ စောစောထပြီး စားလာခဲ့တာ၊ တော်ပြီ၊ အကြွမ်းလေးပဲ သောက်တော့မယ်၊ နို့ ကိုဗလ အမေတို့ အဘတို့ရော"

"မရှိကြဘူး တာတေရ၊ မနေ့ကပဲ မြို့သွားကြတယ်၊ မြို့က အမေ့ညီမတော လှမ်းခေါ်လို့၊ သူတို့တွေ မန္တလေးမှာ ပခွင်းခံရှိလို့ လိုက်ခဲ့ပါ ဆိုတာနဲ့ လိုက်သွားကြတာ၊ အိမ်မှာ ငါတစ်ယောက်ကည်း ကွ၊ ညဘက်တော့ ရွာရှေ့ပိုင်းက ငါ့ညီဝမ်းကွဲနှစ်ယောက် လာအိပ် ပေးကြပါတယ်"

ကျုပ်က အကြော်စားလိုက်၊ ဆိတ်သားခြောက်နဲ့ ရေနွေး ကြမ်းကို အားရပါးရ မြည်းလိုက်နဲ့ပေါ့ဗျာ။ ကိုဗလရဲ့ ဆိတ်သား ခြောက်မီးဖုတ်ကလေးက လွှတ်ကောင်းတာဗျ။ စားသောက်ပြီး တော့ အိတ်ထဲက နဂါးဆေးပေါ့လိပ်ကလေး ထုတ်ဖွာလိုက်တယ်။ ကိုဗလက သွမီးခတ်ကလေးနဲ့ မီးခတ်ပြီး ကျုပ်ဆေးလိပ်ကို မီးညှိ ပေးတယ်ဗျ။

ဆေးလေးတဝဖွာပြီးတော့ ကျုပ်က ကိုဗလကို ပြောတယ်။

"ကဲ ကိုဗလ၊ ကိုစစ်နိုင်တို့အိမ်ကို သွားကြစို့ရဲ့ဗျာ၊ ဟိုဆရာ

ဘယ်သူဗျ"

ကျုပ်က သိုက်ဆရာရဲ့ နာမည်ကို မေ့သွားလို့ မေးလိုက်တာဗျို့။

"သာလာယတဲ့ တာတေရ"

"ဩော် အေး သာလာယ၊ သာလာယ ဟုတ်ပြီ"

"အေး အေး သွားကြရအောင်ဟေ့"

ကျုပ်က လွယ်အိတ်ကလေး ကောက်လွယ်လိုက်တယ်။ ကိုဗလက ဝိုင်းနောက်ဘက်ကို ဝင်သွားပြီးတော့-

"ဟေ့ကောင် ငမဲ၊ အိမ်ရှေ့ထွက်လိုက်ဦး၊ ငါ ကိုစံနိုင်တို့ အိမ် သွားမလို့"

"ဟုတ်ကဲ့ ကိုကြီးဗလ၊ သွား သွား၊ ကျုပ် ခုပဲ ထွက်လာမှာ"

"ငမဲဆိုတာ ဘယ်သူတုံးဗျ"

"ငမဲဆိုတာ လှည်းကောက်ကကွ၊ သူ့အဖေနဲ့ ငါနဲ့က သူငယ်ချင်းတွေပါ၊ နည်းနည်းပါးရှားကြတော့ ငါခေါ်ထားပြီး အိမ်အလုပ်ကလေး ဟိုခိုင်း ဒီခိုင်းပေါ့ကွာ၊ နွားစာစဉ်း၊ ရေစည်တိုက်၊ ပြောင်းမျိုးရိတ်ပေါ့ကွာ။ တစ်ခါတလေတော့လည်း ပဲနှုတ်၊ နှမ်းနှုတ် လိုက်တဲ့အခါ လိုက်ပေါ့ကွာ"

"အင်း ကောင်းတာပေါ့ ကိုဗလရာ၊ သူလည်း လုပ်တတ်ကိုင်တတ် ဖြစ်လာတာပေါ့ဗျာ"

ကျုပ်နဲ့ ကိုဗလ ကိုစံနိုင်တို့အိမ်ဝိုင်းထဲကို ရောက်တော့-

"ဟော လာပါပြီဗျာ၊ ပွဲတိုင်းကျော်တဲ့ ကိုတာတေပါပဲဗျာ"

ကိုစံနိုင် အိမ်ပေါ်ကနေ လှမ်းအော်ပြောတယ်ဗျ။ ကိုစံ

နိုင် ဆိုတဲ့လူက ပိန်ပိန်ရှည်ရှည်နဲ့၊ အသားလတ်လတ်ဗျ။ လူက အားကြီးဖျော်တတ်တာ။ ရယ်စရာလည်း လွှတ်ပြောတဲ့လူဗျ။ သူ့ဆိုရင် လူချစ်လူခင်ကလည်း ပေါ့ပေါ့ဗျာ။

တိုစစ်နိုင်တို့အိမ်ကတော့ သိပ်ကြီးကြီး မဟုတ်ဘူးဗျ။ ကျုပ်တို့ အိမ်ပေါ်တက်လိုက်တော့ ခေါင်းရင်းမှာ အခန့်သားထိုင်နေတဲ့ လူတစ်ယောက်က ကျုပ်ကို ပြုံးပြီးနှုတ်ဆက်တယ်။ လူပုံကတော့ အခန့်သားဗျ။ နှုတ်ခမ်းမွေး စစနဲ့။

"လာပါ မောင်တာတေ၊ ကျုပ် မောင်တာတေကို စောင့်နေတာပါ၊ မောင်ရင့်သတင်းတော့ ကျုပ် ကြားပြီးပါပြီလေ၊ အခုလို ကျုပ်ကို လာပြီးကူညီတာကို ကျုပ်ဖြင့် ဝမ်းသာလှပါရဲ့ကွယ်"

"စိတ်ချပါ ဆရာ၊ ကျုပ်ကလည်း ဒီလိုကိစ္စမျိုးဆိုရင် လွှတ်စိတ်ဝင်စားတာဗျ"

"ဟာ အင်မတန်ကို စိတ်ဝင်စားဖို့ကောင်းတာကွဲ့၊ ဒီလို ပညာ့သိုက်ကြီးတွေက ကမ္ဘာပေါ်မှာ အားလုံးပေါင်း ဆယ့်တစ်ခုပဲ ရှိတာ၊ တို့နိုင်ငံမှာ အထိက‌ရသုံးခု ရှိတာကွဲ့။ အခု ဆရာမနိုင်က သိုက်က တစ်ခုပေါ့ မောင်တာတေ၊ ဒီသိုက်မှာရှိတဲ့ ကဝေပုရပိုက်က အဆင့်မြင့်ပညာတွေ ပါတယ်ကွဲ့၊ ဒါကြောင့်လည်း ဂမ္ဘီရသိုက်လို့ ရှေးဆရာကြီးတွေက ခေါ်သွားကြတယ်။"

"ဩော် ဘယ်လိုပညာတွေများပါလိမ့် ဆရာ"

"အင်း. . . မောင်တာတေ နားလည်အောင်ပြောရရင် ကိုယ်ပျောက်တဲ့ ပညာမျိုးပေါ့ကွာ"

"ဗျာ ကိုယ်ပျောက်တယ် ဟုတ်လား ဆရာ"

"ဟုတ်တယ် မောင်တာတေ၊ တကယ်တော့ ကိုယ်ပျောက်တာ မဟုတ်ဘူးကွဲ့၊ ကိုယ်ဖော့ပြီး ခုန်သွားတာပါ၊ ခုန်တာ မြန်လွန်းတော့ ကိုယ်ပျောက်သွားသလိုကို ထင်ရတာပေါ့၊ အဝေးကြီးကို ရောက်အောင် ခုန်နိုင်တာကွ၊ အမြင့်ကြီးတွေကိုလည်း ခုန်တက်နိုင်တယ်။ မျက်စိအောက်ကနေ ဖျတ်ခနဲ ဖျတ်ခနဲ ပျောက်သွားတာဆိုတော့ ကိုယ်ပျောက်သွားတာလို့ပဲ ထင်ရတာပေါ့လေ"

"ဩော် ဒီလိုပညာမျိုးတွေ တကယ်ရှိနေတာကိုး"

"ရှိပါပြီလား မောင်တာတေရယ်၊ အခုပြောတာတ အဲဒီပုရပိုက်ထဲမှာပါတဲ့ ပညာတစ်ခုပဲ ရှိသေးတာ၊ သူ့ထက်စွမ်းတဲ့ ပညာတွေလည်း ပါတယ်ကွ၊ ဥပမာ ကြေးကနေ ရွှေဖြစ်အောင်လုပ်တဲ့ ပညာမျိုးပေါ့ကွာ"

"ဗျာ. . ကြေးကနေ ရွှေဖြစ်တယ်၊ ဟုတ်လား ဆရာ"

"ဟုတ်ပါပြီလား မောင်တာတေရယ်၊ တကယ်ကို ဖြစ်တာကွ၊ အဲဒါကြောင့်လည်း ဒီပုရပိုက်ကို သိုက်ကြီးနဲ့ ဝှက်ထားပြီး အစောင့်တွေနဲ့ စောင့်ကျပ်နေတာပေါ့ကွဲ့"

"ဒီဆရာမနိုင်သိုက်ကို တူးဖူးတဲ့လူတွေ ရှိသလား ဆရာ"

"ဟာ ရှိတယ်ကွ၊ ရှိတယ်၊ ဒါပေမဲ့ အောင်တဲ့လူတော့ တစ်ယောက်မှ မရှိဘူး၊ ရေကူးပြီး ပြန်ရတဲ့လူတွေ များတယ်"

"ဟင် ဟုတ်လား ဆရာ"

"အေး ဟုတ်တယ်ကွဲ့၊ ကွင်းပြင်ကြီးကို ချေပြင်ကြီးမှတ်ပြီး ဝမ်းလျားထိုးကူးကြတာဆိုပဲ။ မနက်လင်းလို့ နေထွက်လာတော့မှ ဒူးတွေ လက်တွေ စုတ်ပြတ်နေလို့ ဆိုပဲကွ"

"စိတ်မရှိပါနဲ့ ဆရာ၊ ကျုပ်တစ်ခု မေးပါရစေ"

"မေးပါ မောင်တာတေ၊ မေးပါ၊ မောင်တာတေက ကျုပ်ကို အခုမှ မြင်ဖူးတာပဲ၊ ကျုပ်ကိုယုံပြီး အသက်စွန့်လိုက်ရမယ့်လူလေ၊ သိချင်တာကို အားမနာဘဲ မေးနိုင်ပါတယ် မောင်တာတေ"

"ဆရာကတော့ ဒီသိုက်ကို နိုင်မယ်လို့ထင်လား ဆရာ"

"ဟား ဟား ဟား ဟား သိပ်မေးထိုက်တဲ့ မေးခွန်းပါ မောင်တာတေ၊ မောင်ရင့်ကို ကျုပ်က ကြားဖူးထားတာထက်တောင် ပိုပြီးသဘောကျသွားပြီကွဲ့"

"စိတ်မရှိပါနဲ့ ဆရာ"

ကျုပ်က မေးသာ မေးရတာဗျ၊ စိတ်ထဲတော့ အားနာမိသွားပဲ၊

"ဟာ မရှိပါဘူးကွာ၊ မရှိပါဘူး၊ ဒီကိစ္စအတွက် စိတ်ချပါ မောင်တာတေ၊ ကျုပ် သိုက်စောင့်တွေ၊ နာနာဘာဝတွေ၊ မကောင်းဆိုးဝါးတွေကို နိုင်ပါတယ်၊ ဟဲ ကျုပ် မောင်တာတေကို လက်တွေ့ပြပါ့မယ်"

ဆရာသာလာယက ပြောပြောဆိုဆိုပဲ တင်ပလ္လင်ခွေလိုက်တယ်ဗျ၊ တကာယ်ကို ဟန်ပါပါနဲ့ ထိုင်လိုက်တာဗျ၊ ပြီးတော့ သူ့လည်ပင်းမှာ ပတ်ထားတဲ့ ပုဝါစဖြူဖြူကလေးကို ဖြုတ်ယူပြီး ကြမ်းပြင်မှာ ဖြန့်ချလိုက်တယ်၊ ပြီးတော့မှ အထုပ်ကလေးလို ထုတ်လိုက်ပြီး အထုပ်လေးကို လက်နှစ်ဖက်နှင့် ဆုပ်ကိုင်လိုက်တယ်၊ ပြီးတော့ ပုဝါထုပ်ကလေးကို ဆုပ်ကိုင်ထားတဲ့ လက်နှစ်ဖက်ကို သူ့နဖူးပေါ်မှာ တင်ပြီးတော့ ပြောရောဗျို့၊

"သံသေတ္တာချောင်းသိုက်ကိုစောင့်ရတဲ့ ညီအစ်မနှစ်ဖော်ဖြစ်တဲ့ ရွှေပွင့်နဲ့ ငွေပွင့်ခင်ဗျာ၊ ဆရာသာလာယ အခမ်းပြန်လိုက်တယ်၊ သိုက်ထဲက အဖိုးတန်ရတနာ လက်တစ်ဆုပ်စာကို ခဏငှားရမ်းပါ၊ ခဏအတွင်း ဆရာ ပြန်ပေးပါ့မယ်"

ဆရာသာလာယက အဲဒီလိုပြောပြီး တိုးတိုး တိုးတိုးနဲ့ ဆက်ပြောနေသေးတယ်ဗျ။

"ကဲ ရတနာတွေ ရောက်ပြီဟေ့၊ မောင်တာတေရေ ဟောဒီမှာ ကြည့်ပေတော့ကွဲ့"

ပြောပြောဆိုဆိုနဲ့ ပုဝါဖြူကလေးကို ကြမ်းပြင်မှာ ဖြန့်ပြတယ်။

"ဟာ လှလိုက်တဲ့ ရတနာတွေဗျာ"

ဘေးမှာထိုင်နေတဲ့ ကိုစစ်နိုင်ကြီးက ဝင်ပြောတာဗျ။

"ကိုစစ်နိုင် ဒီရတနာတွေက တစ်လုံး တစ်လုံးကို သိန်းချီတန်တာကွဲ့၊ စိတ်နဲ့တောင် မပြစ်မှားနဲ့ဟေ့၊ နောင်ဘုရားပွင့်ရင် ကျောင်းတော်ကြီးတွေဆောက်ဖို့ လှူထားကြတာကွဲ့"

"ဆရာ အခုလို ယူလိုက်တော့လည်း ရတာပါပဲလား"

ကျုပ်က ဆရာသာလာယကို ပြောလိုက်တော့ ဆရာက သူ့ရဲ့ နှုတ်ခမ်းမွှေးစစကလေးကို တွန့်သွားအောင် ပြုံးလိုက်ပြီး ပြောသဗျ။

"ဘယ်ကလာ ယူလို့ရမှာလဲ မောင်တာတေရယ်၊ အစောင့်တွေပါလာတာကွဲ့၊ မဟုတ်တာလုပ်လို့ကတော့ အသက်ဘယ်လိုထွက်သွားမှန်းတောင် သိမှာမဟုတ်ဘူးကွဲ့"

"တင် အစောင့်တွေ ပါလာတယ် ဟုတ်လား ဆရာ"

"ဘာလဲ၊ မောင်တာတေက မယုံလို့လား၊ ကဲ နင်တို့ မောင်လေး ဇက်ကြောလေး နည်းနည်းနှိပ်ပေးလိုက်ကြပါကွယ်၊ ရွှေပွင့်ရယ်"

ဟာ့ တကယ်နှိပ်တာဗျို့၊ ဆရာသာလာဃစကားလည်း ဆုံးရော ကျုပ်ဇက်ကြောကို နောက်ကနေ နှိပ်တော့တာပဲဗျ၊ ဒါပေမဲ့ ခပ်ဖွဖွကလေးပါ၊ ကျုပ်သိတာပေါ့ဗျ၊ အထိအတွေ့က တော်တော်ကို နူးညံ့တာဗျို့၊ မိန်းမလက်ဗျ၊ ကျုပ်ဇက်ကြောကို ခပ်ဖွဖွနှိပ်ပေးနေတာ၊ ကျုပ်မျက်စိကတော့ ပုဝါထဲက ရတနာတွေကို ကြည့်နေတာပေါ့ဗျာ၊

နီရဲနေတဲ့ ပတ္တမြားလုံးလေးတွေ၊ ပြာလဲ့နေတဲ့ နီလာကျောက်တွေ၊ စိမ်းတောက်နေတဲ့ မြတွေ၊ ဖွေးဆွတ်နေတဲ့ စိန်တွေကို ကြည့်ရင်းနဲ့ ကျုပ်စိတ်ထဲမှာ ပတ္တမြားတစ်လုံးလောက် ရရင်တော့ လက်စွပ်ကလေး ကွင်းဝတ်ချင်လိုက်တာလို့ တွေးလိုက်မိတာဗျို့၊

"အား အောင်မယ်လေး သေပါပြီဗျ"

ကျုပ် ယောင်ပြီးအော်ထည့်လိုက်တာဗျို့၊ ကျုပ်ဇက်ကြောကို ဖွဖွကလေး နှိပ်နှိပ်ပေးနေတဲ့ လက်နုနုကလေးက သံချောင်းလို ချက်ချင်းမာသွားပြီး ကျုပ်ဇက်ကြောကို ညှစ်လိုက်တာဗျာ၊ အကြောတွေ ပြတ်သွားသလား မှတ်ရတယ်၊ ဘာပြောကောင်းမလဲ၊ ကျုပ်လည်း ကုန်းအော်ပစ်လိုက်ရောဗျို့၊

"ဟား ဟား ဟား မောင်တာတေရဲ့စိတ်က ဖောက်ပြန်သွားတာကိုကွဲ့၊ ကျုပ် ပြောသားပဲ၊ စိတ်နဲ့တောင် မပြစ်မှားပါနဲ့ဆို

တာ၊ ကဲ ကဲ မောင်တာတေလည်း ယုံသွားပါပြီလေ၊ မရွှေပွင့်တို့ ညီအစ်မ ရတနာတွေယူပြီး ပြန်နိုင်ကြပါပြီ၊ ကျေးဇူးတင်ပါတယ်ဗျာ"

ပုဝါထဲက ရတနာတွေကို ဆရာသာလာယက အထုပ်ကလေး ပြန်ထုတ်လိုက်ပြီး ပုဝါကို ခါပြလိုက်တယ်။ တောဗျာ၊ စောစောက ရတနာတွေ မရှိတော့ဘူးဗျို့၊ ကျုပ်ဖြင့် ဆရာသာလာယကို တော်တော်ကို အထင်ကြီးသွားတာဗျို့၊ လွတ်စွမ်းတဲ့လူပဲဗျာ၊ ကျုပ်လည်း ဇက်ကြောတွေ ခုထိနာနေတုံးဗျ။

❑ ❑ ❑

ည ၉ နာရီကျော်တော့ ဆရာသာလာယရယ်၊ ကျုပ်ရယ်၊ ကိုဇလရယ် ရွာပြင်ကို ထွက်လာခဲ့တယ်ဗျ။ ကျုပ်တွေးသလို သိုက်တူးဖို့ ပေါက်တူးတွေ၊ ဂေါ်ပြားတွေ၊ တူရွင်းတွေ မပါဘူးဗျ။ ဆရာသာလာယက ဆေးလွယ်အိတ်ကလေးတစ်လုံးပဲ လွယ်ထားတာ။ လကလည်း ထိန်နေအောင် သာတာဗျ။ ဆရာသာလာယက ရှေ့ကနေ သုတ်သုတ်သွား၊ ကျုပ်တို့ကလည်း နောက်ကနေ သုတ်သျှာလိုက်ရတာပေါ့ဗျာ။

ဆရာမနိုင်ရွာရဲ့ အနောက်ဘက်မှာ တောင်တမူလေးတွေရှိတယ်ဗျ။ အဲဒီနေရာရောက်တော့ ဆရာသာလာယက တံ့ကနဲ ရပ်လိုက်တယ်။ ကျုပ်တို့လည်း ရပ်လိုက်ရတာပေါ့ဗျာ။

ဆရာသာလာယက ကိုဇလကိုမတ်ပြီး စည်းဝိုင်းတစ်ခု ဝိုင်းတယ်။ ပြီးတော့ ဂါထာလေးတွေ ရွတ်တယ်ဗျ။

"တဲ မောင်ဗလက ဒီစည်းဝိုင်းထဲမှာ နေခဲ့၊ ဒီစည်းဝိုင်း အပြင်ကို ဘာကြောင်းရှိရှိ မထွက်နဲ့၊ ဒီစည်းဝိုင်းထဲကို ဘယ်လို အဆွဲခံရ ဝင်နိုင်ဘူး၊ ကြားလား မောင်ဗလ။ ဘယ်သူတွေ လာပြီး ဘယ်လောက်ချော့ချော့ လှန့်လှန့် မကြောက်နဲ့၊ ဂုဏ်တော်ကိုပဲ မှတ်နေ၊ ကြားလား"

"ဟုတ်ကဲ့ ဆရာ၊ စိတ်ချပါ"

"တဲ မောင်တာတေက ကျုပ်နဲ့ လိုက်ခဲ့ပေတော့၊ ဒီကမှုတွေ အဆုံးမှာ သိုက်ကြီး ရှိတယ်ကွဲ့"

ပြောပြောဆိုဆိုနဲ့ ဆရာသာလာယက ရှေ့ကသွားတော့ ကျုပ်က ပုဆိုးတိုတိုဝတ်ပြီး နောက်က လိုက်ရတာပေါ့ဗျာ။

"ကဲ မောင်တာတေ၊ စိတ်ခိုင်ခိုင်ထားပေတော့၊ ကျုပ် သိုက် ဖွင့်တော့မယ်"

ဆရာသာလာယက သူ့ဆေးလွယ်အိတ်ထဲက အင်းချပ် တစ်ချပ်ကို နှိုက်ယူလိုက်တယ်။ ပြီးတော့ ပါးစပ်က ဂါထာတွေကို တရစပ် ရွတ်တော့တာပဲဗျို့။

"စုဋ္ဌဝဏ္ဏာရီ ငါဆရာ သာလာယရဲ့ အမိန့်ပြန်တမ်းကြောင့် ဆရာမနိုင်၊ ငါသာနိုင်တယ်၊ ဂမ္ဘီရသိုက် အခုချက်ချင်း မြေပထဝီ အထက်မှာ အထင်အရှား ပေါ်လာစေ"

"ဝုန်း"

ဟာ ပေါ်ပြီဗျို့၊ ပေါ်ပြီ။ ဆရာသာလာယကက အမိန့်ပေး ပြီး အင်းနဲ့ပစ်လိုက်တာ 'ဝုန်း' ဆိုတဲ့ အသံကြီးနဲ့ မီးခိုးတွေ အလုံး လိုက် ထလာလိုက်တာ၊ အိမ်ကြီးတစ်လုံးစာတောင် မကဘူးဗျ။

မီးခိုးတွေလည်း တဖြည်းဖြည်းစဲသွားရော ဟာ တိုက်ဖြူဖြူကြီး တစ်လုံးဗျို့။ အထင်ကရကြီးကို ပေါ်လာတာဗျ။ တံခါးအနီကြီးက တော့ ပိတ်ထားတာဗျို့။ ဆရာသာလာယက လွယ်အိတ်ထဲက အင်း တစ်ချပ် ထပ်ထုတ်ပြီး ဂါထာတွေ ရွတ်ပြန်ရောဗျို့။ ဂါထာတွေ လည်းဆုံးရော-

"ငါဆရာ သာလာယ အမိန့်၊ ချင်းဆိုချင်း၊ နှင်းဆိုနှင်း၊ ရောက်ဆိုရောက်၊ ပျောက်ဆိုပျောက်"

"ဝုန်း၊ ဝုန်း"

ဟာ ပစ်ပြီဗျို့၊ ပစ်ပြီ။ အင်းနဲ့ စပစ်ထည့်လိုက်တာ၊ တံခါး နီကြီးနှစ်ချပ် 'ဝုန်း၊ ဝုန်း' ဆိုမြည်ပြီး ပွင့်သွားရောဗျို့။ ဟင် အဆောက် အဦက အထဲမှာ အကျယ်ကြီးဗျ။ မီးတိုင်တွေ ထွန်းထားတာ လင်း ထိန်နေတာဗျို့။

"ကဲ လာ မောင်တာတေ၊ ဝင်ကြစို့ရဲ့၊ မကြောက်နဲ့နော်"

"ဟာ မကြောက်ပါဘူး ဆရာ"

မကြောက်ဘူးလို့သာ ပြောလိုက်ပေမယ့် ကျုပ်ကျောထဲက တော့ စိမ့်ကနဲ စိမ့်ကနဲနေတာဗျို့။ ကျုပ်လည်း ပုဆိုးကို ကပျာ ကယာ ခါးတောင်းကျိုက်လိုက်ပြီး ဆရာသာလာယနောက်ကနေ ကပ်လိုက်ခဲ့တာပေါ့ဗျာ။

ဟာ အကောင်ကြီးတွေ နည်းတာမှ မဟုတ်တာ။ ခေါင်း အကြီးကြီးတွေ၊ လျှာတစ်လစ်ကြီးတွေ၊ မျက်လုံးကြီးတွေများ ဟင်း သောက်ပန်းကန်လောက်ကို ရှိတာဗျို့။ နီနီရဲရဲကြီးတွေဗျ။ အားလုံး အကောင်ငါးဆယ်လောက် ရှိတယ်။ လက်ထဲမှာလည်း တင်းပုတ်

ကြီးတွေ တိုင်လို့ဗျ။ တချို့က တင်းပုတ်ကြီးတွေကို ပခုံးမှာထမ်းပြီး ရပ်နေတယ်။ တင်းပုတ်တွေကို ကျုပ် သေသေချာချာကြည့်တော့ ကျောက်တင်းပုတ်တွေဗျ။ ဘုရား ဘုရား ဒီတင်းပုတ်ကြီးတွေနဲ့သာ ဒိုင်းထုလိုက်လို့ကတော့ အစအနတောင်ကျန်မှာ မဟုတ်ဘူးဗျို့။ ကျုပ်မြင့် ခါးတောင်းကျိုက်ကြီးနဲ့ ကြက်သီးတွေ တဖြန်းဖြန်းထနေ တာဗျာ။

ဟာ ဒီအကောင်ကြီးတွေရဲ့ နောက်ဘက်ခပ်လှမ်းလှမ်းက အုတ်ပလ္လင်ကြီးပေါ်မှာ ခြေထောက်ကြီးတွေ တွဲလောင်းချပြီး ထိုင် နေတဲ့ အကောင်ကြီးက ဘီလူးလား၊ သဘက်လားတော့ မသိဘူးဗျ။ ရှေ့က ရပ်နေတဲ့ အကောင်တွေရဲ့အရွယ် နှစ်ဆလောက်ရှိတဲ့ အကောင်ကြီးဗျ။ လက်ထဲမှာလည်း ကျောက်တင်းပုတ်ကြီး ကိုင်လို့ ဗျ။ မျက်လုံးနီနီကြီးတွေနဲ့ ကျုပ်တို့ကို စိုက်ကြည့်နေတာဗျို့။ သူ့ဘေး က နံရံမှာ စိုက်ထားတဲ့ မီးတိုင်ကြီးက အလင်းရောင်အောက်မှာ ပါးစပ်ကြီး ဟထားလိုက်တာ အစွယ်ကြီးတွေမှ ဖွေးနေတာပဲဗျာ။ ဟာ ဆရာသာလာယ ပြောတဲ့ ကဝေပုရပိုက်ဆိုတာ ဒါပဲထင်တယ်။ ပလ္လင်ပေါ်က သဘက်ကြီးပါးစပ်ထဲမှာ ကိုက်ထားတာပဲ။ အလို ဘုရားရေ ဒီပုရပိုက်ကို ကျုပ် ဘယ်လိုယူရမှာတုံးဗျာ။

"မောင်တာတေ သတိထားနော်၊ သိုက်ဖမ်းအင်းတော်ကြီး ကို ကျုပ် ပစ်တော့မယ်၊ ကျုပ် အချက်ပေးလိုက်တာနဲ့ တန်းပြေးပြီး သဘက်ကြီးပေါင်ပေါ်ကို ခုန်တက်လိုက်၊ ပြီးရင် ပုရပိုက်ကို ယူပြီး ခုန်ချခဲ့ပေတော့၊ ကဲ ပစ်ပြီဟေ့"

စကားဆုံးတာနဲ့ ဆရာသာလာယက တင်းပုတ်ကိုင် သရဲ

ကြီးတွေအက်ကို အင်းတစ်ချပ် ပစ်သွင်းလိုက်ရောဗျို့။

"ရှိ ဝုန်း"

အင်းချပ်က လေထဲမှာ ဗိုကနဲ ပျံထွက်သွားပြီး ဝုန်းကနဲ မြည်သွားတယ်ဗျို့။

ဟာ ဝင်းကနဲ ဝင်းကနဲ ဖြစ်သွားတာဗျို့။ အလို တင်းပုတ်ကိုင်သရဲကြီးတွေ နောက်ကို ဆုတ်သွားပြီဗျို့။ ဟာ ကြိုးနဲ့တုပ်ထားသလိုဖြစ်ပြီး ရုန်းနေကြတာဗျ။

"အီး၊ အီး၊ အား၊ အီး"

ဟာ ပါးစပ်ကြီးတွေလည်းဖြဲပြီး အော်နေကြတာဗျို့။ ဒို ပလ္လင်ပေါ်က သဘက်ကြီးလည်း အဲဒီအတိုင်း ဖြစ်နေတာဗျ။ ကြိုးတုပ်ထားလို့ ရုန်းသလို ရုန်းနေတာ။ ဆရာသာလာယက လက်နှစ်ဖက် ရှေ့ဆန့်ပြီး တစ်ခုခုကို ထိန်းချုပ်နေတဲ့ပုံမျိုးဗျ။

"တာရော သွားတော့"

ကျုပ် လှစ်ကနဲ ပြေးဝင်တယ်။ ဘာမှတွေးမနေတော့ဘူးဗျာ။ ပလ္လင်ပေါ်မှာ ထိုင်နေတဲ့ သဘက်ကြီးရဲ့ ပေါင်ပေါ်ကို လွှားကနဲ ကျုပ် ခုန်တက်လိုက်တယ်။

ဟာ ကျုပ်အရယ်နဲ့ အတော်ပဲဗျို့။ ပါးစပ်ကြီး ဟနေတဲ့ သဘက်ကြီးကတော့ ရုန်းနေတာဗျို့။ ကြိုးနဲ့တုပ်ထားလို့ ရုန်းနေတဲ့ ပုံစံဗျ။ ကျုပ်လည်း ဘာမှတွေးမနေတော့ဘဲ ဟနေတဲ့ သူ့ပါးစပ်ထဲက ကြေးပုရပိုက်အထပ်ကြီးကို ဆတ်ကနဲ ဆွဲယူပြီး အောက်ကို ခုန်ချလိုက်တယ်။ ပြီးတော့ ဆရာသာလာယဆီကို တန်းပြေးတာပေါ့ဗျာ။ ဒီမှာတင် လုံးဝထင်မထားတာ ဖြစ်တော့တာဗျို့။

ဆရာသာလာယရဲ့နောက်မှာ အစိမ်းရောင်ဝတ်စုံ ဝတ်ထားတဲ့ မိန်းမတစ်ယောက်က ဆရာသာလာယကို ဖက်ထားတယ်ဗျ။ တော်တော်ကိုလှတဲ့ မိန်းမဗျ၊ အသားကို ဝင်းနေတာ။ ဆရာသာလာယက ရှေ့ကိုဆန့်ပြီး သရဲ သဘက်တွေကို ထိန်းချုပ်ထားတဲ့ လက်ကြီးနှစ်ဖက်က တဆတ်ဆတ်တုန်နေရောဗျို့။

ကျုပ်ဖြင့် ပါးစပ်ဟောင်းလောင်း ဖြစ်သွားတာပေါ့ဗျာ။ လက်ထဲက ကြေးပုရပိုက်ကြီးကို ဘာလုပ်ရမှန်း မသိတော့ဘူးပေါ့ဗျာ၊ ဆရာသာလာယရဲ့ မျက်လုံးတွေက တဖြည်းဖြည်းမှိတ်သွားပြီး အရမ်းလှတဲ့မိန်းမရဲ့ အထိအတွေ့မှာ သာယာသွားတဲ့ပုံပါပဲဗျာ။ ရှေ့ကိုဆန့်ထားတဲ့ လက်နှစ်ဖက်လည်း ပျော့ပြီးအောက်ကို ကျလာတယ်။ သူ့ကို ဖက်ထားတဲ့ မိန်းမက ဆရာသာလာယကို သူ့လက်ဝါး ဖြူဖြူတွေနဲ့ ပွတ်သပ်နေတာဗျ။

ဟာ လွတ်ကုန်ပြီဗျို့။ သရဲတွေရော၊ ပလ္လင်ပေါ်က သဘက်ကြီးရော၊ အားလုံး လွတ်သွားပြီ၊ တင်းပုတ်ကြီးတွေကိုင်ပြီး ကျုပ်ဆီကို တန်းလာနေကြပြီဗျို့။ ကျုပ်လည်း ဘာလုပ်ရမှန်း မသိတော့ဘဲ ဒူးတွေ တဆတ်ဆတ်တုန်နေရောဗျို့။

"ဆရာသာလာယ၊ သတိထား"

ကျုပ် အသံကုန်အော်လိုက်တယ်၊ ဒါပေမဲ့ ကျုပ်အသံက နည်းနည်းမှကို ထွက်မလာတာဗျ၊ ကျုပ် ထပ်အော်တယ်၊

"ဆရာသာလာယ သတိထား"

မထွက်ဘူးဗျ၊ ကျုပ် ဘယ်လောက်ပဲအော်အော် အသံက အပြင်ကို ထွက်ကို မလာတာဗျ၊ အကောင်ကြီးတွေ ကျုပ်နဲ့ တော်

တော်နီးလာပြီဗျ။

ကျုပ် ဘာမှမတတ်နိုင်တော့ဘူးလေဗျာ။

"ဘုန်း"

လက်ထဲက ကြေးပုရပိုက်ကြီးကို ကြမ်းပြင်ပေါ် ပစ်ချလိုက်တယ်။ ပြေးပြီ။ နောက်ကို ချာကနဲလှည့်ပြီး ကျုပ် တစ်ခိုးတည်း ပြေးပြီ။

"အီး၊ အီး၊ အီး၊ အီး"

ဟာ တင်းပုတ်ကြီးတွေမြှောက်ပြီး အကောင်ငါးဆယ်လောက် ကျုပ်နောက်ကို လိုက်လာပြီဗျို့။

"အီး၊ ဝူး၊ ဝူး၊ အီး"

ဟာ ဒါ ပလ္လင်ပေါ်က သဘက်ကြီးရဲ့ အသံပဲဗျ။ ကျုပ် ပြေးရင်းနဲ့ နောက်ကို တစ်ချက်လှည့်ကြည့်လိုက်တယ်။

ဟာ ထုချလိုက်ပြီဗျို့။ သဘက်ကြီးက သူ့တင်းပုတ်ကြီးကို လေထဲမှာ မြှောက်ပြီး ဆရာသာလာယရဲ့ ခေါင်းတည့်တည့်ကို ထုချလိုက်တာဗျာ။

ကျုပ်လည်း လေထဲမှာ လွင့်နေအောင်ကို ပြေးရတော့တာပေါ့ဗျာ။ အဆောက်အဦက အရှည်ကြီးဗျ။ ကျုပ် တံခါးဝကို ရောက်တော့ တံခါးနီကြီးနှစ်ချပ်က ပိတ်တော့မလို ရွေ့လာနေပြီဗျ။ ကျုပ်လည်း တံခါးပေါက်ကို လွှားကနဲ ခုန်ကျော်လိုက်ရတာပေါ့ဗျာ။

"ကိုဗလ ပြေး ပြေး"

ကျုပ်အော်သံကို ကြားတော့ ကျုပ်တို့ကို စောင့်နေတဲ့ ညည်းဝိုင်းထဲက ကိုဗလလည်း ချာကနဲလှည့်ပြီး တစ်ချိုးတည်း

ပြေးရောဗျို့။

"ဝုန်း၊ ဝုန်း၊ ဝုန်း"

ကျုပ်တို့နောက်က တဝုန်းဝုန်းအသံတွေ ကြားနေပေမယ့် ကျုပ်တို့ နောက်ကိုလှည့်မကြည့်တော့ဘဲ ရွာအရောက် ပြေးကြရတာ ပေါ့ဗျာ။

ရွာထဲကိုရောက်တော့ ကိုဗလတို့အိမ်ကို တန်းလာပြီး အမေ့ဆီမှာတက်ကို ဖြစ်တော့တာပေါ့ဗျာ။ အဲဒီညက အမောပြေ သွားတော့ ဖြစ်သမျှကို ကျုပ်က ကိုဗလကို ပြန်ပြောပြတယ်။ တစ်ည လုံး အိပ်လို့မပျော်ပါဘူးဗျာ။

နောက်တစ်နေ့မနက်စောစောမှာ ကိုဗလနဲ့ ကျုပ်နဲ့ ညက ဝမ္မိရသိုက်ကြီး တူးတဲ့နေရာကို တစ်ခေါက်သွားကြည့်ကြတယ်။ ဒါပေမဲ့ တောင်ကမူကလေးတွေကလွဲရင် ကွင်းပြင်ကြီးအတိုင်းပါပဲ ဗျာ။ ထူးခြားတာဆိုလို့ ဘာတစ်ခုမှ မတွေ့ရပါဘူး။

ဆရာသာလာဃ ဆိုတဲ့ စုန်းဂန္ဓာရီကြီးကတော့ အဲဒီညက စပြီး လူ့လောကထဲကနေ အပြီးပျောက်သွားတော့တာပေါ့လေ။ ဪ . . ဆရာမနိုင်လို့ ခေါ်ထိုက်ပါပေရဲ့။ အဲဒီနေ့မှာပဲ ကိုဗလက ကျုပ်ကို သူ့လှည်းနဲ့ ရွာအထိ ပြန်ပို့ပေးခဲ့ပါတယ်ဗျာ။

□ □ □

တာတေ


မုန်တိုင်းသရဲ
နုနီးကြော့ရှင်

(၁)

ကျုပ်ဘဝက အစတော့ကို ဆိုးပါတယ်။

မြန်မြောပြရင်လည်း လွမ်းစရာ၊ ဆွေးစရာ၊ ကြေကွဲစရာတွေ အပြည့်ပါပဲ။ ကျုပ် နာမည်က မုန့်တိုင်း။ သရဲတောရွာသားပဲ။ ဆိုင်းပညာကို ဝါသနာပါတယ်။ ဒါကြောင့်မို့လို့လည်း ငယ်ငယ် ကတည်းက ရွာကထွက်ပြီး နာမည်ကြီး ဆိုင်းဆရာတွေနောက် တကောက်ကောက်လိုက်ပြီး တပည့်ခံတာပဲ။ စိန်ဗေဒါ၊ ဦးဘခိုင်၊ ဦးဘမောင်၊ ဆရာဆိတ် စတဲ့ ဆိုင်းပညာ အကျော်အမော် ဆရာကြီး တွေထံမှာ ပညာတွေသင်ခဲ့တယ်။

နောက်တစ်ခုက ကျုပ်မှာ ကြီးမားတဲ့ မျှော်လင့်ချက်ရှိတယ်။

လူငယ်ဆိုတော့လည်း အချစ်ဇာတ်လမ်းတွေ၊ ရင်ခုန်စရာတွေ ရှိတာပေါ့ဗျာ။ သရဲတောရွာမှာက ပန္နည်းဥစ္စာ ငွေကြေးခန ချမ်းသာပြီး ကွမ်းတောင်ကိုင် မြသဲကြည်ဆိုတဲ့ မိန်းမချောလေး တစ်ယောက်ရှိတယ်။ တစ်ခါမြင်ဖူးရင် တစ်သက်စွဲလမ်းသွားစေ လောက်တဲ့မိန်းကလေး။

တောသူဆိုပေမယ့် အသားဖြူတယ်၊ မျက်နှာက ဝိုင်းဝိုင်းလေး၊ မျက်လုံးတောက်တောက်လေးနဲ့ ခါးသေးရင်ချီ၊ ဟန်ပန်အမူအရာ၊ ခန္ဓာကိုယ် အလှအပတွေကလည်း ဖွံ့ထွားစိုပြည်တဲ့ မြသဲကြည်ပေါ့။ ငယ်ငယ်ကတည်းက အတူတူ ကြီးပြင်းလာကြတော့ သံယောဇဉ် ဖြစ်မိတယ်။ မြသဲကြည်အပေါ် ကျုပ် အရမ်းစွဲလမ်းပြီး ချမ်မိတယ်၊ မြတ်မြတ်နိုးနိုး ပန်းလေးတစ်ပွင့်ကို တယုတယချစ်ခင်တပ်မက် စိတ်နဲ့ ချစ်မိတာ။

ကျုပ်လိုပဲ ချစ်နေတာက သိန်းလွင်။ ကျုပ် သူငယ်ချင်းပါပဲ။ တစ်ရွာတည်းသားတွေ။ သိန်းလွင်နဲ့ ကျုပ်တို့နှစ်ယောက်အတူတူ မြသဲကြည် မေတ္တာပန်းကို ဆွတ်လှမ်းနိုင်ဖို့ ပိုးကြပန်းကြတာ ပေါ့။ ဒီကောင်က ရွာမှာ လယ်ပိုင်ရှင်သား။ မြသဲကြည်တို့ မိဘတွေနဲ့က လည်း ရင်းနှီးကြတယ်။ ကျုပ်ထက်ပို ပြီးတော့ အခွင့်အရေး ရနေတဲ့ကောင်ပဲ။

မြသဲကြည်အစ်ကိုဖြစ်တဲ့ မောင်မိုးက နည်းနည်းပါးပါး အသောက်အစားလေးရှိတယ်။ မူးလာရင် သွေးဆိုးချင်တယ်။ အစ်ကိုဖြစ်တဲ့ မောင်မိုးအရှိန်ကြောင့် မြသဲကြည်ကို တခြားရွာက ကာလသားတွေ စိတ်ဝင်စားနေကြပေမယ့် အနားမကပ်ရဲကြဘူး။ မောင်မိုးကိုကြောက်ပြီး နည်းနည်းတော့ရှိန်ကြတယ်။ မြသဲကြည် ကလည်း တစ်ရွာတည်းသားဖြစ်တဲ့ သိန်းလွင်နဲ့ ကျုပ်အပေါ်မှာ မျက်နှာသာပေးပါတယ်။ သိန်းလွင်က မြသဲကြည်အစ်ကို မောင်မိုးနဲ့ ပေါင်းသင်းထားတယ်။

ကျုပ်က ဆင်းရဲတယ်။ အမေမုဆိုးမကြီးနဲ့ ရွာမှာ ဖြစ်သလို ရွာဖွေလုပ်ကိုင် စားသောက်ရတာ။ ဒါကြောင့်မို့လို့လည်း ကျုပ် ဝါသနာပါတဲ့ ဆိုင်းပညာကို ပတ်မတီးဝိုင်းခေါင်းဆောင်ဖြစ်အောင် အနှစ်နှစ်အလလ ကြိုးစားခဲ့ရတာပေါ့။ ကျုပ်ရည်ရွယ်ချက် အောင် မြင်ခဲ့ပါတယ်။

ခုဆိုရင် သူဌေးတစ်ယောက်က ကျုပ်လက်စွမ်းလက်နကို သဘော ကျပြီး မင်္ဂလာဆိုင်းဝိုင်းကြီး ထောင်ပေးတယ်။ စိန်မုန်တိုင်း မင်္ဂလာ ဆိုင်းအဖွဲ့ကြီးဟာ အလှူမင်္ဂလာဆောင် ပွဲထိုင်တွေမှာ ငွေရမ်းသူ

များပြီး နာမည်ကြီးလာခဲ့တာပါ။ ပွဲချိတွေ စိပ်ပြီး ဆိုင်းထောင် ထားကဲ့ သူဌေးဆိုရင် သဘောတွေကျ၊ စိန်မှန်တိုင်းတို့ လက်က ရွှေသီးဖြိုးပဲ။

သုံးနှစ်လောက် ရပ်တာက၊ ရွာတကာလှည့်ပြီး အလှူတွေ လိုက်တီးရင်းနဲ့ ကျုပ်ရသမျှ ငွေကြေးကို ကျစ်ကျစ်ပါအောင် စုခဲ့ ရတယ်။ ခုဆို ရွှေနှစ်ကျပ်သားနဲ့ ငွေလေးငါးထောင်ပိုက်ပြီး သရဲတောရွာကို ပြန်လာခဲ့တယ်။ ရွာမှာ သံယောဇဉ်ရှိစရာဆိုလို့ မြသဲကြည်တစ်ယောက်ပဲ ရှိတော့တယ်။ အမေကလည်း မနှစ်က ဆုံးသွားခဲ့တယ်။

ရွာပြန်ရောက်ရင် ပါလာတဲ့ ရွှေနဲ့ငွေနဲ့ မြသဲကြည်ကို လူကြီး စုံရာ ကမ်းလှမ်းပြီး တင်တောင်းမယ်ပေါ့။ မိုးမမြင်၊ လေမမြင် စိတ်ကူးယဉ်ခဲ့တာပေါ့။ ဒါပေမယ့် ကျုပ် ကံဆိုးခဲ့ပါတယ်။ ကျုပ်နဲ့ ဆိုင်းတီးပြိုင်ဘက် စိန်လက်ပွားဆိုတဲ့ကောင်က ယုတ်မာတယ်။ ဒီကောင်ရဲ့ညာဘက်လက်မှာက မွေးရာပါ လက်မအပိုအတက် ကလေးတစ်ခုပါတယ်။ ဒါကြောင့် ဒီကောင့်ကို လက်ပွားလို့ခေါ်တာ။

ဆိုင်းပညာချင်းပြိုင်လို့မရတော့ ကျုပ်ကို အငြိုးအတေးနဲ့ ဒုက္ခ ရောက်အောင် အကောက်ကြံတယ်။ ကျုပ်ရွာအပြန် ရွှေငွေ ပါ လာတာကို ဓားပြတွေသိအောင် လက်ထောက်ချလိုက်တယ်။ အဲဒီ တုန်းက ကျေးလက်တောနယ်တွေမှာ ဓားပြတွေ သောင်းကျန်းနေ ကြတာကိုး။ မြို့နဲ့ အလှမ်းဝေးတဲ့ ကျေးလက်တောရွာတွေမှာ အုပ်ချုပ်ရေးက ဖရိုဖရဲပဲ။ အဲဒီညက သရဲတောရွာကို ပြန်ရောက် ဘော့ မှောင်နေပြီ။

ရွာအဝင် အဓိကရ ကုက္ကိုပင်ကြီးအောက်ရောက်တော့ ဓားပြ တွေက အမှောင်ထဲက ထွက်လာပြီး ကျုပ်ကို ဓားတွေနဲ့ ဝိုင်းလိုက်ကြ တယ်။ ပါလာတဲ့ ရွှေတွေ၊ ငွေတွေ ထုတ်ပေးပေါ့။

"ဟေ့ကောင် မုန်တိုင်း၊ မင်းမှာ ပါလာတဲ့ ပစ္စည်းတွေကို အသာ တကြည်ထုတ်ပေးနော်၊ ငါတို့က လက်ပွားဆီက သတင်းအတိအကျ ရထားပြီးပြီ၊ အသားအနာမခံချင်စမ်းပါနဲ့ မုန်တိုင်းရာ၊ အေးအေး ဆေးဆေးထုတ်ပေးပါ"

ကျုပ်ကလည်း အသာတကြည်ထုတ်မပေးဘဲ ပြန်လည်ခုခံ ခဲ့တော့ အများနဲ့တစ်ယောက်မို့ ကျုပ်ပဲ အသတ်ခံခဲ့ရတယ်။

သေသွားတာလည်း တစ်မျိုးကောင်းပါတယ်၊ ကျုပ်မြတ်နိုးစွဲ လမ်းခဲ့ရတဲ့ မြသဲကြည်လေးကိုလည်း ကျုပ် မရနိုင်တော့ပါဘူး၊ ကျုပ် ဘဝပြောင်းသွားတော့ ကျုပ်ဇာတိ သရဲတောရွာမှာပဲ အမြဲ နေရတော့မှာပေါ့၊ သိန်းလွင်နဲ့ အိမ်ထောင်ကျသွားတဲ့ မြသဲကြည် ကို တခြားဘဝကနေပြီး ကျုပ်မြတ် နိုးစွဲလမ်းရတာကိုက ကျုပ်ဘဝ ဘယ်ရောက်ရောက် နေပျော်ပါတယ်ဗျာ။

ဟော. . . ဆိုင်းသံတွေ ကြားနေရပါလား။

ဆိုင်းသံကြားရင် ကျုပ်မနေနိုင်တော့ဘူး၊ တစ်ကိုယ်လုံးလည်း ရွစိရွစိ ဖြစ်လာတယ်၊ ဆိုင်းကြိုက်တဲ့ စိန်မုန်တိုင်းလေး၊ ရင်ထဲမှာ ဘလုပ်လုပ်နဲ့ ခုန်လာပြီ၊ ကျုပ်လက်တွေမှာ အနုပညာ မှော်တွေ စီးဆင်းလာပြီ၊ ပတ်လုံးပေါ်ကို ကျုပ်လက်တွေ ရောက်သွားမှ ဖြစ်မယ်၊

အမယ်. . . ကျုပ်နေတဲ့ ကုက္ကိုပင်ကြီးများမှာက ဇာတ်ရုံကြီး

တစည်း တီးလို့ပါလား။ ရွာကလူတွေ စုပြီး ဇာတ်ပွဲသွင်းကြတယ် ဆင်ခဲ့ရဲ့။ ဇာတ်အဖွဲ့က ဘာတဲ့၊ ညြောဲ ဂိုတ်လျှိုးမှာ စာလုံးအကြီးကြီးတွေနဲ့ ကြော်ငြာထားတာက ပန်းတျာကြည်ဖြူ ဇာတ်သဘင်တဲ့။ မင်းသားကလည်း အချောမသေးပါဘူး။

ရုံထဲကို ကျုပ်ရောက်သွားတယ်။

ဇာတ်စင်ရဲ့ ဝဲဘက်မှာ ပတ်မထမ်း ပဋ္ဌရှုပရုပ်နဲ့ မှန်စီရွှေချ ဆိုင်းဝိုင်းကြီး။ ကျုပ်ရင်တွေ တလှပ်လှပ်ခုန်လာတယ်၊ သွေးတွေ ကြွလာတယ်။ ဘာရမလဲ၊ ဆိုင်းကျင်းထဲရှိရာကို အားပါးတရ ခုန်ဝင်လိုက်တယ်။

ဟော နားထောင်ကြည့်၊ လာပြီ။ ပတ်မတီး စိန်မုန်တိုင်းရဲ့ လက်သံ။

"ရွှေဘုန်းတော်တိုးပါလို့. . . ငွေမိုးတွေရွာ. . . နိုင်ငံတော်ပြည်အရေး. . . သာလှတယ်လေး . . . ရွှေဘုန်းတော် ထိန်ထိန်တောက်ပါလို့. . . ရွှေစက်အောက်မှာတဲ့ လူပျိုတွေ. . . မိုးသံ . . . လေသံနှင့် နတ်ရေကန်သာမော . . . ဝပြောစည်သလေ . . . မင်းပေါင်းခတဲ့နေပြည်တော်. . . မြရေကြည် ကြာဖင်း. . . မွှေးပါဘိခြင်း. . . ပဒုမ္မာရွှေကြာ. . . ဘိုးတော်စံရာ. . . နတ်ပြည်နှင့်တူလေခြင်း. . . ဘိုးတော်စံခင်း. . . ."

□ □ □

(၂)

ဒီညအဖို့ ပွဲဦးထွက်ညဖြစ်၍ အရေးကြီးသည်။

ဆိုင်းဆရာ စိန်လက်ပွားသည် ဇာတ်စင်ဝဲဘက်ထောင့်နားရှိ မီးရောင်များနှင့် ပြောင်လက်တောက်ပနေသော မှန်စီရွှေချဆိုင်းဝိုင်းကြီးထဲသို့ လှမ်းကြည့်မိလိုက်သည်။ အလို ဘယ်တလူပါလိမ့်။ သူ့ဆိုင်းဝိုင်းထဲတွင် အကျအနဝင်ရောက်နေပါလား။ ဆိုင်းဝိုင်းထဲတွင် သူမသိသော လူတစ်ယောက် ရောက်နေသည်ကို သဲသဲကွဲကွဲမြင်ရခြင်းမျိုးမဟုတ်။

မှန်တိမှန်ဝါး။ လူတစ်ယောက်ဖြစ်ဖို့ သေချာသည်။ မြင်လိုက်ရသည်နှင့် စိန်လက်ပွား ထိတ်လန့်တုန်လှုပ်သွားသည်။ အမယ်ဝတ်ပုံစားပုံကလည်း ပုံကျ။ မောင့်ကျတ်သရေခေါင်းပေါင်းအဖြူတိုက်ပုံအဖြူ အင်္ကျီပုဆိုးအဖြူနှင့် အဖြူရောင်လူတစ်ယောက်ဟုတ်. . . ဟုတ်နေသေးတော့။

မြန်မာဝတ်စုံ အဖြူရောင်များကို စမတ်ကျကျ ဝတ်ဆင်ထားသည်။ ထူးတော့ ထူးခြားနေသည်။ အဆိုပါ လူက သူ့ဘက်သို့ လှည့်ကြည့်လိုက်သည်။

အမလေး. . . ကြောက်စရာကြီးပါလား။ သူထိတ်လန့်တကြားအော်လိုက်မိသည်။ မျက်တွင်းတဟောက်ပက်၊ ခေါင်းမှာလည်းခားခုတ်ဇက်ရာကြီးနှင့် နီရဲသော သွေးစက်များက မြင်မကောင်းအောင် စီးကျနေသည်။ ဘယ်လိုလူပါလိမ့်။ ဒါ လူမဟုတ်နိုင်။ ဘန္ဓသရဲတစ်ကောင် ဖြစ်ရမည်။

ကြည့်နေရင်းမှာပင် ကြောက်စရာကောင်းလာသည်။ ဖုံးဩဖို့

လည်း တောင်းသည်။ ထိုသူ၏ ရှပ်ပျက်ဆင်းပျက်ဖြစ်နေသော ခေါင်းပေါ်မှ စီးကျနေသော သွေးများသည် ဆိုင်းဝိုင်းပတ်ပတ်လည်သို့ ကွေ့ဝိုက်စီးဆင်းလျက် ရှိသည်။ ဟော. . . ဆိုင်းဝိုင်းအား တွေ့ပတ်နေသော သွေးစီးကြောင်းကြီးသည် မီးများ တဝုန်းဝုန်း ထတောက်လာသည်။

ဒီလူ လူမဟုတ်။ သရဲလား၊ တစ္ဆေလား၊ နာနာဘာဝလား၊ ဘာလဲ။ ဘယ်လိုလူစားလဲ၊ ဘယ်လိုဆိုင်းဆရာလဲ။ ဆိုင်းဆရာ စိန်လက်ပွားကို ဆိုင်းသရဲ ခြောက်ပြီထင်သည်။ ရွာစားကျော်ပတ်မတီးဆရာ စိန်လက်ပွား အမြတ်နိုးဆုံး မှန်စီရွှေချဆိုင်းဝိုင်းကြီး မီးလောင်တော့မှာပါလား။ မီးခိုးငွေ့များက လွင့်ပျံထွက်လာသည်။ စိန်လက်ပွား အပြေးအလွှား ဆိုင်းဝိုင်းအနီးသို့ တိုးကပ်သွားသည်။

သွေးစီးကြောင်းများမှ ထတောက်သော မီးလျှံများက ပူလောင်ခြင်း မရှိ၊ ရေခဲပြင်ထဲ ဖြတ်သွားရသလို အေးစက်စက်ကြီး ဖြစ်နေသည်။ နှာခေါင်းထဲတွင် ပုပ်အက်အက်အနံ့ဆိုးကြီးရလိုက်သည်။ သံရှည်ဆွဲအူလိုက်သော ခွေးအူသံများကို စူးစူးဝါးဝါးကြားလိုက်ရသည်ဟု ထင်မိသည်။

ကြက်သီးမွေးညင်းများ ထောင်ထလာပြီး ကျောရိုးထဲတွင် ချမ်းစိမ့်စိမ့်ကြီး ဖြစ်လာသည်။ စိန်လက်ပွားခေါင်းကြီးမှာလည်း ပုတ်လောက်ကြီးနီးပါး အကြီးကြီးဖြစ်လျက် ထုံကျင်ကာရွှစိစိ ဖြစ်လာသည်။ ကြောက်စရာကြီးပါလား။ ခေါင်းပေါင်းဖြူ တိုက်ပုံအကျီ ပုဆိုးအဖြူဝတ်ထားသော ဆိုင်းဝိုင်းထဲတွင် ထိုင်နေသည့် သရဲကြီး အရုပ်ကလည်း ချက်ချင်းဆိုသလို ကြည့်နေရင်းမှာပင် ထန်းပင်

လောက်နီးနီး ရှည်ရှည်ထွက်လာသည်။

သရဲကြီးလက်ချောင်းများကလည်း များလှသည်၊ ပတ်မတီး ရွာစားကျော် စိန်လက်ပွားသည့် သူ့ဆိုင်းဝိုင်းထဲတွင် အကြီးအသေး ဆင့်ထက်ကဲ ပတ်လုံးနှစ်ဆယ့်တစ်လုံးထားပြီး သံစုံတီးလေ့ရှိသည်၊ ကြောက်စရာကောင်းသည့် ဖြူဖြူရှည်ရှည် သရဲကြီးလက်ချောင်း များမှာလည်း ၂၁ ချောင်းရှိနေလေသည်၊ ရေဘဝဲတစ်ကောင်၏ လက်များလို တွန့်လိမ်ကွေးကောက်ဆန့်တန်း လှုပ်ရှားလျက်ရှိသည်၊

စိန်လက်ပွားထိုင်နေကျ ဆိုင်းဝိုင်းထဲတွင် ကျကျနနထိုင်လျက် ပတ်လုံးများကို စမ်းနေပုံရသည်၊ ဆိုင်းပညာကိုလည်း ကျွမ်းကျွမ်း ကျင်ကျင် တီးခတ်တတ်ထားသူ ဖြစ်ပုံရသည်၊ ဆိုင်းဝိုင်းအတွင်းရှိ ပတ်လုံးများမှာ သစ်သားကို ထွင်း၍ သားရေနှင့် ကျပ်ထားသော ကြောင့် ရာသီဥတုအပူအအေးအလိုက် အတက်အကျ အပြောင်း အလဲရှိတတ်သည်၊

ဗုံနှစ်ဆယ့်တစ်လုံးအား ကြိုးနှင့်ဆွဲ၍ ချိတ်ထားရာ လက်နှင့် တီးခတ်ရင်း ဗုံးတစ်လုံးနှင့် တစ်လုံး လျင်မြန်စွာ အကူးတွင် လက် အနုတ်အသိမ်းကလည်း အရေးကြီးသည် အနုတ်အသိမ်း မကောင်းလျှင် ကြိုးနှင့်ငြိတတ်သည်၊ အသံစမ်း၍ တီးခတ်နေသော အတက်အကျ ဗုံသံများကို စိန်လက်ပွား ကြားနေရသည်၊ သည်လို လက်သံမျိုးကို စိန်လက်ပွား ကြားဖူးသလိုလို ရှိလာသည်၊

အမြင်လွယ်သလောက် လက်တွေ့ခက်ခဲသော မြန်မာ့ဆိုင်း ပညာ၏ ပတ်စာအတိုးအံလျှော့ သံမှန်ရအောင် ပတ်မတီးကောင်း တစ်ယောက် ဖြစ်လာဖို့ဆိုသည်မှာ လွယ်ကူလှသည်မဟုတ်၊

ပတ်လုံးတီးတတ်ဖို့ မဆိုထားနှင့်၊ ပတ်လုံးကောင်းရဖို့ ထွင်ပုံထွင်နည်း၊ နွားသားရေနှင့် ကျပ်ပုံကျပ်နည်းကအစ နည်းစနစ်မှန်ကန်ဖို့ လိုအပ်ပေသည်။ ပတ်စာထိုးရာတွင်လည်း ညောင်ပြာ၊ ဒါမှမဟုတ် မန်ကျည်းပြာကို မှန်နေအောင် စစ်ယူရသည်။ မမာမပျော့ ထမင်းကို ကျေညက်အောင်နယ်ပြီး ပြာနှင့် ရောစပ်အသုံးပြုကြရသည်။ ပတ်စာကောင်းမှ ပတ်စာကွာခြင်း၊ အသံ ယိုယွင်းခြင်း၊ တိမ်းစောင်းခြင်းမရှိ ဖြစ်နိုင်သည်။

ဝန်တျာကြည်ဖြူ ဇာတ်သဘင်အဖွဲ့ကြီး၏ ကြက်သွေးရောင်ဖြည်ဖုံးကားလိပ်ကြီးအတွင်းမှ ရှပ်လင်ကွင်းခေါ် လင်ကွင်းအလတ်က ခေါ်၍ သံမှန်ငါးပေါက်၊ ခြောက်ပေါက်မောင်းများက ထူးကာတဖြည်းဖြည်းနှင့် ရပ်လိုက်သည်။ ထိုအခါ ဖြူဖြူရှည်ရှည်သရဲကြီးက တစ်ဟုန်ထိုး ပတ်ကြမ်းတိုက် ဗိန်းမောင်းတီးကာ သံပြတ်ရုတ်ချည်း ရပ်လိုက်သည်။

စိန်လက်ပွား အလွန်အံ့ဩသွားသည်။

ဒီသရဲကြီးက ပေါ့သေးသေးတော့မဟုတ်။ ဇာတ်သဘင်ပညာ ဆိုင်းအထာတွေကို သိနေသည်။ လောကသုံးပါတည်သော သဘောနှင့် ခုနစ်သံချိ တျာယိုင်ကိုလည်း ဒီသရဲကြီး တီးခတ်နေပါလား။ လွန်စွာမှ အံ့ဩဖို့ကောင်းသည်။ သူရဲတီးသော ဗုံသံ၊ ဆိုင်းသံကို ပထမဆုံး ကြားလိုက်ရခြင်းဖြစ်သည်။

ဆိုင်းဝိုင်းထဲတွင်ရှိသော ကြေးနောက်ဝိုင်း၊ မောင်းဆိုင်း၊ နှဲ၊ ပတ္တလား၊ စည်းဝါး၊ လက်ခုပ်၊ လင်းကွင်း၊ သံလွင်များကလည်း တီးခတ်သူ မရှိဘဲနှင့် အသံစုံ ထွက်လာသည်။ ပတ်မတီးဆရာ

စိန်လက်ပွားသည် ဆိုင်းတီးရာ၌ ပတ်သံတည်ခြင်း၊ ပတ်သံမြည်ခြင်း၊ ပတ်သံပီခြင်း၊ ပတ်သံစီခြင်းစသည့် အင်္ဂါငါးရပ်ကို နားလည်ထားသူဖြစ်သည်။ သရဲကြီး တီးခတ်ပုံမှာလည်း အင်္ဂါငါးရပ်နှင့် ညီအောင် တီးခတ်နေသောကြောင့် ထူးထွေတည့် အံ့ဖွယ်ရာဖြစ်ပေတော့သည်။

ထိုအချိန်မှာပင် ဆိုင်းဝိုင်းထဲတွင် ဖုံတီးနေသော သရဲကြီး၏ ရေဘဝဲလို လက်တစ်ဖက် မြောက်တက်လာပြီး စိန်လက်ပွားခါးကို လိမ်ဆွဲပြီး ညှစ်ထားလိုက်သည်။ သရဲကြီးက ကြောက်မက်ဖွယ်ရာ အသံကြီးနှင့်အတူ တဟားဟားနှင့် အားပါးတရ ရယ်မောလိုက်သည်။ စိန်လက်ပွား ဘယ်လိုမှ ရုန်းထွက်မရတော့၊ တစ်ကိုယ်လုံးတွင် ချွေးစေးများ ပြန်ထွက်လာပြီး အသက်ရှူကျပ်လာသည်။

သရဲကြီးကတော့ သူ့အရိုးများ ကြေမွသွားအောင် ဖျစ်ညှစ်ခြောက်လှန့်ခြင်း ခံလိုက်ရသည်။ သူ့နားထဲတွင် ကြားနေကျ တျာယိုင်သီချင်းသံများကို ကြားနေရသည်။

"ပျိုလေး. . . ကြိုလှည့်ပါ. . . ညို့နွဲ့ရဲ့လေး. . . ခေါ်လှည့်ပါ . . . သျှောင်ကြီးဇွေ. . . ဆီးကြိုလှည့်ပါ ရွှေနံ့သာမြစ်ကိုတော့ . . . ဖျစ်လောက်အောင် သွေး. . . လိမ်းမယ်လို့ကြံ. . . မှန်ယူခဲ့ . . . ဆံတိုလေးရယ်. . . ပိန်းရိုက်စို့လေး. . ."

သီချင်းနှင့် တီးလုံးသံဆုံးသွားချိန်တွင် ကြက်သွေးရောင်ပြည့်ဖုံးကားကြီးသည် တလိပ်လိပ် မြင့်တက်သွားသည်။ သဘင်ပညာသမ္ဘာရင့်နေသော နောက်ပိုင်းမင်းသမီး ရွှေနှင်းဆီသည် ခေါင်းတွင် ရှုန်ပန်းထည်စည်းလျက် ရင်ဘတ်တွင် ပဝါစည်းကာ နတ်ကတော်

အပျိုတော်အကက်ကို ကန်တော့ပွဲများ ကိုင်မြှောက်ရင်း ဂါရဝပြု တပြနေပုံကို မြင်တွေ့လိုက်ရသည်။

စင်တိုင်ခြင်း၊ နတ်သံပစ်ခြင်း၊ နယ်ရှင်ပရိသတ်ကို တိုင်တည် ပြီးနောက် ရွှေနှင်းဆီး၏ တကြိုးကကွက်များက သွက်လက်မြူးကြွ လာသည်။ အခုန်အဆက်၊ အကွေ့အမြူး၊ ထဘီနားခတ်ပယ်နက်တို့မှာ တဘောင်သံစဉ် စည်းဝါးနှန်းကိုက် အသွက်အကများဖြစ်သည်။

"တုတ်တိုတို့ . . . မမလေးတို့ဆို အပျိုတော်မရှုပ်တေး . . . ကပါတော့လေး . . ."

မင်းသမီးရွှေနှင်းဆီ၏ တဘောင်သံစဉ်သီချင်းများ မဆုံးသေး ခင်မှာပင် ဆိုင်းဝိုင်းထဲမှ သရဲကြီး၏ ရေဘဲလို လက်ကြီးတစ်ဖက် က တွန့်လိပ်ရှည်ထွက်လာပြီး ရွှေနှင်းဆီခါးကို လိပ်ပတ်ဆွဲညှစ်လိုက် ရာ အပေါ်သို့ မြှောက်တက်သွားသည်။ ရွှေနှင်းဆီ၏ ကြောက်လန့် တကြား မချိမဆံ့အော်ဟစ်သံများကို ကြားလိုက်ရသည်။

ဘာတွေဖြစ်ကုန်ပါလိမ့်။

သရဲကြီး၏ ခြောက်လှန့်မှုများက ကြောက်မက်ဖွယ်ကောင်း လွန်းသည်။

ရှာစားစိန်လက်ပွားကိုယ်တိုင် သရဲကြီး၏ လက်ချောင်းကြီး များက လိမ်ပတ်ညှစ်ထားသလို မင်းသမီးရွှေနှင်းဆီးမှာလည်း လေထဲတွင် လွင့်ပါလျက်ရှိသည်။

ထိုစဉ်မှာပင် နောက်ခံကားအဖြူပေါ်မှ သွေးစက်များ စီး ဆင်းစိမ့်ယို စွန်းထင်းလာသည်။ သရဲကြီးက မတရားဆွဲညှစ်ထား သောကြောင့် ရွှေနှင်းဆီဗိုက်ထဲမှ မွေးကင်းစ နီတာရဲ ကလေး

ငယ်လေး ထွက်လာသည်။ ဆိုင်းဝိုင်းထဲမှ ကြောက်စရာကောင်းသော သရဲကြီး၏ လက်တစ်ဖက်က မြောက်တက်သွားပြီး ကလေးငယ်အား ရစ်ပတ်ဆွဲယူ ဖျစ်ညှစ်လိုက်သည်။

ကလေးငယ်လေးမှာလည်း မချိမဆံ့နာကျင်လွန်းအားကြီး၍ တဝါးဝါး ဆူညံစွာ အော်ဟစ်ငိုယိုလျက်ရှိသည်။

ရွာစားကျော် စိန်လက်ပွား၏ နားထဲတွင် ကလေးငိုသံများကို ချောက်ချားဖွယ် ကြားနေရသည်။ သူ့ခါးကို ရစ်ပတ်ထားသည့် သရဲကြီး၏ လက်ချောင်းများကလည်း တင်းသထက် တင်းကျပ်လာသာ အသက်ရှူလို့မရတော့။

မျက်လုံးပြူးပြီး လျှာထွက်လာသည်။ စိန်လက်ပွားသည် ကြောက်လန့်တကြားနှင့် အတင်းရုန်းကန်ထွက်လိုက်သည်။

"ဆရာ. . . ဆရာ၊ လှည်းပေါ်က ဆိုင်းပစ္စည်းတွေ ချတော့မယ်။ ဒါ ကျွန်တော်တို့ ကရမယ့် သရဲတောရွာ၊ ရောက်ပြီ"

သူ့ကိုယ်ပေါ်တွင် ပိကျလာသော ဆိုင်းပစ္စည်းများကို ဖယ်ရှားရင်း ကြေးနောင်တီးဆရာလေးဖိုးအေး၏ လှုပ်နှိုးလိုက်သည့်အသံကြောင့် လန့်နိုးသွားသည်။ ထိုအခါကျမှပင် ပတ်မတီးဆရာ ရွာစားကျော် စိန်လက်ပွားသည် အိပ်မက်ဆိုးများမှ လန့်နိုးလာခဲ့သည်။

ပွဲဆက်များ များခဲ့သောကြောင့် ခရီးပန်းပြီး လှည်းပေါ်တွင် အိပ်ပျော် သွားမိသည်ကို ပြန်သတိရမိလိုက်သည်။ သူ့ဘေးသို့ ကြည့်လိုက်သော အခါ အငြိမ့်မင်းသမီး သဇင်နွယ် ရင်ခွင်ထဲတွင် လသားအရွယ် ကလေးငယ်လေးသည် တဝါးဝါးငိုနေသောကြောင့်

သဇင်နွယ်က ချော့သိပ်ရင်း နို့လှန် တိုက်နေသည်ကို မြင်တွေ့လိုက်ရသည်။

"မငိုပါနဲ့ သားလေးရယ်။ အင်း... အင်း... အို... အို...ရော့...ရော့ ...ရော့...ချိုချိုစို့။ စို့...စို့... တိတ်...အို...အို"

စိတ်ထဲတွင် လေးလံထိုင်းမှိုင်းလျက်ရှိသည်။

ခေါင်းထဲတွင် ကြည်ကြည်လင်လင်မရှိ။ ဒီရွာမှာ ပွဲခွင်ဝင် ရမည်မှာ မရောက်ခင်ကတည်းက အိပ်မက်ဆိုးများက ကြောက် လန့်တကြား နှိမ်စိတ်ပြခြောက်လှန့်နေပုံရသည်။ ရွာနာမည်ကိုလည်း ကြည့်ဦးလေ။ သရဲတောရွာတဲ့။ တစ္ဆေ မှင်စာ၊ နာနာဘာဝ သရဲ တွေ ပေါ်သော ရွာဖြစ်သည်လားမသိ။

"မြို့တော်ရှင်၊ ရွာတော်ရှင် နတ်အပေါင်းတို့...ကူညီကာ ဝိုင်းမလို့ မှိုင်းမစောင့်ရှောက်တော့မူပါ"

ဟု ရွာစားစိန်လက်ပွား စိတ်ထဲတွင် တိုးတိုးတိတ်တိတ်ကြိတ်၍ ထိတ်လန့်တကြား ဆုတောင်းလိုက်မိသည်။

❑ ❑ ❑

(၃)

ထိုအချိန်က မြန်မာနိုင်ငံ လွတ်လပ်ရေး ရပြီးနောက်ပိုင်း လယ်သမားတွေ ရွှေတွဲလွဲ ငွေတွဲလွဲနှင့် ခေတ်ကောင်းချိန်ဖြစ်သည်။ စပါးတစ်တင်း သုံးကျပ်၊ ရွှေတစ်ဆယ်သားမှ သုံးရာ့ငါးဆယ်။ လယ်ပြီးပြီဆိုလျှင် ရွာတိုင်းမှာ ပွဲလမ်းသဘင်တွေနှင့် စည်စည်

ကားကား ပျော်ပျော်ပါးပါး ဖြစ်ခဲ့သည်။

ဦးဖိုးစိန်၊ ဦးစိန်ကတုံး၊ မင်းလာဦးအောင်မောင်းမှ အစပြု၍ ရွှေမန်းတင်မောင်၊ စိန်အောင်မင်း၊ ရွှေကျီးညို၊ စိန်ဝိဇ္ဇာ၊ မြဝိဇ္ဇာ၊ စိန်ရတီ၊ မြရတီစသော ဇာတ်သဘင်တွေက ပေါများလှသည်။ ရွာအပြန်လမ်းဖြစ်၍ နွားတွေက အသားကျပြေးနေကြသည်။ နွားတွေက မြူးကြွနေကြသည်။ ချုံသံ တလွင်လွင် လှည်းဘီးသံ တကျောင်းကျောင်းနှင့် သစ်ပင်တောတန်း၊ ရိုးပြတ်လယ်ကွင်းများကို နောက်ချန်ထားခဲ့ကြသည်။ လှည်းလမ်းကြောင်းနောက်မှာတော့ ဖုန်းလုံးကြီးများ ထောင်းထောင်းထ ကျန်ရစ်ခဲ့သည်။

စားကျက်တွင်း ကျော်လာခဲ့ပြီး ရှေ့မှာ သချိုင်းကုန်းတော၊ ဒီသချိုင်းကုန်းတောကျော်လျှင် သရဲတောရွာထိပ်မှ ကြီးမားသော ကုက္ကိုပင်ကြီးကို မြင်တွေ့ရသည်။ ကုက္ကိုပင်ကြီးအောက်ခြေ ပင်စည် မှာလည်း ယောကျ်ားကြီး ခုနစ်ယောက်ခန့် လက်ချင်းသွယ်ဆက် ဝိုင်းပတ်မိလောက်အောင် ကြီးမားလှသည်။ ရှေးနှစ်ပေါင်းများစွာ ကတည်းက တည်ရှိခဲ့သော နှစ်သက်ရင့်ရှည် အဓိကရ ကုက္ကိုပင် ကြီးဖြစ်သည်။

ကုက္ကိုပင်ကြီးတွင် သူတို့ရွာသားမှန်တိုင်း အသက်ခံရပြီး နောက် သရဲကြီးဖြစ်နေသည်ဟု ပြောကြသည်။

ညဘက်ဆိုလျှင် မည်သူ့မျှ ဖြတ်သန်းသွားလာခြင်း မပြုဝံ့ ကြပေ။ ပင်ခြေအောက်တွင် ကုက္ကိုမြစ်ကြီးများက မြေပေါ်သို့ ဆိုးထွက်နေကြသည်။ အရိပ်အာဝါသ ကောင်းလှသည်။ ကုက္ကိုမြစ် ကြီးများပေါ်တွင် ရွာထဲမှ နွားကျောင်းသားလေးများ ဆော့ကစား

နေကြသည်။ ကုတ္တိုပင်ကြီးအနီးတစ်ဝိုက်ကား ကုန်းတန်းများ၊ ချုံနွယ်များနှင့် စားကျက်မြေဖြစ်သည်။ ထို့ကြောင့်လည်း ရွာထဲမှ နွားများကို လှန့်ထားခြင်း၊ နွားကျောင်းခြင်း ပြုကြသည်။

သရဲတောရွာဦး ရွာထိပ်ရှိ ကြီးမားသော ကုတ္တိုပင်ကြီး ဖြစ်သည်။

သရဲကြီးရှိသလို နတ်ကြီးသည်ဟုလည်း ပြောကြသည်။ မရိုမသေ၊ မလေးမစား မည်သူမျှ မလုပ်ဝံ့ကြ။ ရွာသူရွာသားများက အစောင့်အရှောက်များ ရှိသည်ဟု ရှေးရိုးစဉ်လာ ယုံကြည်ထားကြသည်။ ကုတ္တိုကိုင်းများကိုလည်း မည်သူမျှ မခုတ်ဝံ့ကြ။ မခုတ်ဘဲထားသောကြောင့် ကုတ္တိုပင်ကြီးသည် အကိုင်းအခက်များ ဝေဆာအုပ်မိုးပြီး ကြီးကားချင်တိုင်း ကြီးကားလျက်ရှိသည်။

ကုတ္တိုပင်ကြီးအောက်တွင် ကိုးမြို့ရှင်နတ်ကွန်း ရှိသည်။

သရဲတောရွာဝန်းကျင်ရှိ ရွာများကို အပိုင်စားရထားသည်။ သုံးနှစ် တစ်ကြိမ် အကြီးအကျယ် နတ်ပွဲပေးရသော ရွာတော်ရှင်၊ နယ်တော်ရှင် နတ်ကွန်းဖြစ်သည်။ ဒီနှစ် နတ်ပွဲပေးရမည့် အချိန်အခါ အလှည့်ရောက်လာသည်။ အရိပ်အာဝါသကောင်းသော ကုတ္တိုပင်ကြီးအောက် နတ်ကွန်းစင်ရှေ့တွင် ရာဇမတ်ကာ၊ ငှက်ပျောပင်စိုက်၊ သဲဖြူခင်း၊ အနီရောင်နဖူးစည်း ပတ်ပတ်လည် ကာရံထားပြီး စင်ပေါ်တွင် ရွှေချထားသော နတ်ရုပ်ကြီးများနှင့် နတ်ကနားပေးမည့် မဏ္ဍပ်ကြီးကား ဟီးနေအောင် ပြင်ဆင်ထားသည်။

ဆိုင်းသံများကို ကြားနေရသည်။

မြို့ပေါ်မှ နတ်ကနားဒါးစီး မျိုးသူဇာတို့ နတ်သဘင်အဖွဲ့ဖြစ်

သည်။ အဖွဲ့အင်အား တောင့်တင်းသလို ပစ္စည်းပစ္စယ စုံသည်။ မှန်ကန်စွာဟောချက် ချနိုင်သလို အကလည်း ကောင်းသည်။ အဖွဲ့ခေါင်းဆောင် မျိုးသူဇာမှာ မိန်းမစိတ်ပေါက်နေသော ယောကျ်ားတစ်ယောက်ဖြစ်သည်။ လုံးရာမှ ပြားချင်သူ၊ ဖြူဖြူနွဲ့နွဲ့နှင့် တင်တွေ၊ ရင်တွေနှင့် တကယ်ပီပီမိန်းကလေးလို ချောမောလှသည်။

အငြိမ့်မင်းသမီးလို ဝတ်ဆင်ပြီး မိတ်ကပ်လိမ်းကာ ကပြရာတွင်လည်း ရွာမှ ကာလသားလူငယ်များ ဝိုင်းဝိုင်းလည်အောင် ဩဘာပေးခြင်း ခံရသည်။ ညဦးပိုင်းတွင် အဲဆိုအကများ တပင်တိုင်အကများ၊ အငြိမ့်ခန်းများနှင့် ဇာတ်အဖွဲ့တစ်ခုလို ရွာသူရွာသားများအား ညှို့ခံလျက် ဖျော်ဖြေလေ့ရှိသည်။ ကိုးမြို့ရှင်နတ်ပွဲကတော့ စနေပြီ။ ရွာအပြန် လှည်းမောင်းလာကြသူများထံသို့ သီချင်းသံ၊ ဆိုင်းသံ၊ ဗုံသံများ လေ်စပီကာထဲမှ ပျံ့လွင့်လာသည်။

"လောင်းစရာ ငွေမရှားပါဘူး ကြက်ကျားကိုတဲ့ တိုက်မယ်ပြင် . . . မြင်းစိုင်းကျော်ရှင် ချစ်လို့ရယ်တဲ့ရှင် . . . ယဉ်ရှာရော သလား. . . ကိုကြီးကျော်ရေ. . . (ဗျို့. . . ဗျို့. . . ဗျို့. . .) မောင်ကြီးကျော်ရေ. . . (ဗျို့. . . ဗျို့. . . ဗျို့. . .) သည်ဇမ္ဗူမှာ ပြိုင်ဘက်ရှား. . . မိုးကျနတ်သား. . ."

"နတ်ကနားပွဲက ကိုကြီးကျော်တော့ ဝင်နေပြီ။ ညကျရင်တော့ ပျော်စရာကြီးပဲ သိန်းလွင်"

ရှေ့ဆုံးမှ လှည်းမောင်းလာသော မောင်မိုးက နှင်တံကို မြှောက်ရင်း နောက်မှ လှည်းသမားကို အော်ပြောလိုက်သည်၊ သူ့နောက်တွင် လှည်း ၁၀ စီးခန့် တစ်တန်းတည်း မောင်းလာကြသည်။

မောင်မိုးနှင့်အတူ သရဲတောရွာသားများ မြို့ပေါ်ရှိ ဇဝနဆန်စက်ကြီးတွင် စပါးရောင်းချပြီး ရွာသို့ ပြန်လာကြခြင်းဖြစ်သည်။

ဒီလိုရက်မျိုးက သူတို့လက်ထဲတွင် ငွေစကြေးစ ရှင်နေကြသည်။ လယ်ပြီး အားလပ်ချိန် ပိုလျှံစပါးရောင်းချပြီး ဝမ်းစာစပါးသိုလှောင်ထားချိန် မိုးမကျသေး။ မိုးကျမှ လယ်ယာလုပ်ငန်းများကို ထွန်ယက်စိုက်ပျိုး လုပ်ကိုင်ကြရမည်ဖြစ်သည်။

"ခါတိုင်းနှစ်တွေလိုပဲ နတ်ကွန်းတက်နေကျ မျိုးသူဇာတို့အဖွဲ့ပဲ"

နောက်လှည်းသမားတစ်ဦးဖြစ်သော သိန်းလွင်က ပြောလိုက်သည်။

"မျိုးသူဇာတို့ကတော့ ကိုကြီးကျော် ဝင်ပူးပြီး ကြက်ကြော်နဲ့ အရက်ပုလင်းနဲ့ ဟုတ်နေပြီ"

"အေးကွာ. . . ငါတို့လည်း ညကျမှ တဝသောက်ကြမယ်"

မောင်မိုး နှာခေါင်းဝတွင် နတ်ကနားပွဲမှ ပျံ့လွင့်လာသော ချက်အရက်နံ့သင်းသင်းလေး ရလိုက်သလို၊ တံတွေးတစ်ချက် မျိုချလိုက်သည်။ သူက အရက်ကြိုက်သူဖြစ်သည်။ နောက်လှည်းသမား သိန်းလွင်က မောင်မိုးညီမ မြသဲကြည်ကို ယူထားသောကြောင့် သမီးယောက်ဖ တော်စပ်ကြသည်။

သမီးယောက်ဖနှစ်ယောက်စလုံးက အပျော်အပါး၊ အသောက်အစား အတွဲညီသည်။

"မျိုးသူဇာက အချောက်ကြီးပါ သိန်းလွင်ရာ။ ငါတော့ ညကမြသဲကြည်ခဲ့တဲ့ ပန်တျာကြည်ဖြူဇာတ်က ခေါင်းဆောင်မင်းသမီး

ဒေါင်းမလေးကိုသာ သဘောကျတာ။ ခုထက်ထိ ပျောက်သွားတာကို ငါ့မျက်စိထဲက ဖျောက်လို့မရဘူး"

"ကိုကြီးမိုးက ပြောနိုင်တာပေါ့။ ဒေါင်းမလေးကို စွဲနေ..ရွယ်ဖို့ ကျွန်တော်ကတော့ အိမ်က မြသဲကြည်ကိုပဲ စိုးရိမ်နေမိ..က်ပြီး"

"အေး. . . ဟုတ်သားပဲ။ မင်းပြောမှ သတိရတယ်။ ဟိုးတစ်လောက ရွာထိပ်က ကုက္ကိုပင်ကြီးမှာနေတဲ့ သရဲကြီးခြောက်လိုက်တယ်ဆို"

"ဟုတ်တယ် ကိုကြီးမိုး။ သရဲကြီးဖြစ်နေတဲ့ မုန်တိုင်းခြောက်လိုက်တာ မြော့မြော့ပဲရှိတော့တယ်။ မုန်တိုင်းက လူ့ဘဝကတည်းက မြသဲကြည်ကို စွဲလမ်းနေတာ။ သရဲကြီးဖြစ်တာတောင် အစွဲအလမ်းက မကျွတ်ဘူး။ ဒီကောင့်ကို ဟိုတုန်းတည်းက ကျွန်တော်ကြည့်မရတာ။ ခုလည်း သရဲ ဘဝရောက်တာတောင် လိုက်ပြီးနှောင့်ယှက်နေသေးတယ်။ ကိုယ်ယောင်ပြပြီး ကျွန်တော့်နဲ့တွေ့လို့ကတော့ အပိုင်းပိုင်းတစ် ဓားနဲ့ခုတ်ပြီး အရက်နဲ့ မြည်းလိုက်ချင်သေးတယ်"

ဟုတ်တော့လည်း ဟုတ်သည်။ မုန်တိုင်းဆိုတာ သူတို့လိုပဲ သရဲတောရွာသား ပတ်မတီး အကျော်အမော်တစ်ယောက် ဖြစ်သည်။ မြို့ပေါ်တွင် ဆိုင်းဝိုင်းထောင်ထားသော သူဌေးအိမ်..ှင်နေသည်။ အလှူမင်္ဂလာဆောင်များတွင် လိုက်တီးသည်။

မြသဲကြည်ကို ငယ်ငယ်ကတည်းက စွဲစွဲလမ်းလမ်း ချစ်နေခဲ့သူ ဖြစ်သည်။ သိန်းလွင်နှင့် နှစ်ယောက်သား အပြိုင်အဆိုင် ပိုးပန်းကြရင်း သရဲတောရွာမှ ပျောက်သွားသည်။ မိဘများက မုန်တိုင်းလို

၂ မုဆိုးမသားနှင့် သဘောမတူ၊ သိန်းလွင်နှင့် အိမ်ထောင်...ကိုသား ချပေးလိုက်သည်ကို မုန်တိုင်းမသိ။ ပွဲခွင်များကြီးတွင် ...နာတ် သရဲတောသို့ မုန်တိုင်း ပြန်လာသည်။

ဒီ...မှာ ရွှေငွေများပါကြောင်း ဓားပြများက သိထားကြသည်။ ကြာ...ပြန်လာသည့်ညက ညဦးနက်သည်။ ရွာအဝင် ကုက္ကိုပင်ကြီးအောက်မှာပင် ဓားပြများက ရွှေငွေများကို လုယူပြီး အသတ်ခံလိုက်ရသည်။ ကုက္ကိုပင်ကြီး အောက်မှာပင် ဓားပြသတ်၍ သေခဲ့ရပြီး အစွဲအလမ်းကြီးစွာနှင့် မကျွတ်မလွတ်သော သရဲကြီးဘဝသို့ ရောက်နေခြင်းဖြစ်သည်ဟု ရွာသားတွေက ထင်မိထင်ရာ တွေးတော ပြောဆိုကြခြင်းဖြစ်သည်။

သိန်းလွင်က သတ္တိကောင်းသူတစ်ယောက်ဖြစ်သည်။ တစ္ဆေသရဲ ကြောက်တတ်သူမဟုတ်။ ဇနီးဖြစ်သူအား မုန်တိုင်းသေပြီး သရဲကြီးခြောက်လှန့်ခဲ့သောကြောင့် နေမကောင်းဖြစ်ခဲ့စဉ်က သရဲတောရွာမှာ သူမရှိပေ။ အရောင်းအဝယ်ကိစ္စတစ်ခုနှင့် ခရီးထွက်နေခိုက်ဖြစ်သည်။ ထိုအကြောင်းကို ရွာပြန်ရောက်မှ သိရခြင်းဖြစ်သည်။

ရွာထိပ်ရှိ ကြီးမားသော ကုက္ကိုပင်ကြီးကိုကြည့်ရင်း သရဲကြီးနှင့် သူ့ဇနီး မြသဲကြည်တို့ အကြောင်းကို ပြန်တွေးရင်း သတိရလိုက်မိသည်။

□ □ □

(၄)

ထိုနေ့က သီတင်းကျွတ်လပြည့်နေ့ဖြစ်သည်။

နေ့ကြီးအခါကြီးရက်ဖြစ်သောကြောင့် ရွာရှိ သက်ကြီးရွယ်အိုများနှင့် လူငယ်လူရွယ်များတပါ ရွာဦးကျောင်းသို့ သွားရောက်ပြီး ဥပုသ်သီတင်း ဆောက်တည်ကြ၊ သီလယူကြသည်။ ရွာတွင်ထုံးစံရှိသည့်အတိုင်း ဥပုသ်ရက်များတွင် ဘုန်းတော်ကြီးကျောင်း၌ သီလဆောက်တည်ကြသူများအား မုန့်ပဲသရေစာများကို အလှည့်ကျကျွေးမွေးကြရင်း ကုသိုလ်ယူကြသည်။

ယခု သီတင်းပတ်တွင် မြသဲကြည်တို့အိမ်မှ အလှည့်ကျသည်။ ယောကျ်ားဖြစ်သူ သိန်းလွင်ကတော့ သရဲတောရွာမှာ မရှိ၊ အရောင်းအဝယ် ကိစ္စတစ်ခုနှင့် ခရီးထွက်သွားသည်။ သိန်းလွင်နှင့် မြသဲကြည်တို့ အိမ်ထောင်ကျသည်မှာ မကြာသေး။

ယောကျ်ားဖြစ်သူ သိန်းလွင် ခရီးထွက်သွားသော်လည်း မြသဲကြည်တို့က သရဲတောရွာတွင် ဆွေမျိုးတောင့်သည်။ ဝိုင်းဝန်းကူညီလုပ်ကိုင်ပေးကြမည့်သူများက အဆင်သင့်ရှိသည်။ မြသဲကြည်က ရွာတွင် အချောအလှ မိန်းကလေးဖြစ်သည်။ အိမ်ထောင်ရက်သား ကျသွားသည့်တိုင် လှသွေးကြွယ်တုန်း၊ ချောမောတုန်းပင်ဖြစ်သည်။ တောသူဆိုသော်လည်း အချိုးအစား လှပသော ကိုယ်နေဟန်ထားများ၊ မျက်နှာဝိုင်းဝိုင်းလေးနှင့် ဖြူနုသော အသားအရေ မယဉ်မရိုင်းနှင့် တောရိုင်းပန်းလေးတစ်ပွင့် ဖြစ်သည်။

အစ်ကိုဖြစ်သူ မောင်မိုးဆာ သရဲတောရွာမှာ လူဆိုး၊ စိတ်ရင်းကောင်းသည်။ အပျော်အပါး ခုံမင်သည်။ အရက်သောက်သည်။

အရက် နည်းနည်းမူးလာလျှင် ပြဿနာရှာတတ်သူ ဖြစ်သည်။ မြသဲကြည်ကို ဝိုင်းဝန်းပိုးပန်းကြ သော်လည်း မောင်မိုးအရှိန် ကြောင့် လန့်ကြရသည်။ တစ်ရွာတည်းသား သိန်းလွင်က လူလည်။ မောင်မိုးနှင့်အဆင်မပြေအောင် ပေါင်းသင်းရင်း မြသဲကြည် မေတ္တာ ပန်းကို ဆွတ်လှမ်းအရယူနိုင်ခဲ့သည်။

မြသဲကြည်အား ငယ်စဉ်ကတည်းက စွဲစွဲလမ်းလမ်းကြိုက် ခဲ့သော တစ်ရွာတည်းသား မုန်တိုင်းကတော့ ရွာထိပ်ရှိ ကုက္ကိုပင် ကြီးအောက်တွင် ဓားပြများသတ်၍ အသေဆိုးနှင့် သေခဲ့ရသည်။ ရွာအပေါ် စွဲလမ်းစိတ်၊ မြသဲကြည်အပေါ် စွဲလမ်းစိတ်နှင့် မကျွတ် မလွတ်သောဘဝသို့ ရောက်ရှိနေရသည်။

မြသဲကြည်တို့မိဘများက သရဲတောရွာတွင် လယ်ကေနစ် ဆယ်ကျော် ပိုင်ဆိုင်ပြီး ချမ်းသာကြွယ်ဝ ငွေကြေးမနည်းစွာ ပြည့်စုံ သူများ ဖြစ်သည်။ အသက်အရွယ် ကြီးရင့်သောသူများက ဘုန်း တော်ကြီးကျောင်းဝင်းထဲရှိ ဘုရား၊ တန်ဆောင်း၊ ဇရပ်များတွင် တရားထိုင်၊ ပုတီးစိပ်ရင်း နားနားနေနေ တစ်နေကုန်နေကြသည်။ ညနေစောင်းမှ သရဲတောရွာထဲသို့ ပြန်လာကြသည်မှာ ရွာဓလေ့ ဖြစ်ပေသည်။

သရဲတောရွာနှင့် ဘုန်းတော်ကြီးကျောင်းမှာ အတန်ငယ် ဝေးသည်။ ရွာအပြင်ဘက်တွင် ရှိသည်ဟု ပြောရမည်ဖြစ်သည်။ ဓားကျက်ကွင်း၊ သချိုင်းကုန်းတော၊ လယ်ကွင်းများက ကြားက ခံထားသည်။ ရွာထိပ်တွင် ကြီးမားသော အဓိကရ ကုက္ကိုပင်ကြီး ရှိသည်။ အဆိုပါ ကုက္ကိုပင်ကြီးတွင် မုန်တိုင်းသည် သရဲကြီး

တစ်ကောင်ဖြစ်လျက် နေထိုင်လျက်ရှိကြောင်း ပြောဆိုတတ်ကြသည်။

လပြည့်လကွယ်ရက်များတွင် နီရဲသော မီးလုံးကြီးများသည် ဘုက္ကိုပြင်ထိပ်ဖျားမှ အပင်ရင်းထိ ဆင်းချည်တက်ချည် ကစား နေတတ်ကြောင်းကို ရွာသားများ မြင်တွေ့ဖူးကြောင်း ပြောဆိုလေ့ ရှိသည်။ အသေအချာ မေးကြည့်တော့လည်း တိတိကျကျပြော ပြနိုင်ခြင်းမရှိပေ။

တစ်ခါတစ်ရံတွင် ကုက္ကိုပင်ကြီး၏ အမြစ်ဆုံကြီးများပေါ်တွင် သရဲဖြစ်နေသော မုန်တိုင်းသည် အကျအနထိုင်လျက် ဆိုင်းတီး နေတတ်ကြောင်း၊ ဆိုင်းသံဗုံသံများကိုပင် ကြားရတတ်ကြောင်း ပြောဆိုကြသည်။ ထင်ယောင်ထင်မှားနှင့် ပြောဆိုတတ်ကြသည်။ ဒီလိုပဲ စကားခဲ့ကားပြီး မကြောက် ကြောက်အောင် ခြောက်လှန့်ပြီး ပုံကြီးချဲ့ပြောဆိုခြင်းသာ ဖြစ်ပေလိမ့်မည်။ ထို့ကြောင့်လည်း မှောင် လာပြီး ညဘက် ရောက်လာပြီဆိုပါက ကုက္ကိုပင်ကြီးအောက် မည်သူမျှ ဖြတ်သန်းသွားလာခြင်း မပြုဝံ့ကြတော့ပေ။

ဥပုသ်သီတင်းဆောက်တည်ပြီးနောက် ရွာသားတချို့ ပြန် လာကြပြီ ဖြစ်သည်။ အသက်အရွယ်ကြီးသူများသာ ဘုရားတန် ဆောင်များတွင် ကျန်ရှိခဲ့ကြသည်။ မြသဲကြည်နှင့် အဖော်မိန်းက လေးများသည် အိုးခွက်ပန်းကန်ခွက်ယောက်များ သိမ်းဆည်းပြီး နောက် ဘုန်းတော်ကြီးကျောင်းမှ ပြန်လာခဲ့ကြသည်။ သဲကုန်းတော သချိုင်းကုန်းတော စားကျက်ကွင်းကိုကျော်ပြီး ရွာအဝင် ကုက္ကိုပင် ကြီးအနီးသို့ ရောက်လာကြသည်။

ထိုအချိန်မှာပင် လေမတိုက်ဘဲနှင့် ကုက္ကိုပင်ကြီးပေါ်မှ သစ်

ကိုင်း သစ်ခက်များ၊ သစ်ရွက်များ တသဲသဲ လှုပ်လာသည်ကို မြသဲကြည် သတိထားကြည့်မိသည်။ ကျောထဲတွင် စိမ့်ခနဲဖြစ်သွားပြီး ခြေဖျားလက်ဖျားများ အေးစက်လာသည်။ ခေါင်းကြီးကလည်း အကြီးကြီး ဖြစ်လာပြီး ဆံပင်မွေးများ ထောင်ထလာသည်ဟု စိတ်ထဲတွင် ထင်မိလိုက်သည်။

"အနီးပတ်ဝန်းကျင်သို့ စိုးရိမ်ထိတ်လန့်စွာနှင့် မြသဲကြည် ကြည့်လိုက်သော်လည်း ဘာတစ်ခုမျှ ထူးထူးခြားခြား မမြင်တွေ့ရပေ။ ကုက္ကိုပင်ကြီးအောက်သို့ ဝင်လိုက်သည်နှင့် ဆိုင်းသံ၊ ဗုံသံများ ကြားလိုက်ရသည်ဟု ထင်မိလိုက်သည်။ ရွာထဲမှ ပြေးထွက်လာသော ခွေးတစ်အုပ်မှလည်း စူးဝါးကျယ်လောင်စွာ သံရှည်ဆွဲအူလိုက်သော ခွေးအူသံများကို ကြားလိုက်ရပြန်သည်။

မြသဲကြည် လန့်သွားသည်။ သူမကျောပြင်ပေါ်တွင် ရေနှင့်လှမ်းပက် လိုက်သည့်အလား အေးခနဲ ဖြစ်သွားသောကြောင့် နောက်ဘက်သို့ မလုံမလဲ လှည့်ကြည့်မိလိုက်ပြန်သည်။ ထူးထူးခြားခြား ဘာတစ်ခုမှ မမြင်တွေ့ရ။ လန့်တာတော့ အတော့်ကိုလန့်လာမိသည်။ သူမအပေါ် ခွဲလမ်းစွာ သံယောဇဉ်ကြီးသည့် မုန်တိုင်းသည် လှည့်စား ခြောက်လှန့်နေပြီလား မသိ။

သူ့အေးတွင် ယှဉ်စလျှောက်လာကြသော အဖော်များဖြစ်သည့် မထွေးလေး၊ အေးမေ၊ မစိန်ကြည်တို့အား လှမ်းပြောလိုက်သည်။

"မအေးမေ. . . ကျွန်မကျောကို ရေနဲ့ပက်လိုက်သလို အေးခနဲ ဖြစ်သွားတယ်။ ကုက္ကိုပင်ကြီးပေါ်က သရဲကြီး ဆင်းလာတာလား မသိဘူး။ ခွေးတွေကလည်း တအားအူတာပဲ"

"အမလေး. . . သရဲဆိုရင်တော့ ကျွန်မကြောက်တယ်"

အသက်အငယ်ဆုံးဖြစ်သော မထွေးလေးက ဇက်တလေးပုပြီး မအေးမေ အနီးသို့ တုန်တုန်ယင်ယင် အမြန်တိုးတစ်လိုက်သည်။ မအေးမေ လက်ကိုလည်း ကြောက်ကြောက်ရွံ့ရွံ့နှင့် ဖမ်းဆုပ်ထားရာမှ မလွှတ်တော့ပေ။ စိတ်ထဲက ကြောက်သော်လည်း တုတ္တိုပြင်ကြီးပေါ်သို့ မရဲတရဲနှင့် မော့ပြီး ကြည့်မိလိုက်သေးသည်။

မထွေးလေးမော့ကြည့်ကာမှ တုတ္တိုကိုင်းများမှ သိသိသာသာ ယိမ်းခါလျက်ရှိသည်။

"မြသဲကြည် စိတ်ထင်လို့ပါအေး၊ နေ့ခင်းကြောင်တောင်ကြီး သည်း အချစ်တော် မုန်တိုင်းသရဲက မခြောက်ပါဘူး။ ခြောက်လည်း ဘာမှ ကြောက်စရာမရှိဘူး။ အခုပဲ ဆရာတော်ဆီမှာ သီလယူပြီး ပြန်လာကြတာပဲ။ ဘယ်လိုလုပ်ပြီး မုန်တိုင်းသရဲက ခြောက်ဝံ့မှာလဲ"

မအေးမေက ဂရုမစိုက်သလို မကြောက်မရွံ့ ပြန်ပြောလိုက်သည်။

"ခြောက်သာ မခြောက်တယ်။ ဟော. . . ဘယ်လိုအနံ့ကြီးပါလိမ့်။ ထွီ. . . ဝေါ့. . . အပုပ်နံ့ကြီးကလည်း ထောင်းခနဲပဲ"

"အေးဟယ်. . . တော်တော်ဆိုးဝါးတဲ့အနံ့ကြီးပဲ"

"မအေးမေ. . . ကျွန်မကျောဘက်ကို သေချာကြည့်လိုက်စမ်းပါ"

မြသဲကြည်က ပြောလိုက်သဖြင့် ခေတ္တရပ်လိုက်ကြပြီး သူမအကျီ ကျောဘက်ကို စမ်းကြည့်လိုက်သည်။

"အလိုလေး. . . ဟုတ်ပါရဲ့၊ မြသဲကြည်. . . ညည်းအကျီ နောက်ကျောမှာ ရေတွေ စိုနေပါလား"

"ဒါကြောင့်မို့ ကျွန်မပြောတာ၊ ကျွန်မကျောကို ရေနဲ့ပက်လိုက်သလို အေးခနဲ ဖြစ်သွားပါတယ်လို့ ပြောနေတာ"

"မဟုတ်သေးပါဘူးအေ၊ ချွေးတွေ စိုနေတာ ဖြစ်မှာပေါ့"

မစိန်ကြည်က တွေးတွေးဆဆ ဝင်ပြောလိုက်သည်။

"တော်ကြပါတော့ဟယ်၊ ကျွန်မကြောက်လာပြီ"

မထွေးလေးက အသံတုန်တုန်ယင်ယင်နှင့် ဖြစ်လာသလို ခြေလှမ်းကို မပြေးရုံတစ်မည် သွက်သွက် လှမ်းလိုက်သည်။ မြသဲကြည်တို့ မိန်းကလေးတစ်သိုက်လည်း ကုက္ကိုပင်ကြီးအောက်မှ အမြန်ဆုံးပြေးထွက်လိုက်ကြပြီး ရွာထဲသို့ အမောတကော ပြန်လည်ရောက်ရှိလာကြသည်။

ထိုနေ့မှစ၍ နောက်ရက်များတွင် မြသဲကြည် ဖျားတော့သည်။ မအိပ်နိုင်၊ မစားနိုင် တမှိုင်မှိုင် တတွေတွေ ဖြစ်လာသည်။ စကားလည်း မပြောတော့ပေ။ ယောကျ်ားဖြစ်သူ သိန်းလွင်ကလည်း ခရီးထွက်သွားရာမှ ပြန်ရောက်မလာသေး။ မိဘဖြစ်သူများမှာ ပစ္စည်းဥစ္စာပြည့်စုံ၊ သမီးလေးတစ်ယောက်တည်း၊ ရွှေပေါ်မြတင် စိတ်ချမ်းသာအောင် ထားခဲ့ရာမှ ယခုလို ဖြစ်လာ၍ စိုးရိမ်ပူပန်သွားကြသည်။ နောင်ရေးစိတ်အေးအောင် အိမ်ထောင်ရက်သား ချပေးပြီးကာမှ ကောက်ကာငင်ကာ အဖျားဝင် နေမကောင်း ဖြစ်လာသည့်အတွက် အမျိုးမျိုးတွေးတော ပူပန်သောက ရောက်နေကြသည်။

အိမ်ထောင်ပြု မင်္ဂလာဆောင်ပြီးခဲ့သည်မှာ မကြာသေး။

ယခုလို တမှိုင်မှိုင်တတွေတွေ ဖြစ်လာရသည်ကို စဉ်းစားရခက်စွာ မကြည့်ရက်နိုင်တော့ပေ။ ဆွေမျိုးသားချင်းများကလည်း

ကောင်းနိုးရာရာ အကြံပေးကြသဖြင့် မာတ်၊ ဝိဇ္ဇာ၊ ပယောဂတု ဆရာ အမျိုးမျိုးကိုခေါ်၍ ပြသကုသကြပါသော်လည်း မြသဲကြည့် ဝေဒနာမှာ ထူးခြားသိသာစွာ ကောင်းမွန်လာခြင်းမရှိပေ။

ဆရာတွေသာ တစ်ယောက်ပြီး တစ်ယောက် ပြောင်းသွားကြ သည်။

ဆရာတစ်ယောက် ရောက်လာလျှင် ငှက်ပျောသုံးဖီး၊ အုန်းသီး တစ်လုံး၊ ဖယောင်းတိုင် တစ်ထုပ်၊ ပိတ်ဖြူငါးတောင်၊ ပဝါတစ်ပိုင်၊ ငွေအစိတ် ကုန်ပေါင်းလည်း မနည်းတော့ပေ။ နောက်ဆုံး မည် သည့် အရာနှင့်မျှ ကုသမရသောကြောင့် မိဘများမှာ စိတ်ပျက် လက်ပျက် လက်မှိုင်ချနေရတော့သည်။

ခရီးထွက်သွားသော သိန်းလွင် ပြန်ရောက်လာသည်။ ဇနီး ဖြစ်သူ မြသဲကြည်အတွက် လွန်စွာမှ စိုးရိမ်ပူပန်သွားသည်။ ရွာဦး ကျောင်းဆရာတော်ကြီးထံ အကျိုးအကြောင်းပြော၍ လျှောက်ထား လိုက်သည်။ အကြောင်းစုံ သိရှိသွားသော ဆရာတော်ကြီးမှာ မြသဲကြည်ကိစ္စအတွက် စိုးရိမ်ပူပန်စရာ မလိုကြောင်း၊ ကျောင်းသို့ ခေါ်လာခဲ့စေလိုကြောင်း၊ အမှောင့်ပယောဂ ကင်းဝေးသွားစေရန် စီစဉ်ဆောင်ရွက်ပေးမည်ဟု မိန့်ကြားခဲ့သည်။

ရွာဦးကျောင်းဆရာတော်ကြီးမှာ သီလ၊ သမာဓိနှင့် ပြည့်စုံ သော ဆရာတော်ကြီးဖြစ်သည်။ နောက်တစ်နေ့ နံနက်တွင် မိဘ များနှင့်အတူ သိန်းလွင်သည် မြသဲကြည်အား ရွာဦးကျောင်းသို့ ခေါ်လာခဲ့ကြသည်။ ဘုရားခန်းထဲမှာပင် ဘုရားဝတ်ပြုပြီး နောက် မြသဲကြည်အား ဆရာတော်ကြီးအနီးသို့ ခေါ်သွားလိုက်သည်။

မြသဲကြည်မှာ ယခင်က လာရောက်ကုသခဲ့ဖူးသော ဆရာများနှင့် တွေ့ကြုံခဲ့ရကဲ့သို့ မဟုတ်တော့ဘဲ အမူအရာများ ပြောင်းလဲသွားသည်။

မြသဲကြည်သည် ဆရာတော်ကြီးကို ဖူးတွေ့လိုက်ရသည်နှင့် မျက်နှာကို လက်ဝါးနှင့်အုပ်၍ ရှိက်ကြီးတငင် ငိုကြွေးလျက်ရှိသည်။ ဆရာတော်ကြီးမှာ မြသဲကြည်၏ အပြုအမူကို သေချာစွာ စူးစိုက်ကြည့်လိုက်ပြီး သဘောပေါက်သွားကာ မသိမသာ ပြုံးလိုက်သည်။

"ဟဲ့. . . ဒကာမလေး၊ ဘာပြုလို့ ဒီလောက် ဝမ်းနည်းပက်လက် ငိုကြွေးနေရတာလဲ၊ လာ. . . ဒီရှေ့ကို ရဲရဲတိုးခဲ့စမ်း"

မြသဲကြည်သည် တုန်တုန်ယင်ယင်နှင့် ရှေ့သို့ တိုးလိုက်သည်။

"ကဲ. . . ဘုရားကိုဦးချလိုက်"

ဆရာတော်ကြီး၏ အသံဩဇာနှင့် ပြည့်စုံသော မိန့်ဆိုမှုကြောင့် မြသဲကြည်မှာ တုန်ယင်နေသော လက်အုပ်များနှင့် ဘုရားအား ဝတ်ပြု ဦးချလိုက်သည်။ ဆရာတော်ကြီးသည် ဘုရားကျောင်းဆောင်ပေါ်မှ ပိုးကြိုးလေးများကို ယူလိုက်ပြီး အထုံးလေး သုံးထုံးထုံးကာ ဦ ခံ၍ ဗုဒ္ဓ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ၊ ဒုတိယ၊ တတိယ စသည်ဖြင့် မန်းမှုတ်ပြီး အထုံးလေးများကို စနစ်တကျ ထုံးလျက် မန်းမှုတ်ခြင်းနှင့် ကွက်တိဖြစ်အောင် ထုံးဖွဲ့လိုက်သည်။

ထို့နောက် ပရိတ်ရေများနှင့် မြသဲကြည် ဦးခေါင်းအား တောက်လိုက်သည်။ မြသဲကြည် တစ်ကိုယ်လုံးမှာ ဘုန်းတော်ကြီး တောက်လိုက်သော ရေစက်များကို မခံနိုင်ပေ။ ပွလွန်း၍ လူးလိမ့်

ခံစားနေပုံရသည်။ ဘုန်းတော်ကြီးသည် မြသဲကြည်အား ပရိတ်ရေ တိုက်ပြီး ဦးခေါင်းအား ပုတ်လိုက်ရာ နှုတ်မှ တိုးတိုးဖွဖွ မန်းမှုတ် ပြောဆိုလိုက်သည်။

ဘုန်းတော်ကြီး စီရင်မန်းမှုတ်ထားသော အထုံးလေးသုံးထုံးပါ ပိုးကြိုးမှာ လိပ်ပြာချုပ်ဖြစ်သည်။ လိပ်ပြာချုပ်အား မြသဲကြည် လည်ပင်းတွင် ဆွဲခိုင်းလိုက်သည်။ စုန်း၊ နတ်၊ တစ္ဆေ၊ မြေဖုတ်ဘီလူး စသည့်အမှောင့်ပယောဂများ မကပ်ငြိစေနိုင်သော၊ နှောင့်ယှက် ဖမ်းစားခြင်း မပြုနိုင်သော အစီအရင်ဖြစ်သည်။

အတန်ကြာသောအခါ မြသဲကြည်သည် သတိပြန်ရလာပြီး တစ်ကိုယ်လုံး တုန်ယင်နေရမှာလည်း ရပ်သွားသည်။ ဟိုကြည့် သည်ကြည့် နှင့် အိပ်မက်မက်နေသလို၊ အိပ်မက်မှ လန့်နိုးလာသလို ဝေဝေဝါးဝါး ဖြစ်နေသည်။ မိဘများကလည်း တစ်လတိတိ စကား မပြောဘဲ ငေးငိုင်မှိုင်ဝေနေသော သမီးလေး ပြန်လည်ကောင်းမွန် လာသောကြောင့် ဝမ်းသာအားရဖြစ်လျက် မျက်ရည်များပင် စီးကျလာသည်။

"သမီး. . . မြသဲကြည်"

"အမေ"

မိခင်ဖြစ်သူအား ဝမ်းထဲ၌ လှိုက်လှိုက်လှဲလှဲ ထွက်ပေါ်လာ သည့် အသံနှင့် ခေါ်လိုက်သည်။ မြသဲကြည်မှာလည်း ဆရာတော် ကြီး စီရင်ပေးသော လိပ်ပြာချုပ်ဆွဲပြီးနောက် ယခင်ကကဲ့သို့ ပြုံးရွှင် ရယ်မောကာ အကောင်းပကတိ ပြန်ဖြစ်သွားသည်။ သိန်းလွင်လည်း ဇနီးဖြစ်သူ ပြန်လည် ကောင်းမွန်လာသောကြောင့်

ပျော်ရွှင် ဝမ်းမြောက်သွားသည်။

"ကဲ. . . ကဲ. . . ဘာမှ စိုးရိမ်စရာမရှိဘူး။ ရတနာသုံးပါးနဲ့ ဆရာသမားတွေကို မမေ့ကြနဲ့၊ သီလကို လုံအောင်ထိန်းကြ။ ကုသိုလ်ကောင်းမှုတွေ ပြုကြ။ ဒါမှ သံသရာက လွတ်မြောက်နိုင်မယ်"

ဆရာတော်ကြီးကျောင်းမှ ပြန်လာကြသည်။ ရွာထဲသို့ ဝင်ခါနီးတွင် ရွာထိပ်တွင်ရှိသော ကုက္ကိုပင်ကြီးအပေါ်မှ ဝုန်းခနဲကျလာသော အသံကြောင့် အထိတ်တလန့် ဖြစ်သွားကြပြန်သည်။ သေချာကြည့်လိုက်သောအခါ ကြီးမားသော ကုက္ကိုကိုင်းခြောက်ကြီး ကျိုးကျသွားခြင်း ဖြစ်သည်ကို မြင်တွေ့လိုက်ကြရသည်။

□ □ □

(၅)

မုန်တိုင်း ဒီတစ်ခါ လွင့်ပျံ့ ထွက်ပြေးခဲ့ရတာကတော့ အသည်းနာစရာ ကောင်းပါတယ်။

သိတယ်မဟုတ်လား။ စိန်မုန်တိုင်း မင်္ဂလာဆိုင်းအဖွဲ့ကြီးက ပတ်မတီး ခေါင်းဆောင် စိန်မုန်တိုင်း၊ သရဲတောရွာသား မုန်တိုင်း၊ မြသဲကြည်ကို စွဲစွဲလမ်းလမ်းချစ်နေရတဲ့ မုန်တိုင်း၊ ခုတော့လည်း အသူရကာယ်ဘုံသား သရဲဘဝ ရောက်နေတဲ့ မုန်တိုင်းပေါ့။

သေခါနီးမှ အကုသိုလ်ကံက ဦးဆောင်ပြီး အစွဲအလမ်းတွေပွား၊ မရဏာသန္နဇောဆိုက်ပြီး ရွာထိပ်ကုက္ကိုပင်ကြီးမှာ သရဲဖြစ်ခဲ့

သူပေါ့။ လူတွေက သေလို့ရှိရင် ဥပပတ် ပဋိသန္ဓေနဲ့ နတ်ဘဝ၊ ဗြဟ္မာဘဝ၊ ပြိတ္တာဘဝ၊ ငရဲဘဝတွေ ရောက်ကြပါတယ်။ ကျုပ်က တော့ မားပြလူဆိုးတွေရဲ့ ဗိုင်းဝန်းတိုက်ခိုက်၊ မျက်နှာကို ဓားနဲ့ခုတ် ခံရပြီး သွေးသံရဲရဲ အသေးဆိုးနဲ့ သေခဲ့ရသူ မဟုတ်လား။

မြသဲကြည်ကို စွဲစွဲလမ်းလမ်းချစ်နေရတဲ့ သရဲကြီး၊ အဲဒီစိတ် နဲ့ပဲ ကျုပ် သေခဲ့ရတယ်။ ဒီတော့ မကျွတ်မလွတ်တဲ့ သရဲကြီး တစ်ကောင်ပေါ့။ သီတင်းကျွတ်လပြည့်နေ့က မြသဲကြည်နဲ့ အဖော် မိန်းကလေးတွေ ရွာဦးကျောင်းက ပြန်လာတာကို ကျုပ် မြင်လိုက် တယ်။

ဥပုသ်နေ့မို့လို့ ရွာဦးကျောင်းမှာ သီလယူတဲ့သူတွေကို မုန့် ပဲသရေစာတွေ ကျွေးမွေးပြီး အလှူအတန်း လုပ်ကြတာထင်ပါရဲ့။ တဖြည်းဖြည်းနဲ့ ကျုပ်ပိုင်နက် အရိပ်အာဝါသထဲ ရောက်လာတယ်။ ကိုးမြို့ကိုးဖလားနဲ့ ကိုးမားပိုင်တဲ့ ကိုးမြို့ဘိုးဘိုးကြီးက ဒီနေ့မရှိဘူး။ အနောက်က ကွင်းပိုင်ကြီး လာခေါ်တာနဲ့ တစ်နေရာ ထွက်သွားကြ တာ တွေ့တယ်။

ကိုးမြို့ဘိုးဘိုးကြီးမရှိခိုက်မှာ ကျုပ်လုပ်ချင်ရာ လုပ်လို့ရနေ တယ်လေ။ ကျုပ် ကြောက်ရမယ့်သူ မရှိဘူးလို့ ပြောတာပါ။ နို့မို့ဆိုရင်တော့ ဘယ်ရပါ့မလဲ။ ကျုပ်တို့က ကိုးမြို့ဘိုးဘိုးကြီးကို ကြောက်နေရတာ။ ဒီနယ်တစ်ရိုးမှာရှိတဲ့ နာနာဘာဝလောကကို သူက အုပ်ချုပ်နေတာကိုး။ နာနာဘာဝတွေရဲ့ အရှင်သခင် မဟုတ်လား။

ကျုပ်တို့ နာနာဘာဝလောကမှာ တစ္ဆေသရဲတွေ၊ ပြိတ္တာတွေ

စတဲ့ အသူရကာယ်ဘုံသားတွေဟာ နေရာလုမှု ပြဿနာ အမြဲ ဖြစ်တယ်။ ဒီကောင်တွေကို နေရာသတ်မှတ်ခွဲခြားပြီး ဖြေရှင်းပေး ရတာက ကိုးမြို့အရှင် ဘိုးဘိုးကြီးပဲ။ အလုပ် သိပ်များတာပေါ့။ ကိုးမြို့ဘိုးဘိုးကြီးဟာ သူ့အရိပ်အာဝါသမှာ ကောင်းကောင်းနေရ တယ်လို့ မရှိပါဘူး။

ကျုပ်ဘဝကလည်း ငရဲ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့ အပါယ်လေးဘုံထဲမှာ ကျင်လည်နေရတာလေ။ အပါယ်လေးဘုံ သားဆိုတာက အဆင်းရဲဆုံးဘုံပေါ့။ ကျုပ်က အဆင့်နိမ့်ပါတယ်။ ဒါပေမယ့် တမ္မဇိဒ္ဓိတန်ခိုးကတော့ ရှိပါတယ်။

မြသဲကြည်လေးကို မြင်တွေ့လိုက်ရတယ်ဆိုရင်ပဲ ဟိုတုန်းက အတိုင်းပဲ လှတုန်းပတုန်း၊ ချောမောယဉ်ကျေးတုန်းပဲ။ သိန်းလွင်နဲ့ အိမ်ထောင်ကျသွားပြီး အိမ်ထောင်သည်ဘဝ ရောက်သွားတယ်သာ ဆိုတယ်၊ အလှတွေ လျော့မသွားသေးဘူး။ မြသဲကြည်မျက်နှာ ဝိုင်းဝိုင်းလေး မြင်လိုက်ရတော့ သရဲလည်း ရင်ခုန်သွားတယ်။

စိတ်ထဲမှာ မြသဲကြည်ကို စချင် နောက်ချင်လာတယ်။ စရင်း နောက်ရင်းကနေ မြသဲကြည်အိမ်အထိ လိုက်သွားပြီး မြသဲကြည် အနားမှာ မြသဲကြည့်အလှအပတွေကို နီးနီးကပ်ကပ် တစိမ့်စိမ့် ကြည့်နေရရင် ကောင်းမှာပဲလို့ တွေးမိတယ်။ ဒါနဲ့ ကျုပ်လည်း မြသဲကြည် လန့်သွားအောင် ကျောကုန်းကို ရေနဲ့ပက်လိုက်တာပေါ့။ ဒီရေက ရိုးရိုးရေ မဟုတ်ဘူး။ မြသဲကြည် ခန္ဓာကိုယ်ထဲကို ကမ္မဇိဒ္ဓိ တန်ခိုးပါဝါတွေနဲ့ ရောက်သွားတာပေါ့။ ကျုပ်ရဲ့ တစ္ဆေပါဝါတွေကို လူသားဖြစ်တဲ့ မြသဲကြည်လေး ဘယ်ခံနိုင်မလဲ။ အဲဒီမှာ အိပ်မပျော်

ားမဝင် တမှိုင်မှိုင် တတွေတွေနဲ့ နေမကောင်းဖြစ်ရော။

ဒီတုန်းက ကျုပ်က ပျော်နေတာပဲ။ ဘာကြောင့်လဲ သိလား။ မြသဲကြည်လေးအနားမှာ ပူးပူးကပ်ကပ်နေခွင့် ရနေတာကိုး။ အဆင့်မရှိတဲ့ ဆရာတွေ လာကုကြပေမယ့် ကျုပ်ကို မနိုင်ပါဘူး။ သင်းတို့ပဲ အရှက်တကွဲ အကျိုးနည်းပြီး ပြန်ပြေးကုန်ကြတာပဲ မဟုတ်လား။

တစ်လလောက်ကြာတော့ မြသဲကြည်ကို ရွာဦးကျောင်း ဆရာတော်ဆီ ခေါ်သွားကြတယ်။ ဆရာတော်ဆိုတာက ကျုပ်ငယ်ငယ်လေးကတည်းက လူသားဘဝကတည်းက ကြောက်ရတာမဟုတ်လား။ ခုလို သရဲဖြစ်နေတော့ နေစရာမရှိအောင်ကို ကြောက်ရတာပေါ့။ တစ်ကိုယ်လုံး တုန်ယင်နေတာပဲ။ ဆရာတော်ရှေ့ရောက်တာနဲ့ ကျုပ်တစ်ကိုယ်လုံး မီးတွေလောင်နေသလို ခြစ်ခြစ်တောက်ပူလောင်တဲ့ ဝေဒနာတွေ ခံစားရတာပေါ့။

ဆရာတော်က ကျုပ်ကို နှင်ထုတ်လိုက်တယ်လေ။ ကျုပ်မြတ်နိုးနှလမ်းရတဲ့ မြသဲကြည်လေးကို ဒီတစ်ခါတော့ ဘယ်တော့မှ အနားမကပ်နိုင်အောင် အဝေးကြီး ဝေးခဲ့ရပါတယ်။ ဆရာတော်စီရင်ပေးတဲ့ လိပ်ပြာချုပ်ကလေးကို မြသဲကြည်ရဲ့ လည်တိုင်ဖြူဖြူနွနွလေးပေါ်မှာ ဆွဲထားသမျှ ကျုပ်အနား ကပ်လို့ မရတော့ဘူး။ အဲဒီနေ့က ကျွမ်းပြန်ပြီး ကုက္ကိုပင်ကြီးရဲ့ ပင်စည်နားမှာ ဦးဖောက်ထိုးကျတိုက်မိပြီး ကျုပ် အလဲလဲအကွဲကွဲ ခံခဲ့ရတာပေါ့။

ဒဏ်ရာတွေ သက်သာသွားလို့ ကျုပ်ထကြည့်လိုက်တော့ ထိုးမြို့ရှင် ဘိုးဘိုးကြီး မြန်ရောက်နေပြီ။ သူမရှိတုန်း ကျုပ်အလစ်

ထွက်သွားတာကို မကျေမနပ်နဲ့ ကြည့်တယ်။ ဆရာတော်ကြီး ဆုံးမလိုက်တာ နည်းတောင်နည်းသေးတယ်လို့ ပြောတယ်။ ကျုပ် အပေါ်ကို ကြာရှည်စွာ အပြစ်တင်ကြိမ်းမောင်းလို့ မရပါဘူး။

ကျုပ်နှာခေါင်းထဲမှာ ကြက်သားကြော်နံ့တွေ သင်းပျံ့လာတယ်။ လူသံသူသံတွေကလည်း အုန်းအုန်းလန် ဆူညံနေတယ်။ ကျုပ်လည်း ကုက္ကိုပင်ကြီးပေါ်က ခုန်ဆင်းလိုက်တယ်။ ကျုပ်ကိုမြင်လိုက်တဲ့ ခွေးတွေကလည်း သံရှည်ဆွဲပြီး အူလိုက်တာမှ ဆူညံသွားရော။

အမယ်. . . ကုက္ကိုပင်ကြီးအောက်မှာ လူတွေကလည်း တရှန်းရှန်း၊ ဆိုင်းသံတွေကလည်း တအုန်းအုန်း။

နတ်ကတော် မျိုးသူဇာတို့အဖွဲ့ နတ်ကဖို့ ရောက်လာကြပါ ရောလား။ ဒါကြောင့် ကိုးမြို့ရှင်ဘိုးဘိုးကြီးက ကျုပ်ကို ပြစ်တင်ကြိမ်းမောင်းခြင်းမပြုတော့ဘဲ ပြုံးနေတာကိုး။ ကျုပ်တို့လည်း အငတ်ငတ် အပြတ်ပြတ်နေရတဲ့ ဘဝကနေ စားပွဲသောက်ပွဲကြီးနဲ့ တွေ့ရတော့မှာ မဟုတ်လား။

ဆိုင်းသံတွေကြားရတော့ နဂိုရင်းစွဲရှိ ကျုပ်ဝါသနာပိုးက ထကြွ သောင်းကျန်လာတယ်။ ဘယ်လိုမှ နေလို့မရတော့ဘူး။ နတ်ဆိုင်းတီးတဲ့ကောင်တွေဟာ အတော်ချာတာပဲ။ ဒီကောင်တွေ ဘာပညာမှ တတ်တာလည်း မဟုတ်၊ မျိုးသူဇာ နတ်သဘင်မှာ စားပေါက်ချောင်လို့ လိုက်တီးတာ မဟုတ်လား။

ခုပဲကြည့်လေ့။ ဘယ်လောက်တောင် သောက်ထားကြတယ် မသိဘူး။ ဒီကောင်တစ်ကိုယ်လုံးလည်း အရက်စော်ကို နံ့ဟောင်

ဟိန်းလို့၊ ဆိုင်းတီးနေတာကလည်း အရက်သွေး တကြွကြွနဲ့ တော်တော်လေး မူးနေပုံရတယ်။

နတ်ကတော် မျိုးသူဇာ ခေါင်းပေါ်မှာ ကျွဲခေါင်းပုံသဏ္ဌာန် ခေါင်းစွပ်ကိုဆောင်းထားတာ ကျုပ်မြင်နေရတယ်။ သူ့ဘေးက နတ်ကတော်ကတော့ ကိုအောင်နိုင်ပေါ့။ တောအရပ်ဒေသတွေမှာ လယ်သမား၊ ကိုင်းသမားတွေ၊ နွားမွေး၊ ကျွဲမွေးတဲ့သူတွေ လှည်းနဲ့ နွားနဲ့ အသက်မွေးတဲ့ လှည်းသမားတွေ ကိုအောင်နိုင်နတ်ကို ယုံကြည်ကိုးကွယ်ကြတာ ကျုပ်သိတယ်။

ကျွဲနွားများ နာမကျန်းဖြစ်ရင် နွားတင်းကုပ်ကို ခုနစ်ပတ် လှည့်ပြီး တနေ့ဟန် နတ်ဝင်နေကြတယ်။

"ပုဆိုးရယ် စွန်တောင်. . . စွန်တောင်. . . ဘယ်ပေါင်က နိမ့်နင်းနိမ့်နင်း. . . နတ်အောင်နိုင် ဘယ်အခင်းကြောင့် လာရ ချက်ချင်း. . . ပုဆိုးရယ်. . . စွန်တောင်စွန်တောင်. . ဘယ် ပေါင်က နိမ့်နင်း နိမ့်နင်း. . . နွားကျွဲနာကို ပျောက်အောင်ကု ရင်း. . . လာရတယ်မင်း. . . "

ဆိုင်းဝိုင်းထဲက ပုလွေကို မပီတပီခုနစ်ခါမှုတ်ရမှာဖြစ်တယ်။ အတိုင်အဖောက်လည်း ခုနစ်ကြိမ်လုပ်ရမှာ၊ ဒါကို တီးတဲ့ကောင် တွေက အထာမကျဘူး၊ ကျုပ်လည်း မူးနေတဲ့ ဆိုင်းဆရာအနား ရောက်အောင် တိုးဝင်လိုက်ပြီး အားပါးတရ ကျကျနနကြီး ဆိုင်း တီးပစ်လိုက်တာပေါ့။

□ □ □

(၆)

လရောင်နှင့် ဈေးဆိုင်တန်းမီးရောင်များကြောင့် လင်းလင်းထင်းထင်း ရှိနေသည်။ သရဲတောရွာ ကုက္ကိုပင်ကြီးအောက်တွင် မျိုးသူဇာတို့ နတ်အဖွဲ့အား ပရိသတ်များ ကြိတ်ကြိတ်တိုးလျက် ကြည့်ရှုနေကြသည်။ မျိုးသူဇာတို့အဖွဲ့က အရှိန်ရနေသလို ကိုမိုးတို့အဖွဲ့ကလည်း အကြော်ဆိုင်တွင် ဝိုင်းဖွဲ့သောက်စားကြရင်း ရေချိန်ကိုက်နေကြသည်။

"ဒေါ်ကြီးမ အကြော် နောက်ထပ်နှစ်ပွဲ၊ အရက်တစ်လုံး ထပ်ပေးဦး"

အရက်ဝိုင်းတွင် အမြည်းအဖြစ် အကြော်ကုန်သွားသောကြောင့် သိန်းလွင်က ထပ်မှာလိုက်သည်။

"ငါတစ်ခုစဉ်းစားမိတယ် သိန်းလွင်"

"ဘာလဲ ကိုကြီးမိုး"

"ဒီလိုကွာ. . .။ တို့သရဲတောရွာမှာက တိုးမြို့ရှင်နတ်ကွန်းကို သုံးနှစ် တစ်ကြိမ် ပွဲပေးကရတဲ့ မျိုးသူဇာတို့လို နတ်သဘင်ကို လာကြည့်တဲ့လူတွေကလည်း နည်းတာမဟုတ်ဘူး။ တခြားရွာတွေကပါ ရောက်လာကြတယ်။ ငါတို့ မြို့တက်စပါးရောင်းတုန်းက ကြည့်ခဲ့တဲ့ ပန်တျာကြည်ဖြူတို့ ဇာတ်အဖွဲ့ကို ရွာမှာ သွင်းလိုက်ရင် နိပ်မယ်ကွ။ ဘာမှမဟုတ်တဲ့ နတ်ပွဲတောင် တခြားရွာက လူတွေ လာကြည့်ကြတာ။ ဇာတ်ပွဲသာဆိုရင် ဘယ်လိုလဲ"

"ဇာတ်ကြေးက နည်းမှာမဟုတ်ဘူး"

"မနည်းပေမယ့် ငါတို့လို ဝါသနာပါတဲ့ကောင်တွေ လေးငါး

ယောက် စုလိုက်ရင် ရပါတယ်၊ ဒီရွာက လူတွေက ပွဲဝတ်နေတာ ကြာပြီ၊ လယ်ပြီးချိန် ငွေရွှင်နေတော့ ဇာတ်ပွဲသာ သွင်းလိုက်ရင် ကျော့ယူသလိုရမှာ၊ ကျိန်းသေပေါက် မြတ်မှာကွ"

"ပန်တျာကြည်ဖြူဇာတ် သွင်းချင်တာ၊ ကိုကြီးမိုးက ခေါင်းဆောင်မင်းသမီး ဒေါင်းမလေးကို စွဲလမ်းနေတာ မဟုတ်လား၊ အပြောမရှိနဲ့နော်၊ ကျွန်တော်သိပါတယ်"

"မင်းကတော့ လုပ်ပြီ"

မောင်မိုးမျက်နှာကြီးက စပ်ဖြီးဖြီးနှင့် သဘောကျသွားသည်၊

"ဟုတ်တယ်. . . ကိုကြီးမိုးပြောတာ ဖြစ်နိုင်တယ်၊ ကျွန်တော်လည်း သဘောတူတယ်၊ ဇာတ်ပွဲသာ သွင်းလို့ကတော့ ကျွန်တော်တို့ ကျိန်းသေပေါက် မြတ်လောက်ပါတယ်"

သိန်းလွင်ဘေးနားတွင် ထိုင်နေသော ခင်ဦးကပါ အရက်ခွက်ကို မော့သောက်လိုက်ပြီး ပြောလိုက်သည်၊

"ရွာမှာက ရုံရှိတာမဟုတ်ဘူး၊ ဇာတ်ပွဲသွင်းတော့ ဘယ်နေရာမှာ သွင်းပြီး ကမှာလဲ"

"တခြားမှာ ကစရာမလိုပါဘူး၊ ဟောဟိုမှာ တွေ့တယ်မဟုတ်လား၊ ကုက္ကိုပင်ကြီးရဲ့ ဟိုဘက်မှာ စားကျက်တောရှိတယ်၊ အကျယ်ကြီးပဲ၊ သချိုင်းတောနဲ့လည်း တစ်ဆက်တည်း ဇာတ်ရုံအတွက်ရော၊ ပွဲဈေးတန်းရော၊ လှည်းဝိုင်းရော လုပ်လို့ရတယ်"

"ဒီအကြံကောင်းတယ်၊ လုပ်ဗျာ၊ ကိုကြီးမိုး"

"နေဦးကွ၊ ပန်တျာကြည်ဖြူဇာတ်က ပွဲခွင်ဆက်နေရင်တော့ ရမှာ မဟုတ်ဘူးထင်တယ်"

"ပွဲခွင်ရက် ဝေးသေးတယ်လို့ ပြောသံကြားတယ်၊ မြို့မှာကပြီးနားဦးမှာ၊ အဆင်ပြေလောက်ပါတယ်"

"ဒါဆို ကိုကြီးမိုး နက်ဖြန် မြို့တက်ဖျာ၊ ပန်တျာကြည်ဖြူဇာတ်ကို ကန်ထရိုက်လက်ထဲတနေ မရရအောင် ဆွဲခဲ့ပေတော့၊ ရပြီဆိုတာနဲ့ ရွာကလူငယ်တွေ စုခေါ်ပြီး ဇာတ်စင်ဆောက်တာ၊ ရုံထိုးတာ ဘာမှမကြာဘူး၊ ကျွန်တော်တို့ သရဲတောရွာမှာက ဝါးတွေပေါမှပေါ၊ ဘယ်သူ့ဝါးရုံခုတ်ခုတ် ရတာပဲ၊ ဇာတ်စင်အတွက်လည်း သစ်ဆွဲတဲ့နေရာက သစ်တွေ ခေတ္တငှားသုံးရင် အဆင်ပြေသွားမှာပါ"

"ဒေါင်းမလေးနဲ့ ငါက ရေစက်ရှိတယ်ကွ၊ ဖူးစာရေးနတ်က ငါတို့နှစ်ယောက်ကို ဖူးစာဖက်ဖို့ ဖန်တီးပေးလိုက်တာပဲ"

"ကိုကြီးမိုး အစွမ်းအစကိုကြည့်ရမှာ၊ ဒေါင်းမလေးကို ဇာတ်ထဲမထည့်တော့ဘဲ သရဲတောမှာ အပြီးသာခေါ် ထားလိုက်ပေတော့.. တား. . . တား"

ပန်တျာကြည်ဖြူဇာတ်အဖွဲ့အား ငှားရမ်းပြီး သရဲတောတွင် ကကြရန် စီစဉ်ကြသည်၊ ဘာပဲဖြစ်ဖြစ် မောင်မိုးတစ်ယောက် ဒေါင်းဆောင်မင်းသမီး ဒေါင်းမလေးနှင့် ပြန်လည်တွေ့ကြရဦးမည်ဖြစ်၍ အတိုင်းမသိ ပျော်ရွှင်တက် ကြွနေမိတော့သည်၊

□ □ □

(၇)

မောင်မိုးတို့လူငယ်အဖွဲ့ မြို့ပေါ်တက်ပြီး ကြည်ဖြူဇာတ်ကို ငှားရာ အဆင်ပြေသွားသည်။ ဇာတ်က ဇာတ်ကြီးမဟုတ်။ လူအင်အား ငါးဆယ်၊ ခြောက်ဆယ်လောက်သာပါသော ဇာတ်လတ်ဖြစ်သည်။ မြို့မှာ ကကြပြီး တခြားနယ်သို့ မကူးမီ ၁၅ ရက်ခန့် နားနေချိန်နှင့် တိုးနေ၍ မောင်မိုးတို့အဖွဲ့ အဆင်ပြေသွားသည်။

ခုဆိုရင် သရဲတောရွာတွင် ပန်တျာကြည်ဖြူဇာတ်အဖွဲ့ကြီး ရောက်ရှိလာသည်။ ရွာက အကူခေါ်လာသည့် လှည်းများနှင့် တိုက်လာသောကြောင့် ဇာတ်ပစ္စည်းများ၊ အဖွဲ့သားများ စုံညီစွာ ရောက်ရှိလာသည်။ ပန်တျာကြည်ဖြူ ဇာတ်အဖွဲ့တွင် လူရွှင်တော်၊ လူကြမ်း၊ ယိမ်းသမ၊ အခမ်းအနားပြင်ဆင်ရေးအဖွဲ့၊ မီးအဖွဲ့၊ ပစ္စည်းအတင်အချ၊ ကားဆွဲကားချ၊ အလုပ်ကြမ်းသမားများ၊ မင်းသား၊ မင်းသမီး၊ မင်းသားကြီး စသဖြင့် သရုပ်ဆောင်လူအင်အား ၅၀ ကျော်ရှိသည့် ဇာတ်လတ်အဖွဲ့ဖြစ်သည်။

ကြော်ငြာရက် သိပ်မရပေမယ့် တောရွာဖြစ်သည့်အလျောက် တစ်ယောက်စကား တစ်ယောက်နားကြားရင်း ရွာပေါင်းစုံသို့ သတင်းပျံ့သွားသည်။ ပွဲကလည်း ငတ်နေချိန်၊ ထယ်ယာလုပ်ငန်းတွေ ခေတ္တနားနေချိန် ပန်တျာကြည်ဖြူဇာတ်အား အားပါးတရ အားပေးကြမည်ဟု အားခဲထားကြသည်။

ရွာထိပ်ရှိ ကုက္ကိုပင်ကြီးအနီးတွင် စားကျက်မြေ သချိုင်းတုန်းတော်တွင် ယာယီဇာတ်ရုံကြီး ထိုးထားသည်။ သချိုင်းတောဆိုသော်လည်း အုတ်ဂူတွေ၊ ကမ္ပည်းမှတ်တိုင်တွေ မရှိ။ ရွာမှ လူများ

သေလျှင် သချိုင်းတောမှာ မြှုပ်နှံကြသည်။ ပဲခင်း၊ နှမ်းခင်း၊ ပြောင်း၊ နေကြာ စသည့် ဆောင်းသီးနှံများ စိုက်လေ့ရှိသည်။ သချိုင်းမြေဟု ထင်မှတ်စရာမရှိအောင် သီးနှံခင်းများက စိမ်းလန်းစွာ ဖြန့်ကျက် လွှမ်းမိုးထားသည်။

ဇာတ်စင်နောက်ဘက်တွင် ဇာတ်အဖွဲ့သားများ အလုပ်ရှုပ် နေသည်။

"ရွာနာမည်ကလည်း အဆန်းပဲ။ သရဲတောရွာတဲ့။ ငါတော့ ဒီရွာမှာ ဇာတ်ကရမှာ ခပ်လန့်လန့်ပဲ။ သရဲတွေ၊ တစ္ဆေတွေ အရမ်း ပေါ်များပြီး ခြောက်လည်းခြောက်တယ်တဲ့"

အငြိမ့်သမလေး သဇင်နွယ်က ပခုံးလေးတွန့်ပြီး ကြောက်ရွံ့ ထိတ်လန့်ဟန်နှင့် ပြောလိုက်သည်။

"ဟုတ်တယ်။ သရဲတွေ၊ တစ္ဆေတွေက အဝေးကြီးမဟုတ်ဘူး။ ငါတို့ ဇာတ်စင်နားမှာကို ရှိတာ။ ကြည့်လေ၊ ဇာတ်ရုံထိုးထားတာက ရွာအဝင် ကုက္ကိုပင်ကြီးရှေ့မှာ"

လူရွှင်တော်ကြီး ဦးကွာစိကပါ ဝင်ပြောလိုက်သည်။

"ကုက္ကိုပင်ကြီးက ဘာဖြစ်လို့လဲ ဦးကွာစိ"

ဗလတောင့်တောင့်၊ မျက်နှာပေါက်ဆိုးဆိုး၊ ဆံပင်ရှည်ရှည်၊ မုတ်ဆိတ်, နှုတ်ခမ်းမွေးများနှင့် ရုပ်ရည်ကြမ်းတမ်းသော လူကြမ်း မင်းသားကျောက်တစ်လုံးကပါ ဝင်မေးလိုက်သည်။ လူကြမ်းမင်း သား ကျောက်တစ်လုံးမှာ မျက်စိတစ်ဖက် ချို့ယွင်းနေသောကြောင့် ကျောက်မျက်လုံး အစားထိုးထည့်ထားသူ ဖြစ်သည်၊ ထို့ကြောင့် လည်း သူ့ကို ကျောက်တစ်လုံးဟု ခေါ်ကြသည်။

"မင်းတွေ့ဖူးတဲ့ ကုက္ကိုပင်ကြီးတွေထဲမှာ ဒီလောက်ကြီးတဲ့ ကုက္ကိုပင်ကြီးမျိုး တွေ့ဖူးလား"

"ဟုတ်တော့လည်း ဟုတ်တယ် ဦးကွာစိ၊ ကျွန်တော်တို့ ရပ်တကာ၊ ရွာတကာလှည့်ပြီး ဇာတ်ကလာကြတာ နေရာပေါင်းစုံ ရောက်ဖူးပါတယ်။ ဒီလောက်ကြီးတဲ့ ကုက္ကိုပင်ကြီးမျိုး တစ်ခါမှ မတွေ့ဖူးဘူး"

"အေး. . . အဲဒီ ကုက္ကိုပင်ကြီးက ရွာရဲ့ အမိကရ ကုက္ကိုပင်ကြီးပဲ။ ကိုးမြို့ရှင်နတ်ကွန်းလည်း ရှိတယ်။ သိပ်မကြာသေးဘူး။ နတ်ပွဲတောင်ပေးခဲ့သေးတယ်လို့ ဇာတ်လာငှားတဲ့ မောင်မိုးတို့က ပြောတယ်။ ကုက္ကိုပင်ကြီးမှာ သရဲကြီးတစ်ကောင်ရှိတယ်၊ အရမ်း ခြောက်ဆိုပဲ။ သရဲကြီးက ထူးဆန်းတယ်။ ဆိုင်းဆရာသေလို့ ရွာကို စွဲလန်းပြီး သရဲဖြစ်သွားတယ်လို့ ပြောတယ်။ မင်းမယုံရင် ပတ်မတီး ဆရာ စိန်လက်ပွားကို မေးကြည့်၊ သူနဲ့သိတဲ့ စိန်မုန်တိုင်းဟာ သရဲတောရွာသားပဲ၊ ရွာကိုပြန်လာတုန်း ဓားပြတွေသတ်လို့ သေပြီး ကုက္ကိုပင်ကြီးမှာ သရဲဖြစ်နေတယ်ပြောတယ်"

"ကျုပ်က လူကြမ်းမင်းသားသာ လုပ်နေရပေမယ့် တစ္ဆေသရဲ တော့ ကြောက်တယ်ဗျာ"

ထိုအချိန်မှာပင် ဇာတ်ရုံနောက်ဘက်ဆီမှ ထမင်းချက်သည့် ဒေါ်တုတ်၏ စူးစူးဝါးဝါး အလန့်တကြားအော်ဟစ်သံကို ကြားလိုက်ရသည်။

"အမလေး. . . လာကြပါဦး၊ ကုန်ပါပြီတော်၊ ကုန်ပါပြီ"

အသံကြားရာဆီသို့ လူရှင်တော်ကြီး ဦးကွာစိ၊ လူကြမ်း

မင်းသား ကျောက်တစ်လုံး၊ ယိမ်းသမလေး သဇင်နွယ်နှင့် ဇာတ် အဖွဲ့သားများသည် အပြေးအလွှား ရောက်ရှိလာကြသည်။

"ဘာဖြစ်လို့လဲ ဒေါ်တုတ်"

"ဟင်းချက်မလို့ လုပ်နေတုန်း ဝက်သားတွဲတွေ ခွေးနက်ကြီး တစ်ကောင် ချီသွားတယ်။ ခွေးကြီးက နည်းတဲ့ကောင်ကြီး မဟုတ်ဘူး၊ ဟိုမှာ ကုက္ကိုပင်ကြီးဘက်ဆီ ပြေးသွားတယ်"

"အဲဒါ ခွေးဟုတ်ချင်မှ ဟုတ်မှာ၊ သရဲကြီးက ခွေးယောင် ဆောင်ပြီး လာဆွဲသွားတာ ဖြစ်ရမယ်"

"ဘယ်ကသရဲလဲ ဦးကျော်စီ"

ထမင်းချက် ဒေါ်တုတ်က မေးလိုက်သည်။

"ဒေါ်တုတ် မသိသေးဘူး ထင်တယ်၊ ကုက္ကိုပင်ကြီးမှာ ခြောက် တဲ့ သရဲကြီးရှိတယ်"

"ဒုက္ခပါပဲဟယ်၊ ညနေညတာ အပြင်ထွက်ဖို့တောင် မလွယ် တော့ဘူး၊ ဒီရွာနာမည်ကလည်း ကြား ကြားဖူးပေါင်တော်၊ သရဲ တောတဲ့၊ ကျွန်မတော့ မြန်မြန်ဇာတ်ကပြီး မြန်မြန်ပြန်ချင်လှပြီ"

"ပြန်လို့ ဘယ်ဖြစ်မလဲ ဒေါ်တုတ်ရ၊ ပွဲခွင်က ချိတ်ပြီးပြီပဲ၊ မနက်ဖြန်ညပဲ စကရတော့မှာ"

ထိုစဉ်မှာပင် ဇာတ်စင်ပေါ်မှ တဝုန်းဝုန်းပြိုကျသံများကို ကြား လိုက်ရ ပြန်သည်။

"သရဲလည်း ညတောင်မရောက်သေးဘူး၊ ခြောက်ပြီထင်တယ်"

"မဟုတ်ပါဘူးကွာ၊ ကားဆွဲကောင်လေးတွေ နောက်ခံကား တွေ ဆွဲရင်း ဝါးလုံးတန်းတွေ ပြုတ်ကျတာဖြစ်မှာပါ၊ ငါ သွားကြည့်

လိုက်ဦးမယ်"

အခမ်းအနားဘက်တွင် တာဝန်ရှိသော ဇာတ်အဖွဲ့သားများသည် နောက်ခံရှုခင်းကား၊ နန်းကား၊ မြို့ရိုးစသည့် ကားလိပ်များအား အတင်အချ အဖွင့်အပိတ်အတွက် ပြင်ဆင်နေကြခြင်းဖြစ်သည်။ ဦးကွာစိ၊ လူကြမ်းမင်းသား ကျောက်တစ်လုံးတို့သည် ဇာတ်စင်ဘက်သို့ လျှောက်သွားကြသည်။ ထမင်းချက် ဒေါ်တုတ်၊ ယိမ်းသမလေးနှင့် အများစုမှာ မျက်လုံးအပြူးသား ဇက်ကလေးများပုပြီး တစ်ယောက်နား တစ်ယောက်တိုးကပ်ကာ ထိတ်လန့်ကြောက်ရွံ့နေကြပေတော့သည်။

❑ ❑ ❑

(၈)

တိတ်ဆိတ်ခြောက်သွေ့နေတဲ့ ကျုပ်တို့နေရာလေးမှာ ဒီကနေ့ည အတော်လေးကို စည်ကားနေပါလား။ ရေနံမီးခွက်လေးတွေ မှိန်တုတ်မှိန်တုတ်နဲ့ ပွဲဈေးတန်းကလည်း အရှည်ကြီး၊ ဇာတ်စင်ကြီးကလည်း ဓာတ်လင်းမီးတွေ တထိန်ထိန်၊ တခြားရွာက ပွဲကြည့်ရအောင် ရောက်လာကြတဲ့ လှည်းဝိုင်းတွေကလည်း သချိုင်းတုန်းတောနဲ့ စားကျက်ကွင်းမှာ ပြည့်လို့၊ ပန်တျာကြည်ဖြူဇာတ်ရဲ့ ထေမည စကပြတဲ့ညဆိုတော့ ပွဲကြည့်ပရိသတ်တွေ ကြိတ်ကြိတ်တိုးနေတယ်။

ရုတ်ရုတ်သဲသဲ သွားလာနေကြတဲ့ ပွဲကြည့်ပရိသတ်တွေကို ကြည့်ပြီး ဘာမဆိုင် ညာမဆိုင် ကျုပ်တောင် ပျော်လာတယ်။

ပျော်ရွှင်မြူးထူးနေတယ် ဆိုတာထက် ကျုပ်စိတ်ထဲမှာ ကျေနပ်အား ရမိတာ ရှိသေးတယ်။ ဘာပြုလို့လဲဆိုတော့ ကျုပ်ဘဝကို ဒုက္ခ ရောက်အောင် ပို့ပေးလိုက်တဲ့ စိန်လက်ပွားဟာ ဒီပန်တျာကြည်ဖြူ ဇာတ်ထဲမှာ ပါလာတာကိုး။ နှစ်တွေကလည်းကြာ၊ ဒီကောင်က မေ့လောက်ပြီထင်ပေမယ့် ကျုပ် ဘယ်မေ့ပါ့မလဲ။

ဘဝချင်းမတူတော့ပေမယ့် ဘယ်ဘဝပဲရောက်ရောက် ဒီကောင့် အပေါ် ကျုပ် အခဲမကျေနိုင်ဘူး။ ပြန်ပြီး လက်စားချေရမှ ဖြစ်မှာ။ ဒီနေ့ညအဖို့တော့ မထင်မှတ်ဘဲ ကျုပ်နယ်မြေထဲကို ဒီကောင် ရောက်လာပြီဆိုတော့ ဒုက္ခလှလှကြီးရောက်အောင် ဖန်တီးရ မှာပေါ့။ တွေ့ကြပြီပေါ့ စိန်လက်ပွားရာ။ ဆိုင်းတီးတဲ့နေရာမှာ မင်းလည်း လက်ကျလက်န မဆိုးပါဘူး။ ဒါပေမယ့် ငါ့အပေါ် မနာလိုဝန်တိုမစ္ဆရိယထားတတ်တဲ့ မင်းရဲ့ မကောင်းတဲ့စိတ်ကိုတော့ ပညာပြန်ပေးရမယ်။

မင်းလည်း ပတ်မတီးဆရာ၊ ငါလည်း ပတ်မတီးဆရာ။ ဆိုင်း ပညာမှာ မင်းထက် ငါသာတယ်ဆိုတာ မင်းလည်းသိတာပဲ။ အမယ် ပြောရင်းဆိုရင်း ပထမသြော်ခ်တီးလုံးသံတွေ ထွက်ပေါ်လာပါ ပေါ့ လား။ ပန်တျာကြည်ဖြူ ဇာတ်သဘင်ရဲ့ ပထမည စတင်ကပြီပေါ့။ ပွဲငတ်နေတဲ့ ရွာကလူတွေကလည်း ရုံပြည့်ရုံလျှံပါလား။ လှည်းဝိုင်း ထဲက နွားအော်သံတွေ၊ လူတွေရဲ့ စကားပြောသံ၊ တေးသီချင်း သံတွေနဲ့ သရဲတောရွာရဲ့ ထူးခြားတဲ့ညမှာ. . .

ကဲ မင်းဆိုင်းဝိုင်းထဲကို အရောက်လာခဲ့ပြီ စိန်လက်ပွားရေ။

□ □ □

(၉)

မြို့ပေါ်မှာ ဇာတ်လာငှားကတည်းက မောင်မိုးတို့ လူငယ် အဖွဲ့နှင့် စိန်လက်ပွား တရင်းတနှီးဖြစ်ခဲ့သည်။ မောင်မိုး ဘာ ကြောင့် သူ့ကို အရေးပေး ပေါင်းသင်းဆက်ဆံနေသည်ကိုလည်း သဘောပေါက်နားလည်သည်။ အမှန်တော့ မင်းသမီး ဒေါင်းမလေး ကို မောင်မိုး စိတ်ဝင်စားနေခြင်းသာ ဖြစ်သည်။

ဒေါင်းမလေးက စိန်လက်ပွားနဲ့ တစ်ရပ်တည်းသားဖြစ်သလို ပန်တျာကြည်ဖြူဇာတ်အဖွဲ့ထဲသို့ သူပင် ခေါ်ဆောင်လာခြင်း ဖြစ် သည်။ ဇာတ်သဘင်ပညာ၊ အကပညာ သင်ပေးရင်း နာမည်ကျော် ကြားလာသည်။

မနက်ပိုင်းကတည်းက မောင်မိုးက လာခေါ်သည်။ ရွာထဲမှာ ပြုစုညှော်ခံပါရစေဆိုပြီး အတင်းပင် ဆွဲခေါ်သည်။ မောင်မိုးတို့ အိမ်မှာပင် သောက်ကြ၊ စားကြ၊ စကားတွေပြောခဲ့သည်။ ထိုစကား ဝိုင်းမှာပင် သူ့အတွက် ထိတ်လန့်တုန်လှုပ်ဖွယ် အကြောင်းကို သိလိုက်ရပေတော့သည်။

"ဟုတ်တယ် ဆရာလက်ပွားရေ၊ ကျုပ်တို့ သရဲတောရွာမှာလည်း ဟိုတုန်းက အကျော်အမော်ဆိုင်းဆရာတစ်ယောက် ရှိခဲ့ဖူးတယ်။ သူ့နာမည်က မုန်တိုင်း၊ စိန်မုန်တိုင်း။ ဒီလူကြီးဘဝက ဆိုးပါတယ် ဗျာ။ ကျုပ်နှမ မြသဲကြည်လေးကို တစ်ဖက်သတ် စွဲလန်းခဲ့ဖူးတယ်။ သူ့ကံကလည်း မကောင်းပါဘူး။ ရွာကိုပြန်လာတုန်း ညဘက် ရွာအဝင် ကုက္ကိုပင်ကြီးအောက်မှာ ဓားပြတွေသတ်လို့ အသေဆိုးနဲ့ သေရတယ်။ ရွာကလူတွေ ပြောတာကတော့ မကျွတ်မလွတ်ဘဲ

အဲဒီကုဏ္ဍိုပင်ကြီးမှာ သရဲကြီးဖြစ်နေတယ် ပြောတာပဲ"

"ငါတို့ ဒီညကမယ့် ဇာတ်စင်နားက ကုဏ္ဍိုပင်ကြီးကို ပြောတာလား"

"ဟုတ်တယ် ဆရာလက်ပွား"

စိန်လက်ပွား မျက်နှာပျက်သွားသလို နဖူးပေါ်တွင် ချွေးများသီးလာသည်။ အရက်ခွက်ကိုင်ထားသော လက်များက မသိမသာ တုန်လှုပ်လာသည်။ အရက်ခွက်ကို ကမန်းကတမ်း မော့ချလိုက်သည်။ ချက်အရက်အနံ့ သင်းသင်းလေးက ရင်ထဲသို့ ပူလောင်ရှိန်းမြစွာ စီးဆင်းသွားသည့်တိုင် ကြောက်လန့်စိတ်က လွှမ်းမိုးနေဆဲပင်။

ထိုအချိန်မှာပင် အိမ်ပေါ်ထပ်သို့ အပြေးအလွှားတက်လာသော သိန်းလွင်က ဝမ်းသာအားရ ပြောလိုက်သည်။

"ပထမညအတွက် ဖျာဇယားကတော့ အကုန်ပြတ်သွားပြီ။ ကိုကြီးမိုးရေ. . . ညနေကျရင် ဟိုဘက်ရွာတွေကလည်း ပွဲကြည့်တွေ ရောက်လာကြဦးမှာ။ လူတွေ သိပ်တိုးနေရင်တော့ ရှေ့ပိုင်းပြဇာတ်ပြီးရင် ရုံဖွင့်ပေးမှာပဲ"

"ကျေးဇူးအထူးတင်တယ် ဆရာ စိန်လက်ပွားရေ။ ဆရာတို့ ပန်တျာကြည်ဖြူဇာတ်ရဲ့ ကျွန်ုပ်တော်တို့ တံစပ်တာအမှန်ပဲ။ ဒီညကတော့ ပန်တျာကြည်ဖြူဇာတ်လည်း ရုံပြည့်ရုံလျှံ အောင်ပွဲခံမယ့်ညပဲ"

"မင်းတို့ သိပ်သည်းဝမ်းမသာကြနဲ့ဦး။ မင်းတို့ ဇာတ်ရုံကယာယီဆောက်ထားတာဆိုတော့ အမိုးရှိတာ မဟုတ်ဘူး။ အနောက်ဘက်မှာ လေနီဆင်တယ်။ ဒီနှစ် မိုးဦးလေးဦး စောစောကျနိုင်တယ်"

မောင်မိုး ဖခင်ဖြစ်သူက သတိပေးစကား ဝင်ပြောလိုက်သည်။
"ဟဲ. . . ကိုမိုး၊ ကျွန်တော်လည်း ပြန်မှဖြစ်မယ်။ ဒီည ဇာတ် သွက်ရတော့မှာဆိုတော့ တစ်ရေးလောက် ပြန်အိပ်မှ ဖြစ်မှာ"
ခေါင်းထဲမှာ ရီဝေဝေ ဖြစ်လာသည်။ မြင်ကွင်းများက ဝေဝေ ဝါးဝါး ရိုးတိုးရိပ်တိတ် ကြည်ကြည်လင်လင်မရှိ၊ မျက်ခွံလေးလံ လာသည်။ စိန်လက်ပွားဇာတ်ရုံသို့ အမြန်ပြန်ပြီး အိပ်ရာထဲတွင် ထိုးအိပ်နေလိုက်ချင်တော့သည်။ မောင်မိုးကို ကြည့်လိုက်စဉ်မှာပင် မောင်မိုးကိုယ်ပွားတွေ မြင်လာရသည်။ တောအရက် ဒီဝရိုက ပြင်းသည်။ သူတော်တော်မူးနေပြီ ဖြစ်သည်။
"ကျွန်တော်တို့ လိုက်ပို့ပါမယ်။ ဇာတ်ရုံမှာလည်း လုပ်စရာ လေးတွေ ရှိသေးတယ်။ ကျွန်တော်ပြောတာလည်း မမေ့ပါနဲ့။ ဆရာ စိန်လက်ပွားရယ်၊ ဒေါင်းမလေးကို ကျွန်တော် တကယ်မေတ္တာရှိတာပါ"
"အေးပါကွာ. . . အဆင်ပြေမှာပါ။ ဒေါင်းမလေးက ငါ့စကား ကို နားထောင်တဲ့ ငါ့တပည့်မလေးပါ"
မောင်မိုးတို့အဖွဲ့ လိုက်ပို့ရင်း ဇာထ်ရုံသို့ ပြန်ရောက်လာသည်။ စိန်လက်ပွားသည် သူ့နေရာဖြစ်သော ဇာတ်ရုံနောက်ဘက်ရှိ အိပ်ရာ ပေါ်တွင် ဝင်ရောက် လဲလျောင်းလိုက်သည်။ အမှတ်မထင် မော့ ကြည့်လိုက်မိရာ ကြီးမားသော ကုက္ကိုကိုင်းကြီးများက အခက် အလက် ဝေဆာစိမ်းမြစွာ ဇာတ်စင်ထောင့်နားကို မိုးထားသည်။ ဒီကုက္ကိုပင်ကြီးပေါ်မှာ မုန်တိုင်းက သရဲကြီးဖြစ်နေတယ်ဆိုပါလား။
သူ့ခန္ဓာကိုယ်တစ်ခုလုံး လေထဲတွင် လွင့်မျောနေသကဲ့သို့ ခံစားနေရသည်။ သတိထားကြည့်လိုက်တော့ ကြီးမားသော ကုက္ကို

ပင်ကြီးပေါ်တွင် ရောက်နေသည်။ သူဘယ်လိုလုပ် ရောက်နေသည်ကို မသိ။ ထိုစဉ်မှာ အေးစက်သော လက်မည်းမည်းကြီးက သူ့ပခုံးပေါ် ကျလာသည်။ နောက်ဘက် သို့ လှည့်ကြည့်လိုက်သည်။

အမွေးစုတ်ဖွားဖွားနှင့် ကြီးမားသော သရဲကြီးသည် နီရဲသော လျှာကြီးကို ဝင်လိုက်ထွက်လိုက်လုပ်ရင်း သူ့အား ခြောက်လှန့်လိုက်သည်။ ကြောက်လန့်တကြား အော်ဟစ်လိုက်သော်လည်း အသံက မထွက်။ လည်ချောင်းဝတွင် အသံက တစ်ဆို့ပျောက်ကွယ်သွားသည်။

သရဲဘဝ ရောက်သွားသော မုန်တိုင်းက အငြိုးမပြေ။ စိန်လက်ပွားအား ကောင်းကောင်းကြီး ခြောက်လှန့်ကာ ဒုက္ခပေးနေပြီဖြစ်သည်။ မုန်တိုင်းသည် ကြမ်းတမ်းစူးရှသော လက်မည်းကြီးများနှင့် သူ့လည်မျိုအား ညှစ်လျက်ရှိသည်။ ဘယ်လိုမှ ရုန်းထွက်လို့ မရပေ။ ထိုစဉ်မှာပင် သူ့ခြေထောက်အား ဆွဲလှုပ်လိုက်သလို ခံစားလိုက်ရသည်။

"ဆရာစိန်လက်ပွား ထတော့လေ။ ၄ နာရီ ထိုးနေပြီ။ ဆိုင်းဝိုင်းအတွက် စီစဉ်ရဦးမယ် မဟုတ်လား"

မင်းသား ပန်တျာကြည်ဖြူက ခြေထောက်ကို လှမ်းဆွဲပြီး လှုပ်နှိုးလိုက်သောကြောင့် စိန်လက်ပွားလန့်နိုးလာသည်။ မနက်ပိုင်းက မောင်မိုးတို့ အဖွဲ့နှင့် ရွာထဲတွင် အရက်သောက်ခဲ့ပြီး မူးမူးနှင့် အိပ်ပျော်သွားသည်ကို ပြန်လည် အမှတ်ရလိုက်သည်။ မင်းသားပန်တျာကြည်ဖြူက စိန်လက်ပွားအား အိပ်ရာမှ နှိုးလိုက်ပြီး လူရွှင်တော်ကြီး ဦးကွာစိရှိရာဘက်သို့ ထွက်သွားသည်။

စိန်လက်ပွား ခေါင်းများ ကိုက်ခဲလျက်ရှိသည်။ မြင်ကွင်းများက ကြည်လင်ခြင်းမရှိ၊ အမှုးရိပ်က မပြေသေး။ ကုက္ကိုပင်ကြီးပေါ်သို့ အမှတ်တမဲ့ကြည့်မိလိုက်သည်။ ကြီးမားသော ကုက္ကိုပင်ကြီးပေါ်တွင် မည်းမည်းကောင်ကြီးတစ်ကောင်သည် နီရဲပြူးကျယ်သော မျက်လုံးကြီးများနှင့် သူ့အား စိုက်ကြည့်နေသည်ကို အထိတ်တလန့် မြင်တွေ့လိုက်ရသည်။

❑ ❑ ❑

(၁၀)

ပန်တျာကြည်ဖြူဇာတ်အဖွဲ့ ကပြမည့် ပထမည၊ ပွဲဦးထွက်မည့်ညသည် သရဲတောရွာနှင့် အနီးပတ်ဝန်းကျင်ရှိ ရွာစဉ်ဆက် တစ်လျှောက် ပြောစမှတ်တွင်ရမည့် ညမျိုးဖြစ်သည်။ ထိုညက ဆိုးဝါးသော ကံကြမ္မာတစ်ခု ဝင်ရောက်လာမည်ကို မည်သူမျှ မသိကြပေ။

အနီးပတ်ဝန်းကျင်နှင့် ဝေးလံသော ရွာများကပင် ပွဲကြည့်ရန် နွားလှည်းများနှင့် တပျော်တပါး ရောက်လာကြသည်။ ဖြူသံ၊ ခလောက်သံ၊ နွားအော်သံ၊ လှည်းဘီးအီသံများနှင့် ဆူညံလျက် ရှိသည်။ သရဲတောရွာထိပ်ရှိ ကုက္ကိုပင်ကြီး၊ စားကျက်တော၊ သင်္ချိုင်းကုန်းတောတစ်ခုလုံး ကြိတ်ကြိတ်တိုး စည်ကားနေပေသည်။ လက်မှတ်ရောင်းသည့် အပေါက်ဝတွင်လည်း တန်းစီတိုး ကြိတ်နေကြသည်မှာလည်း တရုန်းရုန်း။

"ဂလောင်. . . ဂလောင်. . . ဂလောင်"

ဇာတ်ရုံမှ ပထမအကြိမ် ခေါင်းလောင်းသံက ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ ပွဲကြည့်ပရိသတ်များ ရုံဝင်နောက်ကျမည်ကို စိတ်စောနေကြသည်။ ဇာတ်ခုံအပြင်အဆင်၊ ဆိုင်းဝိုင်း၊ ကန့်လန့်ကာ၊ မီးရောင် စသည်ဖြင့် ကြိုတင်လေ့လာ စူးစမ်းသည့်သဘောနှင့် ရုံထဲသို့ ဝင်ရောက်ကြည့်ရှုသူများအား ဒုတိယအကြိမ် ခေါင်းလောင်းသံက ရုံခါလိုက်ပြီဖြစ်သည်။

"ဂလောင်. . . ဂလောင်. . . ဂလောင်"

"ဂလောင်. . . ဂလောင်. . . ဂလောင်"

တတိယအကြိမ် ခေါင်းလောင်းသံ ဆုံးသွားသည်နှင့် ဇာတ်ထွက်တော့မည်ဖြစ်ကြောင်း၊ ယနေ့ည ကပြအသုံးတော်ခံမည့် ဟာသပြဇာတ်၊ အော်ပဒါ၊ ရှေ့ပိုင်းပြဇာတ်၊ နှစ်ပါးသွား၊ နောက်ပိုင်းဇာတ်ထုတ် စသည်ဖြင့် အစီအစဉ် ကြေညာသံများ ထွက်ပေါ်လာသည်။ ကြေညာသံ ဆုံးသွားသည်နှင့် စိန်လက်ပွား မြန်မာ့ဆိုင်းဝိုင်းကြီးထဲမှ ကရောင်းရိုက်ချက်များ ထွက်ပေါ်လာသည်။

နောက်တုတ်တီးသူက စခွန့်ကို (ဖြိုးတက်၊ ဖြိုးတက်) ဟု အသံပေး လိုက်သောအခါ နှဲဆရာသည် မြန်မာသံစဉ် ခုနစ်သံကုန်အောင် နှဲကိုစမ်းသည့် သံမှန်များက နွဲ့နှောင်းစွာ ထွက်ပေါ်လာသည်။ ကရောင်းတီးချက်မှာ နှဲဆရာကပင် ဦးဆောင်ရသည်။ နှဲကလေး၊ ကြေးမောင်း၊ နောက်တုတ်၊ စခွန့်၊ စည်တို၊ စည်းဝါး၊ လင်းကွင်းအလတ် တူရိယာများနှင့် စုံညီသော ကရောင်းရိုက်သံများမှာ အမြူးအကြွ မြိုင်မြိုင်ဆိုင်ဆိုင် ထွက်ပေါ်လာသည်။ ပွဲကြည့်ပရိသတ်များမှာလည်း မြူးကြွသော ကရောင်းတီးချက်သံစဉ်

များကြောင့် ပျော်ရွှင်လန်းဆန်းလာကြသည်။

ပန်တျာကြည်ဖြူဇာတ်မှ ကြေညာသွားသည့် အစီအစဉ်များအတိုင်း ဘာတွေထွက်လာမလဲ၊ ဘယ်လိုသရုပ်ဆောင်ကြမလဲ၊ လူရွှင်တော်ကြီးတွေကရော တဝါးဝါး တဟားဟား ဖြက်လုံးထုတ်ပြီး ရယ်ရမလား။ မင်းသမီးတွေ ချောမှချောရဲ့လား။ မင်းသားပန်တျာကြည်ဖြူ ဘယ်လိုနှစ်ပါးသွားမလဲ၊ နောက်ပိုင်းဇာတ်မှာရော အပြောအဆို၊ ငိုချင်းတွေ ဘယ်လိုရှိမလဲ စသဖြင့် စိတ်ဝင်စားစွာ ဇာတ်စင်ပေါ်သို့ အာရုံစူးစိုက်ပြီး ကြည့်နေကြသည်။

ကရောင်း တီးပြီးသွားသောအခါ စိန်လက်ပွား၏ လက်စွမ်းတီးပြရမည့်အချိန် ရောက်လာသည်။ ပွဲဦးခေါ် ကရောင်းတီးပြီးနောက် ခုနစ်သံချီ ပတ်ယိုင်တီးရမည်။ စောစောက ကရောင်းတီးနေစဉ် တစ်ဝက်လောက်မှာပင် ပတ်တီးလက်ထောက် မောင်မိုးက ဆိုင်းဝိုင်းထဲဝင်၍ ခုနစ်သံချီပတ်စာ တပ်ပေးသွားသည်။

စိန်လက်ပွားသည် ခုနစ်သံချီ ဗိန်းမောင်းကို စတင်တီးခတ်လိုက်သည်။ ပွဲကြည့်ပရိသတ်များကလည်း ဗိန်းမောင်းတိုက်သံကြားလိုက်ရပြီး ပွဲထွက်တော့မည်ကို မျှော်တလင့်လင့် စိတ်ဝင်တစားကြည့်နေရသည်။ ဆိုင်းအဖွဲ့သားများ၏ "ရွှေဘုန်းတော်တိုးပါလို့" ပတ်ယိုင်သီချင်းသံ ထွက်ပေါ်လာသည်။

"ရွှေမြို့မှာတဲ့ ဆင်ဖြူတော်. . . ဘုန်းတောက်လို့ခေါ် . . . ဆင်ဖြူတော်ပေါ်သည့်အရေး. . . စပါးဆန်ရေ ရွှေငွေမနှေး . . . ပေါပြည့်ဝမယ်လေး. . . ရွှေမြို့မှာ ကုန့်လှေ့ဆိုက်ပါလို့. . . မလေးစိတ်ကြိုက် ဝယ်ခဲ့မယ်. . . ဝယ်ခဲ့ဆို ပုံတော်အီး. . .

လေးထောင့်မှန်ကြီး. . . ."

စိန်လက်ပွားတို့ လက်စွမ်းပြရမည့် ခုနစ်သံချီ တီးလုံးသံများ မြိုင်မြိုင်ဆိုင်ဆိုင် ထွက်ပေါ်လျက်ရှိသည်။ နတ်ကတော်အက မထွက်မီ ခုနစ်သံချီ တီးရခြင်းမှာ ရှေးခေတ်ရှေးအခါက ဆိုင်း၊ ရုပ်စုံ၊ သဘင်တို့ကို သစ်ဝါးဆိုင်ရာ လမိုင်းနတ်မလေးအား ဘုရင်က အစောင့်အရှောက် ပေးထားသည်ဟု ဆိုကြသည်။ ထို့ကြောင့်လည်း အစွဲအလမ်းအရ(ကဝါလမိုင်း၏သမီး) လမိုင်းမ သရုပ်သဏ္ဍာန် လုပ်၍ နတ်ကတော်ရုပ်ဖြင့် ပွဲဦးထွက်ကြရသည်။ သစ်သားစောင့် ရှင်မ၊ လမိုင်းမ၊ နောက်ပိုင်းတွင် နတ်မ၊ နတ်ကတော်ဟု အဆင့်ဆင့် ဝေါဟာရ ရွေ့လျားခေါ်ဝေါ်ခဲ့ကြရသည်။

နတ်ကတော်မထွက်မီ ဆိုင်းသည် အရှေ့က ကုက္ကိုပင်၊ အနောက်မှ ထိန်ပင်၊ မြောက်အရပ် ပဒေသာပင်၊ တောင်ဘက် သပြေပင်၊ ဝဠုန်ပြည်မှ လက်ပံပင်၊ အသူရာဘုံမှ သခွပ်ပင်၊ သိကြားပြည်က ကသစ်ပင် စသော သစ်ပင်ခုနစ်ပင်ကို အစွဲပြု၍ ခုနစ်သံချီ တီးပေးရခြင်းဖြစ်သည်။ လမိုင်းမအား ပုဇော်ခြင်းပင် ဖြစ်သည်။ ဇာတ်သဘင်လောကတွင် ပွဲကြည့်ပရိသတ်အား ကပြအသုံးတော်ခံရာ၌ အဆင်ပြေခြင်း၊ မပြေခြင်းကို ဒီနေ့ည လမိုင်းကပ်တယ်၊ ဒါမှမဟုတ် အဆင်မပြေပါက လမိုင်းမကပ်ဟု ဇာတ်သုံးစကား သဘင်မှုနယ်တွင် ပြောလေ့ပြောထ ရှိကြသည်။

ပန်းတျာကြည်ဖြူဇာတ်၏ သရဲတောရွာ ပွဲဦးညတွင် ဆိုင်းတီး ရသော စိန်လက်ပွားအနေနှင့် လမိုင်းမကပ်ဘဲ ဖြစ်နေသည်။ စိန်မှန်တိုင်းသည် သရဲတောရွာသားမှန်း သူမသိခဲ့။ အကယ်၍

သိခဲ့ရလျှင်လည်း ဒီရွာသို့ သူလိုက်ပါမည် မဟုတ်ပေ။ မနက်ကမှ ရွာခံ မောင်မိုးတို့နှင့် သောက်ကြစားကြရင်း မုန်တိုင်းအကြောင်းကို သိခဲ့ရသည်။ ယခု မုန်တိုင်းသေဆုံးခဲ့ရသော ကုက္ကိုပင်ကြီးနားတွင် သူ ဆိုင်းတီးနေရခြင်း ဖြစ်သည်။

မြို့ပေါ်တွင် ဆိုင်းပြိုင်တီးခဲ့စဉ်က မုန်တိုင်းကို မနိုင်။ ပရိသတ် အလယ်တွင် အရှက်ရ၊ အရှုံးပွဲနှင့် ရင်ဆိုင်ခံစားခဲ့ရဖူးသည်။ မုန်တိုင်းမှာ ရွှေတိုင်ငွေစလေးများ စုဆောင်းထားသည်ကို သိရှိထား သည်။ အရက်ဝိုင်းတွင် သောက်ကြစားကြရင်း ဓားပြအဖွဲ့ဝင် တစ်ဦးအား အမှတ်မထင် သူပြောပြလိုက်မိသည်။ သူပြောပြခဲ့ သောကြောင့် မုန်တိုင်းအသတ်ခံရခြင်း ဖြစ်သည်။ သူ့ ပယောဂ မကင်းခဲ့။ အသတ်ခံရလောက်သည်အထိ ဖြစ်လာလိမ့်မည်ဟု အစ က သူမထင်ခဲ့ပေ။

ဒီသရဲတောရွာ ရောက်ကတည်းက သူ့စိတ်ထဲတွင် သက်ာ မကင်းခဲ့။ ဆိုင်းပစ္စည်းတွေ တင်လာရင်း ရောက်သည့်ရက်က လှည်းပေါ်တွင် အိပ်ပျော်သွားသည်။ အိပ်မက်ဆိုးတွေ မက်ခဲ့သည်။ သူ့ဆိုင်းဝိုင်းထဲတွင် သရဲကြီးတစ်ကောင်က ဆိုင်းဝင်တီးနေသည်။ သရဲဆိုင်းတီးတာကို တစ်ခါမှ မြင်ဖူး တွေ့ဖူးခြင်းမရှိခဲ့။ ဒီသရဲက ဆိုင်းတီးကောင်းသည့် သရဲတစ်ကောင်ဖြစ်သည်။

ဆိုင်းတီးနေရင်းမှ သရဲကြီးလက်များသည် ရေဘဝဲ တစ် ကောင်လို လက်ချောင်းတွေအများကြီး တွန့်တွန့်လိမ်လိမ်နှင့် ထွက် လာသည်။ လက်တစ် ချောင်းက သူ့ခါးအား ဆွဲယူလိမ်ညှစ်ခြင်း ခံလိုက်ရသည်။ သူ့လိုပင် နတ်ကတော် အပျိုတော် ပွဲဦးပထမည

အထ(စေတော်တိုက်ခန်း)တွင် နောက်ပိုင်း မင်းသမီးကြီးဖြစ်သော ရွှေနှင်းဆီကိုလည်း သရဲလက်ချောင်းကြီးများက လိမ်ပတ်ဆွဲညှစ်ထားသည်။

နောက်ခံပိတ်ကား အဖြူကြီးမှာလည်း သွေးတွေ စီးဆင်းကျလာသည်။ မင်းသမီးရွှေနှင်းဆီ၏ ဗိုက်ထဲက ကနေရင်း ကလေးငယ်လေး မွေးဖွားလာသည်ဟု အိပ်မက်ဆိုးများ မက်ခဲ့ဖူးသည်။ နေ့လယ်က အိပ်ပျော်သွားစဉ်တုန်းကလည်း သရဲကြီးက သူ့အား တုတ္တိုပင်ကြီးပေါ်သို့ ဆွဲခေါ်သွားသည်။

အမွှေး စုတ်ဖွားဖွားကြီးများ၊ ပြူးတစ်ပြူးတစ် ထွက်ပြူးသော နီရဲသော လျှာကြီး၊ ကြမ်းတမ်းစူးရှသော လက်မည်းကြီးများနှင့် သူ့လည်ပင်းကို အသေညှစ်သတ်ခြင်း ခံရသည်။ ဇာတ်ဆရာ မင်းသားကြည်ဖြူသာ လာမနှိုးပါက အိပ်မက်ဆိုးထဲတွင် သူ့အသက် ပျောက်သွားလောက်သည်။

ပွဲမထွက်ခင်က မင်းသမီးရွှေနှင်းဆီပြောစကားကို ပြန်ကြားယောင်မိသည်။

"ဒီည ပွဲကရမှာ ဘာဖြစ်လို့လဲ မသိဘူး။ ကျွန်မစိတ်တွေ ခြောက်ခြားနေတယ်။ ကိုယ်ဝန်ရှိခါစဆိုတော့ ခေါင်းတွေလည်း ခဏခဏ မူးနေတယ်။ လမိုင်းတပ်ချင်မှ ကပ်မယ်။ ကကွက်တွေ မှားသွားရင် ဆရာ ထိန်းပြီး သယ်သွားပါ"

ခုနစ်သံချီ ဗိန်းမောင်းနှင့် စင်တိုင် ဗိန်းမောင်းသံများ တီးပြီးသည်နောက် မင်းသမီးရွှေနှင်းဆီ၏ ကြည်လင်ချိုအေးသော မေတ္တာပို့တေးသံများ ထွက်လာသည်။

"တောင်ထိပ်ပေါ်မှာ နွယ်ချိုနေ့ဝါလို့. . . ဥဩတွန်တဲ့ လရာသီ. . . ဖက်ဆွတ်ကယ်. . . အင်ကြင်းက. . . သင်းပျံ့ခဲ့ပြီ . . . တပေါင်းလရယ်တဲ့ ပွဲတော်မီ. . . သရဖီနှင့် ကုံကော်ပန်း . . . စွယ်တော်စဥ်. . . ယဥ်မဆုံးတယ်. . . သုံးတော်ရပန်း"

ပြည်ဖုံးကားကြီး ဖွင့်လိုက်ပြီဖြစ်သည်။ မင်းသမီး ရွှေနှင်းဆီသည် ခေါင်းတောင်နှစ်ဖက်ကို လက်ကကိုင်၍ ခေါင်းတွင် ရှုပ်ပန်းသည်စည်းကာ ရင်ဘတ်၌ ပဝါစည်းထားပြီး လမိုင်းနတ်တလေး အကဖြင့် ထွက်ပေါ်လာသည်။ ကမ္ဘာတောင်းမှ တမ္ဘာသစ်ကို ဘည်ဆောက်ပေးခြင်း အထိမ်းအမှတ်ဖြစ်သည်။

မင်းသမီးရွှေနှင်းဆီသည် ဇာတ်စင်၏ ညာဘက်မှ ထွက်ပေါ်လာသည်။ ခြေကို လုံ ဝမကြွ၊ ကြမ်းခင်းကို ခြေပွတ်ရွှေ့လျက် ဘခွင်အလယ်ရှိ ကန်တော့ပွဲထံအရောက် ပျောင်းပျောင်းအိအိ ခွင်အဆစ်အချိုးမှန်စွာ အကဟန်နှင့် ရွှေ့သွားသည်။ သိမ်မွေ့ ညက်ညောသော အလှအပြ အကဖြစ်သည်။

ကခွင့်မီးများက အပူရောင်ဖြင့် မှိန်ဖျော့လျက်ရှိသည်။ အဖျိုတော် ဆယ့်နှစ်ခန်းအကကို မင်းသမီးတိုင်း မကတတ်ပေ။ ဒါရင့်သမ္ဘာရင့်မင်းသမီးကြီးများမှသာ နိုင်နင်းစွာ ကကြိုးကကွက်နှင့် သရုပ်ဖော် ကပြရခြင်းဖြစ်သည်။ သိပ်မွေ့ရသည်။ သွက်လက်မြူးဆတ်ရသည်။ ရွှင်ရွှင်မြိုင်မြိုင်ရှိရသည်။ သရုပ်ဆောင်ပရိယာယ်ကြွယ်ရသည်။ လွယ်ကူလှသည်တော့မဟုတ်။

အဆိုပိုဒ်နှင့် စည်းဝါးအထားအသို ကျွမ်းကျင်နိုင်နင်းရသည်။ ဆယ့်နှစ်ထွေ၊ ခုနစ်ထွေ၊ ပလို့ချက်တို့ တိကျ ပေါ်လွင်စေရသည်။

စင်ထက်နှင့် စင်အောက်အချိတ်အဆက် ကောင်းရသည်။ ဆိုင်းဆရာကဏ္ဍကလည်း အရေးကြီးသည့်အလျောက် စိန်လက်ပွား ချွေးပြန်လျက်ရှိသည်။

အပျိုတော် ဆယ့်နှစ်ထွေမှာ နတ်၊ မြင်း၊ မျောက်၊ ဘီလူး၊ ဇော်၊ ဝန်၊ ပြော၊ အိုးစည်၊ ဒိုးပတ်အပြောင် (သို့) ကျွမ်း၊ နေရာတော်ခင်း၊ အဘိုးအို၊ အဘွားအို အကတို့ ပါဝင်သည်။ ခုနစ်ထွေမှာ မြင်း၊ မျောက်၊ ဘီလူး၊ ဇော်၊ ဝန်၊ အပြောင်အရွှန်း၊ အခုန်အပျံအကတို့ဖြစ်သည်။ ဆယ့်နှစ်ခန်းမှာ ဖျက်ခုံးပလို့၊ မေးပလို့၊ ပခုံးပလို့၊ ရင်ပလို့၊ တင်ပလို့၊ လက်ရုံးပလို့၊ လက်စုံပလို့၊ တင်ခြမ်းပလို့ (လက်တစ်ဖက်စီ) အရုပ်ကြိုးလိမ်ပလို့၊ ဘယ်ခြေ ညာလက်ပလို့၊ စုံပလို့၊ နတ်ယိုင်အကတို့ဖြစ်သည်။

ရွှေနှင်းဆီသည် သဘင်ရည်ဝသော မင်းသမီးဖြစ်သည်။ ဦးခေါင်း၊ ပခုံး၊ လက်မောင်း၊ ခါး၊ ရင်၊ တင်၊ ပေါင် စသည့် ကိုယ်အင်္ဂါအစိတ်အပိုင်းများကို တစ်မျိုးစီ ပီပြင်စွာ လှုပ်ကလျက်ရှိသည်။ ကနေရင်းမှာပင် ရင်ထဲမှာ ရှိုက်ပြီး မောလာသည်။ ခေါင်းထဲမှာ မူးဝေလာသည်။ ဆိုင်းဝိုင်းထဲမှ စိန်လက်ပွားဆီသို့ အကြည့်ရောက်သွားသည်။

အလို. . . စိန်လက်ပွားနေရာတွင် အမွေးစုတ်ဖွားဖွားနှင့် မည်းမည်းကောင်ကြီး ရောက်နေပါလား။ ဒါ သရဲကြီးများလား။ သရဲတောရွာက သရဲတွေ အရမ်းပေါတယ်လို့ အငြိမ့်သမလေးများ ပြောနေကြသည်ကို ကြားခဲ့ဖူးသည်။ စိန်လက်ပွားနေရာတွင် သရဲကြီးတစ်ကောင် ဆိုင်းဝင်တီးနေပါပေါ့လား။ နီရဲပြူးကျယ်သော

မျက်လုံးများ ဝင်းဝင်းတောက်လျက်ရှိသနေသည်။

ကွက်ထိုး မီးရောင်စုံများက တဖျတ်ဖျတ်နှင့် သူမကိုယ်ပေါ်တွင် လှည့်ပတ်ထိုးလျက်ရှိသည်။ ခေါင်းထဲမှာ မူးဝေနောက်ကျိလာသည်။ ကခွင်များလည်း မမှန်တော့။ အဆစ်အချိုး၊ လက်အကွေးများကလည်း မလှုပ်ချင်အောင် ညောင်းညာလေးလံ ကိုက်ခဲလာသည်။ ကိုယ်ဝန်ရှိခါစဖြစ်သလို၊ အပျိုတော်ခန်းအကမှာလည်း ပင်ပန်းလှသည်။

ထိုစဉ်မှာပင် ဆိုင်းဝိုင်းထဲက မည်းမည်းကောင်ကြီးက ခုန်ထွက်လာပြီး သူမကိုယ်ပေါ်သို့ ပိကျလာသည်ဟု ထင်မိလိုက်သည်။ ရွှေနှင်းဆီ မျက်လုံးထဲတွင် ဘာမှမမြင်ရတော့ပေ။ အမှောင်ထုကြီးသာ လွှမ်းမိုးသွားပြီး နတ်ယိုင်အက ကနေရင်းမှာပင် ဇာတ်စင်ပေါ်၌ ခွေယိုင် လဲကျသွားသည်။

ကန့်လန့်ကာကြားမှာ လူရွှင်တော်ကြီး ဦးကွာစိ၏ အရေးတကြီး အော်ပြောသံများ ထွက်ပေါ်လာသည်။

"ကားဆွဲတွေ မြန်မြန်ချ၊ မြန်မြန်ချ"

ပြည်ဖုံးကားကျလာပြီး ဇာတ်စင်တစ်ခုလုံး မီးရောင်မှိန်ချထားလိုက်သည်။ ရွှေနှင်းဆီ ကနေရင်း မူးလဲသွားသည်ကို မြင်လိုက်ရသော စိန်လက်ပွားသည် စည်ခံတီးလုံးများကို မြိုင်မြိုင်ဆိုင်ဆိုင် တီးလိုက်ရင်း အချိန်ဆွဲထားလိုက်သည်။ လူရွှင်တော်ကြီး ဦးကွာစိနှင့် ဇာတ်အဖွဲ့သားများသည် မင်းသမီးရွှေနှင်းဆီအား ဇာတ်စင်နောက်သို့ ပွေ့ချီပြီး ခေါ်ဆောင်သွားကြသည်။

ဇာတ်အဖွဲ့တစ်ဖွဲ့တွင် ဆိုင်းဝိုင်းကောင်းဖို့လည်း အရေးကြီး

သည်၊ ဆိုင်းနှင့် ဇာတ်မှာ လင်မယားလိုပင် ဖြစ်သည်၊ ဇာတ်က တစ်စုံတစ်ရာ အမှားအယွင်းဖြစ်လျှင် ဆိုင်းက ထယ်ယူသွားရပေသည်။ စိန်လက်ပွားမှာ ဆိုင်းဆရာကောင်းတစ်ဦး ဖြစ်သည်။ မင်းသား၊ မင်းသမီး၊ လူကြမ်း၊ လူရွှင်တော်တို့အား ကောင်းသည်ထက် ကောင်းအောင် အဆိုပိုင်းရော၊ အကပိုင်းပါ စိန်လက်ပွားက ဦးဆောင်တီးနိုင်စွမ်းရှိသူ ဖြစ်သည်။

စိန်လက်ပွား တီးပေးသော အတီးလေးပေါ်တွင် အဆိုသမားက မှေး၍ မေးတင်လိုက်သွားနိုင်သည်။ မင်းသား၊ မင်းသမီး မောပြီး အသံမရှိ၍ မဆိုနိုင်ခြင်းကိုပင် စိန်လက်ပွားက မသိအောင် ဖုံးဖိပေးနိုင်စွမ်း ရှိသည်။ ဇာတ်အဖွဲ့တွင် ဇာတ်ပို့ကောင်းရန် ဆိုင်းဆရာမှာ အရေးကြီးလှသည်။

အရေးကြီးသော ပွဲကချိန်များတွင် တာဝန်ယူထားသော ဆိုင်းဆရာ စိန်လက်ပွားသည် ယနေ့ညအဖို့ လမိုင်းမကပ်ဘဲ ဖြစ်နေသည်။ မက်ခဲ့သော အိပ်မက်ဆိုးများထဲကအတိုင်း မင်းသမီး ရွှေနှင်းဆီးမှာ မူးမေ့လဲသွားပြီး အရေးပေါ်ကုသမှုများ ပြုလုပ်နေရသည်။

စိန်လက်ပွားသည် လေပြေထိုးတီးလုံးကို တီးပေးလိုက်သည်။ နောက် တစ်ခန်းမှာ ဟာသပြဇာတ်တိုလေး ကပြမည့်အခန်း ဖြစ်သည်။ တီးလုံးဆုံး သွားသည်နှင့် ပြည်ဖုံးကားတင်လိုက်သည်။ နောက်ခံ နန်းတော်မြို့ရိုးကားတစ်ခု ပေါ်လာသည်။

မြို့ရိုးရှေ့တွင် မောင်းကြီးတစ်ခုကိုထမ်း၍ တဒူဒူတီးနေသော မောင်းထမ်းသမားနှစ်ဦးနှင့် မြို့ဝန်မင်းပုံစံ ဝတ်စားထားသော

လူရွှင်တော်ကြီး ဦးကွာစိထွက်လာသည်။ မြို့ဝန်မင်းက စာရွက်လိပ်ကြီးကိုဖြန့်၍ အမိန့်တော်ပြန်လိုက်သည်နှင့်. . .

"တိုင်းသူပြည်သား လူအများတို့လေ။ တိုင်းပြည်အုပ်ချုပ်မင်းလုပ်တော်မူသော မင်းတရားကြီး အမိန့်တော်ရှိလိုက်သည်၊ မင်းတရားကြီး၏ သမီးတော်လေးအား ကြင်ရာတော်ရွေးပွဲအတွက် ပညာရှင်ရွေးချယ်ပွဲ ကျင်းပပေးမည်။ မှန်ကန်အောင် ဖြေဆိုနိုင်သူအား ပင်တိုင်စံသမီးတော်လေးနှင့် ထိမ်းမြားလက်ထပ် အိမ်ရှေ့အရာ ချီးမြှင့်ပေးသနားတော်မူမည်၊ မှန်ကန်အောင် မဖြေဆိုနိုင်သူများအား ကျောတစ်ရာ၊ ရင်တစ်ရာ ကြိမ်ဒဏ် ခတ်တော်မူမည်၊ ဘုရင့်အမိန့်တော်"

"ဒူ. . . ဒူ. . . ဒူ"

ကြေညာချက်အဆုံးတွင် လူရွှင်တော်နှစ်ဦးထွက်လာသည်။ မောင်းသမားနှစ်ဦးနှင့် မြို့ဝန်မင်း ဇာတ်စင်တစ်ဖက်သို့ ဝင်သွားသည်။ လူရွှင်တော်နှစ်ဦး စကားပြောခန်းဖြစ်သည်။ ကြေးနောက်ဘီး ဆရာလေး ဖိုးအေးက စိန်လက်ပွားထဲသို့ မတ်ခွက်နှင့် ထည့်ထားသော အရက်ခွက်ကို လှမ်းပေးလိုက်သည်၊ အလိုက်သိသည့် ဘပည့်ကျော်လေးဖြစ်သည်။

ရေသောက်သလို ပုံစံမျိုးနှင့် စိန်လက်ပွားမော့ချလိုက်သည်၊ ရင်ထဲတွင် ပူဆင်းသွားသည်၊ သွေးများ ဆူလာသည်၊ အရက်ရှိန်လေးနှင့်မှ ဆိုင်းတီးလို့ကောင်းသည်၊ အရက်ကို ကြိုက်လည်းကြိုက်သည်၊ ဘာပဲဖြစ်ဖြစ် ကြောက်ကြောက်နှင့် လိုမ့်သောက်ဖြစ်နေမိသည်၊ ဘယ်လောက်သောက်သောက်၊ ဘယ်လောက်မူးမူး

စိန်လက်ပွား ဆိုင်တီးပျက်သူမဟုတ်။ လက်ကျလက်န မှန်စွာ တီးနိုင်စွမ်းရှိသူဖြစ်သည်။

ဇာတ်စင်ပေါ်ကျနေသော မီးဆလိုက်များနှင့်အတူ သူ့မျက်လုံးများ ပြာလျက်ရှိသည်။ သရဲကြီးဖြစ်နေသော မုန်တိုင်းကို ကြောက်မိသည်။ သူဆိုင်းတီးနေစဉ် ဒါမှမဟုတ် ဆိုင်းသံကြားလျှင် မုန်တိုင်း မနေနိုင်၊ မထိုင်နိုင်ဖြစ်ကာ သူ့ဆိုင်းဝိုင်းထဲ ဝင်ရောက်လာမည်လား မသိပေ။

ဒိုးပ်မက်ဆိုးများထဲကလို ဆိုင်းဝိုင်းထဲသို့ မုန်တိုင်းသရဲ ရောက်မလာပါစေနှင့်ဟုသာ ဆုတောင်းနေမိသည်။ လူရွှင်တော်နှစ်ဦး ပညာရှင်ရွှေချယ်ခန်းအကြောင်းကို ပြောဆိုကြပြီး ဇာတ်စင်တစ်ဖက်သို့ ဝင်သွားကြသည်။ ပြည်ဖုံးကားလိပ် ကျလာသည်။ စိန်လက်ပွားက ခန်းပြောင်းတီးလုံးတီးရန် လက်ကိုရွယ်လိုက်စဉ်မှာပင် သူ့လက်များမှာ ပတ်လုံးပေါ်မကျဘဲ လေထဲတွင်သာ ဝဲပျံလျက်ရှိသည်။

ဆိုင်းဝိုင်းထဲသို့ လူတစ်ယောက်ဝင်လာပြီး ဆိုင်းကိုးလိုက်သလို အကြိတ်တီးသံဖြစ်သော (ကျလိလိ) အသံနှင့် အညည်းတီးသံဖြစ်သော (ဟီး. . . ဟိ. . . ဟီး. . .) ဆိုသည့် အသံကြီးများ ထွက်ပေါ်လာသည်။ သူ့လက်များက လေထဲမြောက်တက်နေသည်။ ပတ်လုံးပေါ် ချမရဘဲ ဖြစ်နေသည်။ ပတ်မကြီး၏ အမဘက်တွင် ဘယ်ဘက်လက်မည်းမည်းကြီးက ပိတ်ထားပြီး အဖိုဘက်ကို ညာဘက်လက်ချောင်းမည်းမည်းကြီးက ဖိ၍ အရှေ့ဘက်သို့ တွန်းသွားသည်ကို မြင်လိုက်ရသည်။ လူသွားများကြိတ်

သလို ကျလိလိ အသံများထွက်လာသည်။

ထို့နောက် လက်မည်းမည်းကြီးက ရွေ့သွားပြန်သည်။ ပတ်မ ၏ အဖိုဘက်ကို ညာဘက်လက်ဝါးမည်းမည်းကြီးက မထိတထို သား၍ ပတ်မကြီး အမဘက်သို့ ဘယ်လက်သီးဆုပ်မည်းမည်းကြီး က တုန်ခါအောင် တီးနေခြင်း ဖြစ်သည်။ အများတတ်နေသော လူတစ်ယောက် ညည်းညူသကဲ့သို့ "တီး. . . တီ. . . တီး. . . တီး" အသံများ ထွက်ပေါ်လာသည်။

စိန်လက်ပွား လွန်စွာမှ အံ့ဩသွားသည်။ သူ့နဖူးမှ ချွေးများ စို့လာသည်။ သူမတီးဘဲနှင့် အကြိတ်တီး၊ အညည်းတီးသံကြီးများ အလိုလို ထွက်ပေါ်လာခြင်းဖြစ်သည်။ ဒါဆိုရင် သူအိပ်မက်ဆိုးများ မက်သည့်အတိုင်း မုန်တိုင်းသရဲ ရောက်လာခြင်းဖြစ်မည်လား။

ဒါမှမဟုတ် အရက်သောက်တာများသွား၍ အမူးလွန်ပြီး သင်မိထင်ရာ ရူးကြောင်မူးကြောင် ဖြစ်သွားခြင်းလား စိန်လက်ပွား စဉ်းစားရခက်သွားသည်။ ထိုအချိန်မှာပင် ပြာနှမ်းနေသော မိုးကောင်းကင်ကြီးတွင် ကြယ်ရောင်လေးများ ပျောက်ကွယ်သွား သည်။ ကောင်းကင်ကြီးတစ်ခုလုံး ညိုမည်းမှောင်ပိန်းလာသလို လျှပ်စီးများ ဝင်းခနဲ လက်ခနဲ လျှပ်ထောင် လင်းလက်သွားသည်ကို မြင်တွေ့လိုက်ရသည်နှင့် လေကလည်း သိသိသာသာ ကြမ်းတမ်း ဘိုက်ခတ်လာသလို ဇာတ်ရုံအနီးဝန်းကျင်ရှိ သစ်ပင်များ ယိမ်းနွဲ့ ခါယမ်းလာသည်။

ပွဲခင်းတစ်ခင်းလုံးမှာ ရုတ်ရုတ်သဲသဲဖြစ်သွားသည်။ ဒီအချိန် မိုးမကျလောက်သေး။ သို့သော် ရာသီဥတုဖောက်ပြန်ပြီး မိုးရော

လေပါ ဒရောသောပါး ကျရောက်လာသည်။ မုန်တိုင်းတိုက်ခတ်လာသည်လား မသိ၊ ပွဲကြည့်ပရိသတ်များသည်လည်း ပွဲခင်းကို စိတ်မဝင်စားနိုင်၊ အထုပ်အပိုးပိုက်ပြီး လေမိုးလွတ်ရာ ရွာထဲရှိ အိမ်များသို့ အမြန်ပြန်ပြေးကြသည်၊ ရပ်ဝေးမှ ပွဲကြည့်ပရိသတ်များကလည်း လှည်းနွားတပ်ပြီး လှည်းဝိုင်းထဲမှ အမြန်မောင်း ထွက်ပြေးကြသည်။

မထင်မှတ်ဘဲ မိုးဦးလေဦးဆော့ကာ မုန်တိုင်းဝင်လာသဖြင့် ပန်ချာကြည်ဖြူတို့ ပထမည ကပွဲမှာ ပွဲပျက်ပါတော့၊ လေက ကြမ်းသည်ထက် ကြမ်းလာသည်။ ဇာတ်စင်ပေါ်ရှိ မျက်နှာကြက် တန်းလျား၊ ကားလိပ်ဆင်ထား သည့်တန်းလျား တဝုန်းဝုန်း ပြိုကျလာသည်၊ ဇာတ်သမ၊ ဇာတ်အဖွဲ့သားများ သည်လည်း ဘယ်ကိုပြေးရမှန်းမသိ၊ အဝတ်အစားများ၊ အထုပ်အပိုးများကို မိုးလွတ်ရန် အမြန်သိမ်းဆည်းထားကြသည်၊ ယာယီထိုးထားသော ဇာတ်ခုံဖြစ်၍ အမိုးမရှိသောကြောင့် မိုးရေအောက်တွင် ရွှဲရွှဲနစ် တုန်ကြသည်။

ပွဲကြည့်ပရိသတ်များလည်း မိုးလေလွတ်ရန်အပြေးအလွှား ဖရိုဖရဲ ဖြစ်ကုန်ကြသည်၊ စိန်လက်ပွားလည်း ဘာလုပ်ရမှန်းမသိ၊ ဆိုင်းပစ္စည်းများ ထိခိုက်ပျက်စီးမှုမရှိရန် တပည့်များအား အမြန် သိမ်းခိုင်းလိုက်သည်၊ ထိုစဉ်မှာပင် သူ့ဘေးနားမှ မည်းမည်း အရိပ်ကြီးသည် ကုက္ကိုပင်ကြီးဆီသို့ ခုန်တက်သွားသည်ကို ကြောက်ရွံ့စွာ မြင်တွေ့လိုက်ရသည်၊ သူ့တစ်ကိုယ်လုံး ကြက်သီးမွေးညင်းများ ထသွားသည်။

လေကလည်း မြွှင်းမြွှင်းထန်ထန် တိုက်ခတ်နေဆဲ၊ အဆုတ် ပြတ်ရှာနေသော မိုးသီးမိုးပေါက်များနှင့်အတူ လျှပ်ရောင်များ ဝင်းလက်လျက် ကြောက်မက်ဖွယ်ရာ မိုးခြိမ်းသံများကို ကြားနေ ရသည်၊ သောက်ထားသည့် အရက်ရှိန်များကြောင့် စိန်လက်ပွား ခေါင်းများ ကိုက်ခဲနေသလို သိမှတ်မှုအာရုံများကလည်း လွင့်ပါး လျက်ရှိသည်၊ မိုးရေမိုးစက်များကြောင့် မြင်ကွင်းများက မကြည် သင်၊ ကြည့်လေရာရာ ဝေဝေဝါးဝါး ဖြစ်နေသည်၊

ကုက္ကိုပင်ကြီးရှိ ကုက္ကိုကိုင်းများမှာလည်း လေပြင်းတိုက် ခတ်မှုများကြောင့် တဝုန်းဝုန်း ယိမ်းထိုးလှုပ်ယမ်းလျက် ရှိသည်၊ ဆိုင်းဝိုင်းထဲမှ ထွက်သွားသော မည်းမည်းအရိပ်ကြီးသည် ကုက္ကို ကိုင်းကြီးအား တွဲလွဲခိုလျက်ဖုံ့ချ နေသကဲ့သို့ လှမ်းမြင်တွေ့လိုက် ရသည်၊

မည်းမည်းအရိပ်ကြီးကား သရဲဘဝရောက်နေသော မုန်တိုင်း ဖြစ်ပေလိမ့်မည်၊ မုန်တိုင်းသရဲကြီးက ပါးဝင်းဝင်းတောက်နေသော မျက်လုံးများနှင့် သူ့အား ကြည့်လျက်ရှိသည်၊ စိန်လက်ပွားသည် ဆိုင်းကျင်းထဲမှ ထွက်လိုက်သည်၊ မှုးနေသည့်အရှိန်နှင့်အတူ လေပြင်းများကြားတွင် ယိမ်းယိုင်လျက်ရှိသည်၊ ဇာတ်စင်အမြင် ဘက်သို့ အပြေးထွက်လိုက်သည်၊

သူ့နားထဲမှာ စကားပြောသံတစ်ခု ကြားလိုက်ရသည်ဟု ထင်မိသည်၊

"ငါ့ဘဝကို ဒုက္ခပေးတဲ့ကောင်၊ မင်းသေရတော့မယ် လတ်ပွား ဒီနေ့ဒီအချိန်မှာ မင်းဘဝဟာ ၊သနေ့စေ့သွားပါပြီ"

မုန့်တိုင်းသရဲက သူ့အနားကပ်ပြီး ပြောလိုက်သည်ဟု ထင်မိသည်။ မည်းမည်းအရိပ်ကြီးသည် ကြီးမားသော ကုက္ကိုကိုင်းကြီးအား ဖျောင်းခနဲ ချိုးဖွဲ့လိုက်သည်။ လေပြင်းရိုက်ခတ်မှုကြောင့် ကျိုးပွဲလွင့်စဉ်လာသော ကုက္ကိုကိုင်းကြီးသည် စိန်လက်ပွားကိုယ်ပေါ်သို့ တည့်တည့်မတ်မတ်ကြီး ပြုတ်ကျသွားတော့သည်။

မိုးကား သည်းထန်စွာ ရွာနေဆဲ။

မုန့်တိုင်းကတော့ တဟူးဟူး တိုက်ခတ်နေဆဲပင် ဖြစ်သည်။

□ □ □



နန်းကြေ့သျှင်



# တောကြီးတစ္ဆေနဲ့

## တိုက်ချောင်းများက တစ္ဆေများ

မင်းဟိန်းထိပ်

သူတို့ရွာ၌ ဦးအောင်သိန်းသည် စကားပြော အလွန်တော်သည်။ ပုံတိုပတ်စ အတော်များများကို တစ်ခုနှင့်တစ်ခု မရိုးရ၊ အီ၍မသွားရအောင် လူကြီးလူငယ် အရွယ်အလျောက် အသက် အပိုင်းအခြားအလိုက် စိတ်ပါဝင်စားအောင် တစ်ပုဒ်ပြီး တစ်ပုဒ် ပြောပြနိုင်စွမ်းရှိသည်။

ထို့ကြောင့် ညနေချိန်ရောက်တိုင်း ဦးအောင်သိန်း၏ အိမ်၌ လူစည်ကားသည်။ နေ့ခင်းနေ့လည်များတွင်လည်း နွားကြိုးကျစ်ရင်း၊ နှီးဖြာရင်း၊ တောင်းခမောက်ရက်ရင်းနှင့် ရောက်လာကြပြီး နားထောင်လေ့ ရှိကြသည်။ ဦးအောင်သိန်းက စကားအပြောကောင်းသည့်ကြောင့် ရောက်လာကြသည့်လူများမှာလည်း နားထောင်၍ မငြီး၊ ရိုးအီ၍ မသွား၊ ထမင်းမေ့ ဟင်းမေ့ ဖြစ်ကြရသည်။

ဦးအောင်သိန်း ပြောပြသည်က ဘာသာရပ်တစ်ခုတည်း မဟုတ်၊ ဝတ္ထုမဂ္ဂဇင်းတွေထဲက အကြောင်းသက်သက်မဟုတ်၊ ရာဇဝင်နိပါတ်တော်တွေထဲက အကြောင်းသက်သက်လည်း မဟုတ်၊ သူဖြတ်သန်းလာခဲ့သော ခေတ်၊ မျက်မှောက်ခေတ်နှင့် ပိဋကတ်တော်၊ အဋ္ဌကထာ၊ ဋီကာ စသော စာကြီးစာခိုင်တို့အထဲကလည်း များစွာပင် ပါဝင်လေသည်။

ထို့ကြောင့် လူကြီးလူငယ် အရွယ်မရွေး မရိုးမအီရအောင် ပြောပြပေးနိုင်ခြင်း ဖြစ်သည်။ သူ့ပရိသတ်များအပေါ် မူတည်ပြီး အကြောင်းအရာကိုလည်း အပြောင်းအလဲလုပ်ကာ ပြောပြနိုင်သည်။ လူငယ်တွေကို ခေတ်အကြောင်း၊ စာပေဂီတအကြောင်း လူလတ်ပိုင်းနှင့် လူကြီးပိုင်းတွေဆိုလျှင် စီးပွားရေး၊ လူမှုရေးနှင့်

ပြည်တွင်းပြည်ပ အကြောင်း၊ လူကြီးပိုင်းတွေဆိုလျှင် ရာဇဝင် နိပါတ်နှင့် ပိဋကတ်တော်အကြောင်း၊ ဘာသာရေးကိုတော့ အရွယ် အလိုက် အလျှဉ်းသင့်သလို သီးသန့်ရွေးနှုတ်၍ ပြောပြတတ်သည်။

ဦးအောင်သိန်း ယခုကဲ့သို့ လူစိတ်ဝင်စားအောင်၊ တစ်ခု နှင့်တစ်ခု မရှုံ၊ မအီ မထပ်ရအောင် ပြောပြနိုင်သည်မှာ သူကိုယ် တိုင် လေ့လာသင်ယူ တတ်မြောက်ထားသောကြောင့် ဖြစ်သည်။ ဂီတဘက်တွင်လည်း ထူးချွန်ပြောင်မြောက်ပြီး ဆရာအဖြစ် သင် ပေးနိုင်သည်။ အဆိုအက နှစ်ဖက်စလုံးမှာပင် ဦးဆောင်နိုင်သည်။

ပိဋကတ် စာပေအရာတွင်လည်း အတော်လေးပင် သင် ယူ ပေါက်မြောက်ခဲ့ဖူးသည်။ ခြောက်နှစ်သားအရွယ်တပင် ကျောင်း နေပြီး ကျောင်းသားဘဝမှ ကိုရင်ဘဝအထိ ဆယ်နှစ်တိုင်တိုင် ပိဋကတ်စာပေတွေကို သင်ယူခဲ့သည်။ ဉာဏ်ထက်သဖြင့် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတွေအထိ သင်ယူခဲ့ဖူး၍ ပါဠိကို နိဿယလွတ် ဖတ်ရှုလေ့လာနိုင်သော ပုဂ္ဂိုလ်လည်း ဖြစ်သည်။

ဦးအောင်သိန်း ပြောပြသည့် ပုံပြင်များထဲတွင် လူငယ်တွေ စိတ်အဝင်စားဆုံးက လျှို့ဝှက်ဆန်းကြယ်အကြောင်းတွေပင် ဖြစ် သည်။ ဂျပန်ခေတ်နှင့် အင်္ဂလိပ်ခေတ် စစ်ပွဲတုန်းက စစ်လေယာဉ်၊ စက်သေနတ်နှင့် ဗုံး၊ အမြောက်၊ တင့်ကားကြီးများအကြောင်း၊ ထို့နောက် သူတစ်လူ ငါတစ်မင်း အချင်းချင်း စစ်ဖြစ်ခဲ့ကြသည့် အကြောင်းတွေလည်း ပါဝင်လေသည်။

"စစ်ကြီးဖြစ်ပြီးလို့ ဗုံးအမြောက်၊ လေယာဉ်သံတွေ တိတ်ဆိတ်သွားပေမယ့် မတင်းဆိတ်ဘဲ ကျန်နေခဲ့တာကတော့ တောမှာ

ဒေးပြတွေနဲ့ တစ္ဆေ၊ သရဲ ဖုတ်၊ ပြိတ္တာတွေအကြောင်းပဲကွ"

တစ်နေ့တွင် ဤသို့ အစချီသည်။

"တစ္ဆေ၊ သရဲ ဖုတ်၊ ပြိတ္တာတွေဆိုတော့ အဲဒီတစ္ဆေ၊ သရဲ ဖုတ်၊ ပြိတ္တာတွေအကြောင်းကိုပဲ ပြောပြပါလား ဦးကြီး"

ဟု လူငယ်တစ်ယောက်က အားလုံးကိုယ်စား တောင်းဆိုသည်။

"မင်းတို့ ခေတ်လူငယ်တွေက သရဲ တစ္ဆေ၊ ဖုတ်၊ ပြိတ္တာတွေကို သိပ်ပြီးမယုံကြဘူးဆို မဟုတ်လား"

"ဟုတ်ပါတယ်၊ ဒါကြောင့် အယုံအကြည်နည်းတဲ့အကြောင်းဖြစ်လို့ ပိုပြီးသိချင်နေတာပေါ့"

"သရဲ၊ တစ္ဆေ၊ ဖုတ်၊ ပြိတ္တာတွေအကြောင်းကို မယုံလို့ မရဘူးကွ၊ မြတ်စွာဘုရားဟောခဲ့တာတွေချည်းပဲ၊ တခြားမပြောနဲ့ ပေတစတ္ထုကြီးကိုပဲ ကြည့်ပါ။ သရဲ၊ တစ္ဆေ၊ ဖုတ်၊ ပြိတ္တာတွေအကြောင်း ပြောလို့ ဟောလို့ မကုန်လောက်အောင် များပြားနေတယ်။ ဒါ့အပြင် စစ်ကြီးဖြစ်ပြီးနောက်ပိုင်း အစိမ်းသေလို့ ဖြစ်လာကြတဲ့ သရဲ တစ္ဆေတွေ ဆိုတာလည်း ပြောလို့မကုန်လောက်အောင် အထိ ဆန်းကြယ်များပြားနေတာပဲ။ တချို့ သစ်ပင်တစ္ဆေ၊ ဘီလူးသဘက်လို တစ္ဆေ၊ တစ္ဆေအကြောင်းတွေက များပြားလွန်းလို့ ပြောလို့တောင် မကုန်ဘူး"

"ဟုတ်ကဲ့၊ အဲဒီအများကြီးထဲက စိတ်ဝင်စားစရာ အကောင်းဆုံးတစ်ခုကို ပြောပြပါ ခင်ဗျာ"

"အေး. . ဒီလိုဆိုရင် အံ့ဖွယ်ထူးဆန်းပြီး စိတ်ဝင်စားစရာ

လည်းကောင်းတဲ့ တောကြီးတစ္ဆေနဲ့ တိုက်ချောင်းဖျားက တစ္ဆေများ ဆိုတဲ့အကြောင်းတွေကို ပြောပြမယ်။ မင်းတို့ တိုက်ချောင်း ဟိုဘက်က သံပရာချောင်းကို သိကြရဲ့လား"

လူငယ်တွေ အသံတိတ်နေကြသည်။ လူငယ်တွေက သံပရာချောင်းကို မသိကြပေ။ သံပရာချောင်းက သူတို့ရွာနှင့် ခြေကျင်တစ်မနက်ခရီးမျှ လှမ်းရသော ရခိုင်ရိုးမထဲက တစ်နေရာမှ ဖြစ်သည်။ ထို့ကြောင့် လူငယ်များမှာ သံပရာချောင်းကို ကိုယ်တိုင်မရောက်ဖူးကြသလို ကြားလည်း မကြားဖူးကြပေ။

"မင်းတို့ သံပရာချောင်းကို မသိကြဘူးထင်တယ်၊ သံပရာချောင်း ဆိုတာက အမ်းမြစ်ကိုဆန်ပြီး အမ်းမြို့ဘက်သို့ လေ့၊ မော်တော်၊ တစ်မှုခုနဲ့ ဆန်တက်သွားရင် မြစ်ကြောအလယ်လောက်ရောက်တော့ လက်ယာဘက်ကမ်းက တန်ဇလီရွာနဲ့ ဝက်မြီးရွာ အကြားမှာ တိုက်ချောင်းဆိုတာ ရှိတယ်ကွ"

"ဟုတ်ကဲ့. . . တိုက်ချောင်းကိုတော့ ကျွန်တော်တို့ သိပါတယ်"

"အေး. . ဒီတိုက်ချောင်းထဲ ဆန်တက်ရင် သုံးမိုင်လောက်အရောက်မှာ လက်ဝဲဘက်သို့ ခွဲပြီး သံပရာချောင်းဆိုတာ ရှိတယ်။ အဲဒီသံပရာချောင်းကို ပြောတာ၊ အဲဒီသံပရာချောင်းထဲမှာ ငွေယားတွင်းလည်း ရှိတယ်"

"ဟုတ်ကဲ့၊ ငွေယားတွင်းကို နောက်ထားပြီး တစ္ဆေအကြောင်းတိုပဲ ပြောပြပါ ခင်ဗျာ"

လူငယ်တွေဆိုတော့လည်း လျှို့ဝှက်ဆန်းကြယ် များများပါ

မည့်အကြောင်းတွေကိုသာ ပိုမိုစိတ်ဝင်စားကြသည်။ ငွေယားတွင်း ဟူသည်မှာ လျှို့ဝှက်ဆန်းကြယ်အကြောင်းတွင် ပါဝင်သော်လည်း ငွေယားတွင်းအကြောင်းက တစ္ဆေအကြောင်းကဲ့သို့ လျှို့ဝှက် ဆန်းကြယ် မဟုတ်။

ထို့ကြောင့် လျှို့ဝှက်ဆန်းကြယ် သည်းထိတ်ရင်ဖို များများ ပါမည့် တစ္ဆေအကြောင်းများကိုသာ ပိုမိုစိတ်ဝင်စားနေကြသည်။ သို့ဖြစ်၍ ဦးအောင်သိန်းမှာလည်း တစ္ဆေအကြောင်းများကိုသာ သရုပ်ပေါ်အောင် ပြောပြရလေသည်။

□ □ □

ဦးကျောက်လုံးမှာ နာမည်နှင့်လိုက်အောင် ကျောက်တိုင် ကျောက်သားကဲ့သို့ သန်မာထွားကျိုင်းသော လူတစ်ယောက်ဖြစ် သည်။ အသက်အားဖြင့် လေးဆယ်ခန့်ရှိသည်။ လူသန်မာသလို စိတ်လည်း မာကြောသည်။ သူ့ဘဝတစ်လျှောက်၌ ကြောက်လန့် သောအရာဟူ၍ မရှိ။ ဘေးလူတို့ ထိပ်ပါးစော်ကားသည်ကို မကြောက် တတ်သလို ဆင်၊ ကျား၊ တစ္ဆေ၊ သရဲတို့ကိုလည်း ကြောက်တတ်သူ မဟုတ်ပေ။

သူ့လယ်ထဲသို့ တောဆင်ဝင်စားနေသည်ကို မီးရှူးပြပြီး အော်ဟစ်မောင်းထုတ်သော်လည်း မရသဖြင့် စိတ်တိုလာပြီး လှံနှင့် လိုက်ထိုး၍ တောဆင်မှာ ပြန်မလုပ်နိုင်ခဲ့ဘဲ သွေးစက်လက်နှင့် အော်ဟစ်ကာ တောထဲသို့ ဝင်ပြေးရလေသည်။ အိမ်အောက်ထဲက နွားတို့ ကျားဝင်ကိုက်ရာတွင်လည်း ငှက်ကြီးတောင်ဓားနှင့် လိုက်

ခုတ်သဖြင့် ကျားသေလေသည်။

တစ္ဆေ၊ သရဲ ခြောက်သောနေရာကိုလည်း သူ့အား ခြောက်အောင်ဆိုပြီး ကိုယ်တိုင်သွားကြည့်တတ်သည်။ လောင်းကြေးစားကြေးလုပ်လျှင် ပိုဆိုးသည်ဆို၍ လောင်းကြေးစားကြေး လုပ်ပြီးလည်း သွားကြည့်တတ်သည်။ ထိုသို့ လုပ်သော်လည်း တစ္ဆေ သရဲနှင့် ရင်မဆိုင်ရလျှင် သချိုင်းကုန်းသို့ တစ်ယောက်တည်းသွားပြီးအိပ်ပြသည်။ ထိုမျှအထိ တစ္ဆေ၊ သရဲက စ၍ တစ်စုံတစ်ခုကိုမျှ မကြောက်တတ်သော ဦးကျောက်လုံး ဖြစ်သည်။

ရွာထဲက မိန်းမများကို တစ္ဆေကိုင်၊ သရဲဖမ်းလျှင်လည်း ဦးကျောက်လုံးကို သွားခေါ်ကြသည်။ ထိုအခါ ဦးကျောက်လုံးသည် နတ်မေးနေကြသည်ကို ထိုင်၍နားထောင်သည်။ နတ်ဆရာမ(နတ်ကတော်မ)က တစ္ဆေတောင်းဆိုသည့် ခေါ်စာကို ကျွေးပြီးနောက် ဦးကျောက်လုံးက ထိုတစ္ဆေနေသော အပင်ကြီးကို ကောက်ရိုးပုံ၍ မီးရှို့လိုက်လေသည်။

ထိုမျှအထိ မကြောက်တတ်သော တဇွတ်ထိုးနိုင်သည့် ဦးကျောက်လုံးပင် ဖြစ်သည်။ တစ္ဆေ၊ သရဲ စသည်တို့အား ကြောက်သည်ဟူသော စကားကို ဦးကျောက်လုံးရှေ့မှာ သွားပြော၍ မရ။ တစ်လုံးတစ်ပါဒမျှလည်း လက်မခံ။

"တစ္ဆေ သရဲ ဆိုတာ လေလိုပဲကွ၊ အကောင်သတ္တဝါ မဖြစ်နိုင်ပါဘူး၊ အကောင်သတ္တဝါသာဟုတ်ရင် တစ္ဆေကိုက်လို့ သေတဲ့မသာ ငါ့ပြစမ်း"

ဟု အော်ငေါက်ပြီးသာ ရန်တွေ့သလို ပြန်ပြောတတ်

သည်။

ယခုလည်းကြည့်၊ ရွာသားတွေက အတန်တန်တားနေကြသည့်ကြားက သံပရာချောင်းထဲရှိ 'အရိုးတောင်' ကို တောင်ယာသွားခုတ်သည်။

အရိုးတောင်သည်ကား ရှေးကျသော သချိုင်းကြီးကြောင့် ပြော၍မယုံလောက်အောင်လည်း ကြမ်းသည်။

ဤရွာ၌ မွေးဖွားပြီး အခြားနယ်၊ အခြားရွာသို့ သွားသေလျှင်လည်း ဇာတိဖြစ်သည့် ဤသချိုင်းသို့ပင် အရိုးလာပို့ကြရသည်။

ထို့အပြင် အင်္ဂလိပ်ခေတ်နှင့် ဂျပန်ခေတ်တွေတုန်းကလည်း သည်အရိုးတောင်၏ ပတ်ဝန်းကျင်သည် ချောင်ကျလွန်းသဖြင့် လေယာဉ်နှင့် ဗုံးကြဲ၍ မရဟုဆိုကာ အင်္ဂလိပ်စစ်သား၊ ဂျပန်စစ်သားများ အရိုးတောင်တွင် တပ်စွဲနေခဲ့ကြဖူး၍ သချိုင်းဖြစ်ရုံသာမကဘဲ အင်္ဂလိပ်သချိုင်း၊ ဂျပန်သချိုင်းနှင့် စစ်ဆင်၊ စစ်မြင်းတို့၏ သချိုင်းကြီးလည်း ဖြစ်လေသည်။

သို့သော် ဂျပန်ခေတ်က ဂျပန်တွေကို ကြောက်၍ စိုင်ဘောင်ရွာ ပျက်သဖြင့် ယခုအခါတွင် အရိုးတောင်၏ ပတ်ဝန်းကျင်၌ ရွာဟူ၍ မရှိတော့ဘဲ အရိုးမျှသာ လာပို့နေကြလေသည်။ (ထို့ကြောင့် ဤသချိုင်းကုန်းကို ဦးကျောက်လုံး တောင်ယာလာခုတ်ထားခြင်း ဖြစ်သည်။)

အရိုးတောင်သည် ရွာတွေနှင့် ငါးမိုင်မျှလှမ်းသော တောနက်ထဲ တစ်နေရာတွင် ဖြစ်သည်။ ကြမ်းလည်း ကြမ်းလွန်းသည်။ အခြောက်အလှန့်များ၍ နေ့ခင်းကိုပင် ယောကျ်ားများ နှစ်ယောက်

သုံးယောက်နှင့် မသွားမလာရဲကြသော နေရာလည်း ဖြစ်သည်။

သို့သော်လည်း ဦးကျောက်လုံးကား လုံးဝမကြောက်ပေ။ မကြောက်၍လည်း သည်အရိုးတောင်ကြီးကို တောင်ယာခုတ်ထားခြင်းဖြစ်သည်။ တောနက် တောရိုင်းကြီးဖြစ်၍ အသီးအနှံတွေ ကောက်၍ မကုန်အောင်ပင် သီးသည်။ လူတွေက ကြောက်၍ သည်နေရာသို့ မလာရဲကြ။ လူတွေ မလာရဲကြ၍ တောင်ယာထဲက အသီးအနှံတွေ အပျောက်အရှ မရှိသော်လည်း အကောင်ပလောင်တွေ ဖျက်ဆီးမည်ကို စိုးရိမ်ရသည်။ ထို့ကြောင့် ဦးကျောက်လုံး ယာခင်းအလယ်၌ တဲဆောက်ကာ ညအိပ်စောင့်ရန် ပြင်ဆင်သည်။

ရွာသားများက အရိုးတောင်ကြီး ကြမ်းလွန်းသည်ကြောင့် တောင်ယာခုတ်စကပင် ဦးကျောက်လုံးအား တားမြစ်ကြသည်။ ယခု ယာတဲ၌ ညအိပ်နေပြီး တောင်ယာစောင့်မည့်ကိစ္စကိုလည်း အပြင်းအထန် တားမြစ်ကြသည်။ သို့သော်လည်း ဦးကျောက်လုံးကား မဖြုံ။ ကြောက်စိတ် လုံးဝမရှိ။ သားမယားတို့ကို ကြောက်မည်ဆိုး၍ မရခေါ်ဘဲ ခွေးကြီးတစ်ကောင်ကိုသာခေါ်ပြီး တောင်ယာတဲသို့ ဝင်လာခဲ့သည်။

တစ်သက်တာလုံး တစ္ဆေ၊ သရဲကို မကြောက်တတ်ခဲ့သော ဦးကျောက်လုံး သည်နေရာတွင် တောကြီးတစ္ဆေနှင့် ရင်ဆိုင်တွေ့ရလေသည်။

နေညို၍ ညနေစာ ချက်ပြုတ်နေချိန်ကပင် တောထဲက ဘာသံမှန်းမသိသော ကြောက်စရာ အသံကြီးတွေကို စတင်ကြားလာရသည်။ သို့သော်လည်း ဦးကျောက်လုံးကား လုံးဝမကြောက်။

သူ့အလုပ်သူ ဆက်လုပ်နေသည်။ ထိုအသံကြီးတွေမှာလည်း နေညို လာသည်နှင့်အမျှ ပို၍ကျယ်လောင်လာလေသည်။

သို့သော်လည်း ဦးကျောက်လုံးက လုံးဝမကြောက်။ ထမင်းကျက်သည်နှင့် ခူးခပ်စားလေသည်။ ထမင်းစားပြီးသည့်အချိန်တွင် နေလုံးလည်း ပျောက်လေသည်။ ထိုအခါ လူနှင့်တူသော မည်းကြုတ်ကြုတ် သတ္တဝါကြီးတစ်ကောင်သည် ရိုးမဘက်ဆီက ဦးကျောက်လုံး၏ တောင်ယာတဲဆီသို့ တရွေ့ရွေ့နှင့် လျှောက်လာနေလေသည်။

ထိုမျှ တောကြီးတစ္ဆေ သူ့တဲဆီသို့ လျှောက်လာနေသည်ကို ပြတ်ပြတ်သားသား မြင်နေရသည့်တိုင်အောင် ဦးကျောက်လုံးကား လုံးဝ ကြောက်စိတ်မရှိ။ သတ္တဝါကြီးကိုသာ စိုက်ကြည့်နေသည်။ ထိုသတ္တဝါကြီးသည် မှောင်ရိသမ်းစအချိန်တွင် ဦးကျောက်လုံး၏ တောင်ယာနားသို့ ရောက်လာလေသည်။ ဦးကျောက်လုံးက မကြောက်သည့်အပြင် . . .

"အသာ အသာ လုပ်မနေနဲ့ မြန်မြန်လာခဲ့ဝေး၊ မမှောင်ခင် တစ်ပွဲတစ်လမ်း စမ်းကြတာပ"

ဟုပင် ဖိတ်ခေါ်လိုက်သေးသည်။

ထို့ကြောင့်ပင်ထင်သည်။ တောကြီးတစ္ဆေသည် တဲပေါ်သို့ ရောက်သည်နှင့် ဦးကျောက်လုံးအား လိုက်ဖမ်းတော့သည်။ အကြောက်အလန့်ကင်းစွာနှင့်ပင် သိုင်းသမားတို့ သိုင်းကသကဲ့သို့ ဓားမကြီးနှင့် လိုက်ခုတ်သည်။ ခွေးကလည်း သူ့သခင်နည်းတူ ကြွံကြွံခံ၍ ဟိန်းဟောက်ထိုးဟောင်ပြီး လိုက်ကိုက်သည်။ ထို့ကြောင့် တောကြီးတစ္ဆေ ပိုမိုစိတ်ဆိုးလာဟန်ရှိသည်။ ဦးစွာ ခွေးကို တန်

ထုတ်လိုက်သဖြင့် ခွေးလွင့်ထွက်သွားလေသည်။

ထို့နောက် ဦးကျောက်လုံးကိုသာ သဲမဲပြီး ခြေတားရား လက်တားရားနှင့် လိုက်ဖမ်းတော့သည်။ ဦးကျောက်လုံးကလည်း အလျှော့မပေးဘဲ ဓားနှင့် လိုက်ခုတ်သည်။ တောကြီးတစ္ဆေသည် ဖမ်းမရနိုင်၍ အကြီးအကျယ် ဒေါသထွက်လာသည်နှင့် တူသည်။ နောက်ဆုံးတွင် ခြေထောက်နှင့် ဘောလုံးကန်သလို ပင့်ကန်လိုက် သဖြင့် ဦးကျောက်လုံး မိုးပေါ်သို့ မြောက်တက်သွားလေသည်။

□ □ □

"ဒီတော့ ဦးကြီးကျောက်လုံး သေရောလား"

"မသေဘူးကွ၊ တစ္ဆေကြီးက ပင့်တင်လိုက်လို့ ပြန်အကျမှာ မြေပြင်ကို တစ်ချိန်တည်း မကျဘဲ လက်ချင်းယှက်နေတဲ့ ဝါးတော ကြားက ချောင်းအိုင်ထဲ သွားကျတာကြောင့် လွတ်လာခဲ့တယ်လို့ ဆိုတယ်"

"ဒီတော့ ဦးကျောက်လုံးက တောကြီးတစ္ဆေကို ကြောက် သွားရောလား"

"မကြောက်ဘူးကွ၊ နောက်လည်း သူတစ်ယောက်တည်း တောင်ယာကိုသွားပြီး အသီးအနှံတွေ ခူးဆွတ်သေးတယ်လို့ ဆို တယ်။ ဒါပေမဲ့ ညတော့ မအိပ်တော့ဘူးတဲ့"

"ညမအိပ်ရဲတော့ဘူးဆိုရင် ကြောက်လို့ပဲ ဖြစ်မှာပေါ့ ဦးကြီးရဲ့"

"ကြောက်လို့ မဟုတ်ပါဘူးတဲ့၊ အားချင်းမတူလို့ ဓာန်ထော

လိုက်ရတဲ့သဘောလို့ ဆိုတယ်"

"အားချင်းမတူလို့ မာန်လျှော့လိုက်ရတာ ကြောက်တာလို့ မခေါ်ဘူးလား ဦးကြီး"

"ဒီလိုပြောလို့ ဘယ်ရမလဲကွ၊ ဥပမာ လူပိန်တစ်ယောက်နဲ့ လူသန်တစ်ယောက် ဆိုပါတော့. . . သူတို့နှစ်ယောက် ယှဉ်သတ်ကြရင် လူသန်က နိုင်နိုင်ပေမယ့် လူပိန်မှာ ဓားနဲ့ လူသန်မှာ လက်ချည်းဆိုရင် လူသန်ကပဲ လက်လျှော့ရတော့မှာပေါ့၊ ဒီသဘောပါပဲ"

လူငယ်ကာလသားများ တစ်အောင့်ကြာအောင်အထိ ငြိမ်ကျသွားကြသည်။ ထူးဆန်းသော တောကြီးတစ္ဆေအကြောင်းကြောင့် သူတို့ မကြားဖူးသည့် အံ့ဩဖွယ်ရာများနှင့် ပတ်သက်၍ အတော်လေး ပြည့်ပြည့်စုံစုံ သိလိုက်ကြရသည်။

"ကဲ. . မင်းတို့ခေတ်လူငယ်တွေက တစ္ဆေ၊ သရဲအကြောင်းတွေနဲ့ ပတ်သက်လို့ မယုံကြည်ဘူး၊ မဖြစ်နိုင်ဘူး၊ လက်ခံနိုင်စရာ မဟုတ်ဘူးလို့ဆိုရင် သူတို့ရွာကို ကိုယ်တိုင်သွားပြီး မေးကြည့်ကြ၊ ဒါပေမဲ့ ဦးကျောက်လုံးကတော့ ကုန်ခဲ့တဲ့နှစ်က ဆုံးသွားပြီ၊ သူ့သားသမီးတွေ ရှိတယ်၊ သူ့မိတ်ဆွေတွေလည်း ရှိကြသေးတယ်။ အဲဒီဦးကျောက်လုံးနဲ့ တောကြီးတစ္ဆေတို့ ရင်ဆိုင်သတ်ကြတုန်းက ဆိုရင် အဲဒီအဖြစ်အပျက်ဟာ ဟိုးလေးတကျော်ဖြစ်ပြီး သူတို့ရွာသားတွေအပြင် အခြားအနီးအနား ရွာတွေကပါ ကြားသိကုန်ကြတယ်။ ဒါကြောင့် မင်းတို့ သွားမေးရင် လူတိုင်းကပဲ ပြောကြပါလိမ့်မယ်"

ဆက်လက်ပြီး ဦးအောင်သိန်းသည် စစ်ပြေးဇုကွသည်များ

သဲက လူနှစ်ယောက် တိုက်ချောင်းနှင့် သံပရာချောင်းဖျား (စဉ်းချောင်း) တွင် ကြုံတွေ့ခဲ့ကြရသည့် တစ္ဆေများကို ပြောပြသည်။

"တိုက်ချောင်းနဲ့ သံပရာချောင်းဖျား (စဉ်းကျော်)က တခြားစီ မဟုတ်ဘူးလား ဦးကြီး"

ဟု မေးနေကျ လူငယ်ကပင် သူမရှင်းသည်ကို လိုက်မေး သည်။

"အင်း. . . ခုနကပြောခဲ့တဲ့ သံပရာချောင်းနဲ့ အခုပြောမယ့် သံပရာချောင်းက မတူဘူးကွ။ အစဦးပြောခဲ့တဲ့ သံပရာချောင်းက တိုက်ချောင်း အဝဘက်မှာရှိပြီး အခုပြောမယ့် သံပရာချောင်းက စမ်းချောင်းထဲက ခွဲထွက်လာပြီး တိုက်ချောင်းဖျားမှာ လာဆုံတယ်။ စမ်းချောင်းဆိုတာကလည်း တို့ဘက်က ဓာတ်တော် (ယခုအခေါ် အောင်သပြေ) ရွာသားတွေ ဆေးရွက်ကြီးစိုက်ကြတဲ့ စမ်းချောင်းကိုပြောတာ။ ဒါကြောင့် မင်းတို့ကို အစဦးဆုံး ပြောခဲ့တဲ့ သံပရာချောင်းက တိုက်ချောင်းအဝဘက်မှာရှိပြီး အခုပြောမယ့် သံပရာချောင်းက စမ်းချောင်းခွဲ၊ တိုက်ချောင်းဖျားဘက်မှာရှိတာ"

"ဟုတ်ကဲ့၊ တိုက်ချောင်းထဲမှာ တစ္ဆေတွေ တော်တော်ပေါ ဘယ်လို့ ပြောရမလားဘဲနော်"

"ဒါကတော့ နီးစပ်မှုရှိတဲ့ နေရာတွေက အကြောင်းအရာတွေကို အလျဉ်းသင့်သလို ပြောရတာပေါ့။ အခြားနေရာတွေမှာလည်း အလားတူ တစ္ဆေအကြောင်းတွေကတော့ အများကြီးပဲ ရှိကြပါတယ်"

"အဲဒီခေတ်က တစ္ဆေတွေ ပေါ်လှချည်လားဦးကြီး။ ဒီခေတ်မှာတော့ တစ္ဆေတွေအကြောင်း သိပ်ပြီးတောင် မကြားဖူးတော့ဘူး"

"အဲဒီခေတ်မှာ တစ္ဆေတွေ ပေါတယ်ဆိုတာက အစိမ်းသေကြတဲ့လူတွေ များလို့ကွ။ စစ်ကြီးဖြစ်နေတဲ့အချိန်ဆိုတော့ လေယာဉ်က ဗုံးတစ်ချက် ကြလိုက်တယ်ဆိုရင်ပဲ လူတွေသေကြတာ၊ သောက်သောက်လဲလို့ မကြည့်ဝံ့၊ မမြင်ဝံ့လောက်အောင်ပါပဲ။ အလားတူ စစ်ဘေးစစ်ဒဏ်နဲ့ ပတ်သက်လို့ တိုက်ပွဲဖြစ်လို့ အချင်းချင်း ပစ်ခတ်သတ်ဖြတ်လို့ သေကြတာတွေဟာလည်း နေရာတကာမှာ ဆိုသလို မြောက်မြားစွာပါပဲ။ ဒါကြောင့် အဲဒီလို အစိမ်းသေနဲ့ သေကြတဲ့လူတွေများလို့ တစ္ဆေအဖြစ် များတာပေါ့"

❑ ❑ ❑

နေလုံးကြီးက အနောက်ဘက်တောင်စွယ်မှ သစ်အုပ်နှင့် ထိကပ်နေလေပြီ။ မကြာမီ အချိန်အတွင်း နေလုံးကြီး ငုပ်လျှိုးတော့မည်။ ထို့ကြောင့် ဦးတင်လှမောင်နှင့် ဦးစံဘိုတို့ ခပ်သုတ်သုတ်နှင်ကြသည်။

ဦးတင်လှမောင်နှင့် ဦးစံဘိုတို့မိသားစုနှစ်စုက တိုက်ချောင်းမှာ စစ်ပြေးခိုလှုံနေကြခြင်းဖြစ်သည်။ ရွာတွေကို စစ်လေယာဉ်တွေက ဆက်တာ ဆက်ကာ ဗုံးကြလာသဖြင့် သူတို့လည်း ရွာမှာ မနေရဲကြတော့ဘဲ တိုက်ချောင်းထဲရှိ လယ်၊ တိုင်း၊ ကြံခင်းလုပ်ကိုင်စားသောက်နေကြသည့် တဲစုဆီသို့ ပြောင်းပြေးလာခဲ့ကြသည်။

သူတို့မိသားစု တိုက်ချောင်းသို့ရောက်၍ နေထိုင်ရန် တဲရုံကြီးဆောက်လုပ်ပြီးသော နေ့မှာပင် (သည်နေ့မှာပင်) အော်သကဲရွာကို ငုံးကြခံရသည့် သတင်းကြားသိကြရသည်။ လူငါးယောက် သေဆုံး

သွားရသည့်အထဲတွင် နွားလည်း သုံးကောင်သေဆုံးသွားသေးသည်ဟု ဆိုသည်။ လူငါးယောက် သေဆုံးသွားသည့်အထဲတွင် ဦးတင်လှမောင်တို့နှင့် ကျောင်းနေဖက်သူငယ်ချင်း ဦးခင်မောင်သိန်း တစ်ယောက်လည်း ပါဝင်သည်ဟု ဆိုသည်။

ထို့ကြောင့် ဦးတင်လှမောင်နှင့် ဦးစံဘို ထိုသတင်းကို ကြားလျှင်ကြားချင်း ဦးခင်မောင်သိန်း၏ သင်္ဂြိုဟ်ရန် တိုက်ချောင်းမှ ချက်ချင်း ထွက်လာခဲ့ကြသည်။ ထိုမှ စမ်းချောင်း၊ ချောင်းသာ၊ ချောင်းသာမှတစ်ဆင့် အိမ်တစ်ဆယ်ကျော်မျှသာရှိသော အော်သကဲရွာလေးသို့ ရောက်လာကြသည်။ ။ဝ

လူတွေ ဝိုင်းအုံကြည့်နေကြသည့် ချောင်းထဲက ခမောင်းပင်အောက်တွင် မြင်မကောင်းစွာနှင့် ရုပ်ပျက်ဆင်းပျက်ဖြစ်နေကြသည့် လူသေငါးလောင်းနှင့် နွားသေသုံးကောင်တို့ကို ရင်နင့်ဖွယ်ရာ တွေ့ကြရလေသည်။ လူသေငါးလောင်း၌ ဦးခင်မောင်သိန်း အပါအဝင် ယောကျ်ားသုံးလောင်းနှင့် မိန်းမနှစ်လောင်း ဖြစ်သည်။ သေဆုံးသူများနှင့် သွေးသားတော်စပ်သူတို့ အလောင်းနားတွင် ထိုင်၍ ငိုနေကြသည်။

သို့သော် စစ်ကြီးဖြစ်နေချိန်ကြောင့် အစိမ်းသေလည်းဖြစ်၍ အသုဘ အလောင်းမွေးခြင်းကို မပြုနိုင်ကြပေ။ ရုပ်ဝေးမှာ ရှိနေကြသည့် ဆွေမျိုးတွေကိုလည်း သွားမခေါ်နိုင်ကြ။ သတင်းကြားသိရာမှ ရောက်လာကြသည့် လူစုတွေနှင့် ရွာသူရွာသားများ စုပေါင်းပြီး၊ အကျဉ်းရုန်း၍ သင်္ဂြိုဟ်လိုက်ကြရသည်။

ထို့နောက် နွားသေသုံးကောင်ကိုလည်း "စားလိုသူများ အသား

ချက်ယူကြပါ" ဟု ရွာသားတွေက ခွင့်ပြုကြသည်။ သူတို့နှစ်ယောက်လည်း သွေးသံရဲရဲနှင့် လူသေအလောင်းတွေကို မြင်လိုက်ရ၍ သိပ်ပြီး အမဲသားစားလိုစိတ် မရှိကြသော်လည်း အိမ်သူအိမ်သား ကလေးများအတွက်ဟု အမဲတစ်ယောက်တစ်ပေါင်စီ ထမ်းလာခဲ့ကြသည်။

"တင်လှမောင်. . . နေလုံးကွယ်သွားပြီကွ။ တို့ အမဲသားတွေ ထမ်းပြီး တောလမ်းကသွားလို့ တော်ပါ့မလား" ဟု ဦးစံဘိုက မေးပြော ပြောသည်။ ဦးစံဘိုကပြောလိုက်၍ ဦးတင်လှမောင်လည်း ရ ညေးငယ်မှု တွေဝေသွားသည်။

"ညကို အမဲသားတွေနဲ့ တောလမ်းကသွားရင် ဆင်ခြင်ရတယ် နော်"

ဟု ဦးစံဘိုက ထပ်၍ ပြောပြန်သည်။

"အေး. . . ငါလည်း အစဉ်းကပင် ဒီကိစ္စကိုတော့ ထည့်စဉ်းစားမိတယ်"

အမဲသားဟူသည် အညီအဟောက်ဖြစ်သည်။ တောရဲသားကောင်များ အလွန်အမင်းကြိုက်သော အစာအာဟာရလည်း ဖြစ်သည်။ ထို့ကြောင့် တောလမ်းခရီး၌ ညအချိန် သားစိမ်းငါးစိမ်းနှင့် သွားကြရာတွင် အလွန်အမင်း သတိထားကြရသည်။ သတိထားရင်းကပင် ကျား စသော အသားစား တောရဲတွေနှင့် ရင်ဆိုင်ရတတ်လေသည်။

"မထူးပါဘူးကွာ၊ အမဲသားတွေကို ယူလာလို့ လမ်းတစ်ဝက်တောင် ရောက်နေပြီပဲ။ မတော်တဆ ဟင်းကောင်တွေနဲ့ ရင်ဆိုင်

ရရင်လည်း တို့မှာ ဓားရော၊ လှံရော တိုယ်စီပါလာကြတာပဲ။ အပိုအလွှန် ကြောက်စရာမလိုပါဘူး"

ဟု ဦးတင်လှမောင်က ပြောသည်။

(ဟင်းကောင်ဟူသည်မှာ ကျားကိုပြောခြင်းဖြစ်သည်။ တောထဲ၌ ကျားဟု မပြောရ။ တောစောင့်နတ်တို့ မကြိုက်လျှင် တောတိုက်ခြင်းကို ချက်ချင်းခံရတတ်ကြောင်း တောသူတောင်သားတို့ ယုံကြည်ကြသည်။)

ဦးတင်လှမောင်နှင့် ဦးစံဘိုတို့မှာ တောလမ်းသွားကြမည်ဖြစ်၍ ခေတ်ပျက်ကြီးနှင့်လည်း ကြုံနေကြရသဖြင့် ကိုယ်ရံစောင့်အဖြစ် လှံကြီးတစ်ချောင်းနှင့် ဓားမတစ်ချောင်း၊ တစ်ယောက်လက်နက်နှစ်ခု ယူလာကြသည်။

"ဒီလိုဆိုရင်လည်းကွ၊ မပြောကောင်း၊ ပြောကောင်း ဟင်းကောင်နဲ့သာ ရင်ဆိုင်ရရင်တော့ မင်း အသားထမ်းကိုပဲ ဖြစ်ဖြစ်၊ ငါ့ အသားထမ်းကိုပဲဖြစ်ဖြစ် ချပစ်ခဲ့မှ ဖြစ်မယ်နော်။ အဲဒါတော့ သတိရှိထားဖို့ လိုလိမ့်မယ်"

သူတို့နှစ်ယောက် ခပ်မှန်မှန်လျှောက်လာကြရင်း နေလုံးလည်း ကွယ်သွားလေသည်။ သို့သော် အော်သကဲ၊ ချောင်းသာ၊ ချောင်းသာမှ စမ်းချောင်းဟု ဖြတ်လမ်းတွေကိုချည်း ဖြတ်လျှောက်ခဲ့ကြ၍ ခရီးက သိပ်မရှည်တော့ပေ။ လေးပုံတစ်ပုံခန့်မျှ တိုသွားလေသည်။ သို့သော်လည်း သူတို့ ယခု စစ်ပြေး ခိုလှုံနေကြသည့် တိုက်ချောင်းထဲသို့ ရောက်အောင်တော့ သံပရာချောင်းဖျားမှ တိုက်ချောင်းသို့ ရောက်အောင် တောလမ်းချည်းသက်သက် တစ်နာရီခွဲမျှ လျှောက်

ကြရပေဦးမည်။

ဖြတ်လမ်းက လူသွားလူလာနည်းသဖြင့် သိပ်ပြီး ထင်ထင်ရှားရှား မရှိသည့်အထဲ မိုးချုပ်နေပြီဖြစ်သဖြင့် ပိုမိုသတိထားသွားလာရသည်။ သတိထားနေရင်းကပင် အမှောင်ထဲ၌ လမ်းကြောင်းက ပျောက်ချင်ချင် ဖြစ်လာသည်။ ထို့ကြောင့် လမ်းကြောင်းကိုချည်း အာရုံစိုက်ကာ လျှောက်နေကြရ၍ ခရီးလည်း သိပ်ပြီး မတွင်နိုင်တော့။

လူနှစ်ယောက်က တောသားကြီးများပီပီ အကြောက်အလန့်နည်းပြီး ကျားမကြောက်၊ ဆင်မကြောက်၊ တောလမ်းခရီးကို ရဲရဲလျှောက်ဝံ့ကြ၍ တော်သေးသည်။ ကျား၊ ဆင်၊ မြွေ၊ ကင်း စသည်တွေကိုသာ ကြောက်လန့်စိုးရိမ်တတ်လျှင် သည်လို မိုးချုပ်နေပြီဖြစ်သောအချိန်၌ တောနက်သော သည်ခရီးကို စဉ်းပင် စဉ်းစားဝံ့ကြမည်မဟုတ်။

သည်အချိန်အခါသည် ပိုမိုစိုးရိမ်ရသည်။ လွန်ခဲ့သော (ငြိမ်းချမ်းသည့်) အချိန်ကာလနှင့် လုံးဝမတူ။ စစ်ကြီးဖြစ်နေချိန်ကြောင့် လူတွေမှာလည်း ဖြုစည်းရိုးစသော အရံအတားမရှိ။ လုံခြုံသော အဆောက်အအုံမရှိ၊ ဖြစ်သလို နေထိုင်ကြသည်ကြောင့် ရိုးမကြီးနှင့် ထိစပ်နေ၍ ကျားတို့၏ရန်က ယခင်ကထက် အဆပေါင်းများစွာ တိုးလာခဲ့သည်။

ကျားများသည် သခင်မဲ့နေသော ကျွဲ၊ နွားများကို ကိုက်သတ်စားရင်းက ယခုအခါတွင် လူတွေကိုပါ ကိုက်ဖြတ်စားလာကြလေသည်။ လူတွေကို စ၍ ကိုက်ခြင်း၏ အဓိကအကြောင်းရင်းမှာ

စစ်သေနတ်ဒဏ်၊ ဝုံးဒဏ်တို့နှင့် သေဆုံးကြရသောအခါ လူသေအလောင်းများ များပြားလာ၏။ ထိုအခါ ရွာသူရွာသားတွေကလည်း ဟိုတိုသည်သည် ပြေးလွှား ပုန်းခိုနေကြရ၍ ပတ်ဝန်းကျင်ရှိ လူစုအနည်းငယ်နှင့်ပင် ဖြစ်သလို သင်္ဂြိုဟ်ကြရသည်။

ထို့ကြောင့် များပြားသော အလောင်းတွေကို သင်္ဂြိုဟ်ရာ၌ လုံခြုံမှုအားနည်း၍ အနံ့အသက်ထွက်ရာမှ ခွေးအ (ခဲဝါ)တို့၊ ကျားတို့၊ ဖော်စားရင်းက လူသားစားရသော ကျားများ ပိုမိုရဲရင့်လာပြီး သက်ရှိလူတွေကိုပါ တွေ့မရှောင်တော့။ ယခုအခါတွင် ကျားတွေကို အထူးဂရုစိုက် လာရတော့သည်။ စစ်ဘေးစစ်ဒဏ်ကို ကြောက်နေကြရသည့်အထဲက တောတောင်နှင့် မကင်းသည့် နေရာဒေသများမှာ နေထိုင်ကြရသူများအဖို့ ကျားတွေကို အကြောက်ကြီး ကြောက်လာကြရသည်။

“တင်လှမောင်၊ ပုပ်လှချည်လားကွ၊ ဘယ်က ပုပ်တာတုံး”

ရှေ့သွားနေသော ဦးစံဘိုက ပြောခြင်းဖြစ်သည်။ ဦးတင်လှမောင်လည်း အပုပ်နံ့ကို ရှူရှိုက်မိသည်။ သူတို့ထမ်းလာကြသည့် အမဲသားများ ပုပ်လာလေသလားဟု စိစစ်ကြည့်ကြသည်။ သို့သော် ဟုတ်ပေ။ အခြား အနံ့တစ်ခုသာ ဖြစ်သည်။

“လမ်းဘေးက အကောင်ပလောင်တွေ သေလို့ ပုပ်တာများ သားကွာ”

ဟု ဦးတင်လှမောင်က ပြောသည်။

“မဖြစ်နိုင်ဘူးကွ၊ လမ်းဘေးက ပုပ်တာဆိုရင် တို့အလာတုန်းကလည်း ဒီလမ်းက လာခဲ့ကြတာပဲ။ အဲဒီတုန်းက ဘာအပုပ်နံ့မှ

မရခဲ့ပါလား"

သူတို့နှစ်ယောက် အပုပ်နံ့နံ့သည်ကို ဝေ့ဇန်ရင်း ခပ်မှန်မှန် လျှောက်လာရင်း အပုပ်နံ့ ပျောက်သွားလေသည်။ ထို့နောက် ဆက်လျှောက်၍ သိပ်ပြီးမကြာ၊ သံပရာချောင်းနှင့် တိုက်ချောင်း စဉ်းကျော်သို့ အရောက်တွင် တောင်ကမ်းပါးယံရှိ ညောင်ပင်ကြီး ဆီက အမျိုးသမီးတစ်ယောက်၏ ဆွဲဆွဲငင်ငင် ရယ်မောသံကို ကြားလိုက်ရလေသည်။

သူတို့နှစ်ယောက် တုန့်ခနဲ ရပ်သွားကြသည်။ ရယ်သံကို အာရုံစိုက်၍ နားထောင်ကြည့်သည်။ ဟုတ်သည်။ အမျိုးသမီး တစ်ယောက်၏ ရယ်မောသံ။

"ဒါ လူမဖြစ်နိုင်ဘူးကွ၊ လူသာဆိုရင် တို့နှစ်ယောက်အလာ တုန်းက တွေ့ခဲ့မှာပေါ့။ အခု အလာတုန်းက လူကိုရော လူနေ အဆောက်အအုံတွေကိုပါ တစ်ခုမှ မတွေ့ခဲ့ဘူး။ ဒါကြောင့် ညကြီး သန်းခေါင်ကြီး သရဲမရယ်သံပဲ ဖြစ်မယ်"

ဟု ဦးစံဘိုက ပြောသည်။ ရယ်သံကြားရသည်မှာ သိပ်ပြီး ဝေးသည်တော့မဟုတ်။ သူတို့နှစ်ယောက် သွားနေကြသည်က ချောင်းလမ်းဖြစ်ပြီး ရယ်သံက တောင်ကမ်းပါးယံက ဖြစ်သည်။ အလွန်ဆုံး တစ်ဖာလုံမျှသာ ကွာပေမည်။

"ဒီလောက်ဆိုရင် ငါ သိပြီ၊ တင်လှမောင်၊ ဒါ တစ္ဆေရယ်သံ အမှန်ပဲ။ ဒီနှစ်ဆန်းပိုင်းက ဒီအနားမှာ တဲထိုးနေကြတဲ့ စိုင်ဘောင် စစ်ပြေး မိသားစုသုံးစုကို လေယာဉ်က ဗုံးကြဲလို့ ကလေးနှစ်ယောက် နဲ့ လူကြီးသုံးယောက်သာ ကျန်ပြီး အခြားလူတွေအားလုံး သေ

မရခဲ့ပါလား"

သူတို့နှစ်ယောက် အပုပ်နံ့နံ့သည်ကို ဝေ့ဖန်ရင်း ခပ်မှန်မှန် လျှောက်လာရင်း အပုပ်နံ့ ပျောက်သွားလေသည်။ ထို့နောက် ဆက်လျှောက်၍ သိပ်ပြီးမကြာ၊ သံပရာချောင်းနှင့် တိုက်ချောင်း စဉ်းကျော်သို့ အရောက်တွင် တောင်ကမ်းပါးယံရှိ ညောင်ပင်ကြီး ဆီက အမျိုးသမီးတစ်ယောက်၏ ဆွဲဆွဲငင်ငင် ရယ်မောသံကို ကြားလိုက်ရလေသည်။

သူတို့နှစ်ယောက် တုန့်ခနဲ ရပ်သွားကြသည်။ ရယ်သံကို အာရုံစိုက်၍ နားထောင်ကြည့်သည်။ ဟုတ်သည်။ အမျိုးသမီး တစ်ယောက်၏ ရယ်မောသံ။

"ဒါ လူမဖြစ်နိုင်ဘူးကွ၊ လူသာဆိုရင် တို့နှစ်ယောက်အလာ တုန်းက တွေ့ခဲ့မှာပေါ့။ အခု အလာတုန်းက လူကိုရော လူနေ အဆောက်အအုံတွေကိုပါ တစ်ခုမှ မတွေ့ခဲ့ဘူး။ ဒါကြောင့် ညကြီး သန်းခေါင်ကြီး သရဲမရယ်သံပဲ ဖြစ်မယ်"

ဟု ဦးစံဘိုက ပြောသည်။ ရယ်သံကြားရသည်မှာ သိပ်ပြီး ဝေးသည်တော့မဟုတ်။ သူတို့နှစ်ယောက် သွားနေကြသည်က ချောင်းလမ်းဖြစ်ပြီး ရယ်သံက တောင်ကမ်းပါးယံက ဖြစ်သည်။ အလွန်ဆုံး တစ်ဖာလုံမျှသာ ကွာပေမည်။

"ဒီလောက်ဆိုရင် ငါ သိပြီ။ တင်လှမောင်၊ ဒါ တစ္ဆေရယ်သံ အမှန်ပဲ။ ဒီနှစ်ဆန်းပိုင်းက ဒီအနားမှာ တဲထိုးနေကြတဲ့ စိုင်ဘောင် စစ်မြေး မိသားစုသုံးစုကို လေယာဉ်က ပုံးကြလို့ ကလေးနှစ်ယောက် နဲ့ လူကြီးသုံးယောက်သာ ကျန်ပြီး အခြားလူတွေအားလုံး သေ





ဆုံးသွားကြတယ်လို့ ဆိုတယ်။ ဒါကြောင့် သူတို့ တစ္ဆေဖြစ်ပြီး ရယ်မောနေကြတာ ဖြစ်မယ်"

"ဖြစ်နိုင်တယ်ကွ၊ ခုတင်က အပုပ်နံ့ကလည်း ဒီအကောင် တွေပဲ ဖြစ်မယ်။ သူတို့အထဲက ဟိုဟိုဒီဒီ လျှောက်သွားနေတဲ့ ကောင်တွေ တို့နဲ့တွေ့လို့ အနံ့နဲ့ ခြောက်လှန့်ကြည့်ပေမယ့် တို့က မကြောက်လို့ သူ့အဖော်တွေကို သွားပြောတဲ့အတွက် ရယ်ကြ တာဖြစ်နိုင်တယ်။ ဒီအတိုင်းသာဆိုရင်တော့ တို့နှစ်ယောက် ဒီအကောင်တွေနဲ့ ရင်ဆိုင်ရလောက်တယ်ကွ"

"ဒီတော့ မင်းတစ္ဆေကို ကြောက်သလား"

"မကြောက်ပါဘူး"

"အေး ငါလည်း မကြောက်ဘူး၊ ဒီအကောင်တွေ အနှောင့် အယှက်ပေးလာရင်လည်း ဓားနဲ့ လိုက်ခုတ်၊ လှံနဲ့ လိုက်ထိုးကြရုံ ပဲပေါ့ကွာ"

သူတို့နှစ်ယောက် အသံခပ်ကျယ်ကျယ်နှင့် ပြောနေကြရင်း နှင့်ပင် တစ္ဆေမ၏ ရယ်သံတိတ်သွားလေသည်။ သို့သော် လုံးဝ ပျောက်သွားသည်ကား မဟုတ်ပေ။ တစ်ဆက်တည်းဆိုသလိုပင် ညောင်ပင်ကြီး၌ ရှိနေကြသည့် တစ္ဆေတွေ အားဖြည့်ကာ ညာသံပေး ၍ ဆင်းလာကြပြီး ဦးတင်လှမောင်နှင့် ဦးစံဘိုတို့အား ဝိုင်းကြလေ သည်။

တစ္ဆေတွေကလည်း အကြီးအငယ်အားလုံး ဦးရေတစ်ဆယ် ကျော်မျှ ရှိသည်။ အမှောင်ထဲမှာကြောင့် အရုပ်သဏ္ဌာန်တွေက မည်သို့ မည်ပုံရှိသည်ကို တိကျစွာ မမြင်နိုင်သော်လည်း တစ္ဆေ

အားလုံးမှာ မည်းမည်းမှောင်မှောင်တွေချည်းသာ ဖြစ်သည်။

ဦးတင်လှမောင်နှင့် ဦးစံတိုတို့လည်း တစ္ဆေကို မကြောက်တတ်သူများဖြစ်၍ ကြဲ့ကြဲ့ခံကာ တိုက်ခိုက်ကြလေသည်။ ဦးစွာ ဦးတင်လှမောင် ထမ်းလာသော အမဲပေါင်ကို ပစ်ချလိုက်ပြီး ဦးတင်လှမောင်သည် အမဲပေါင်ကို ပြေးကောက်သော တစ္ဆေအား လှံနှင့် လိုက်ထိုးသည်။ ဓားမနှင့်လည်း လိုက်ခုတ်သည်။

ဦးတင်လှမောင်ကပင် မလောကြီးနေ၍လား၊ တစ္ဆေတွေကပင် အရှောင်အတိမ်းကောင်း၍လား၊ သည်လိုမှမဟုတ် တစ္ဆေများသည် ပင် အရိုးအသားနှင့် အကောင်အထည် မဟုတ်ဘဲ အရောင်အဆင်းမျှ ရှိ၍လေကဲ့သို့ ဖြစ်နေသောကြောင့်ပင် ထိုး၍မထိ၊ ခုတ်၍မရ ဖြစ်နေလေသည်လား မခွဲခြားနိုင်ဘဲ နောက်ဆုံးတွင် တစ္ဆေတွေ တစ်ကောင်တလေမျှ မသေဘဲ အမဲပေါင်ကြီးကို သာ ကောက်ပြေးသွားကြလေသည်။

သို့သော် ဤမျှနှင့်လည်း မပြီးသေးပေ။ ချက်ချင်းပင် နောက်တစ်ကြော ပြန်လာပြီး ဦးစံတိုဆီက အမဲသားပေါင်ကို လုရန် ဝိုင်းလာကြပြန်သည်။ ထို့ကြောင့် ဦးတင်လှမောင်က အတတ်နိုင်ဆုံး တားကွယ်သည်။ တားကွယ်သော်လည်း မရ လှံနှင့် လိုက်ထိုး၊ ဓားနှင့်လိုက်ခုတ်နေရင်းကပင် ဦးစံတိုဆီက အမဲပေါင်ကြီး တစ္ဆေများ လက်ထဲသို့ ပါသွားပြန်လေသည်။

ထို့ကြောင့် ဘာမျှ မတတ်နိုင်ကြတော့။

တစ္ဆေများသည် အမဲပေါင်နှစ်ခုစလုံးကို ရသွား၍ ကျေနပ်သွားကြဟန်ရှိသည်။ ဦးတင်လှမောင်နှင့် ဦးစံတိုတို့အား ဆက်လက်

အားလုံးမှာ မည်းမည်းမှောင်မှောင်တွေချည်းသာ ဖြစ်သည်။

ဦးတင်လှမောင်နှင့် ဦးစံဘိုတို့လည်း တစ္ဆေကို မကြောက် တတ်သူများဖြစ်၍ ကြုံကြုံခဲကာ တိုက်ခိုက်ကြလေသည်။ ဦးစွာ ဦးတင်လှမောင် ထမ်းလာသော အမဲပေါင်ကို ပစ်ချလိုက်ပြီး ဦးတင်လှမောင်သည် အမဲပေါင်ကို ပြေးကောက်သော တစ္ဆေအား လှံနှင့် လိုက်ထိုးသည်။ ဓားမနှင့်လည်း လိုက်ခုတ်သည်။

ဦးတင်လှမောင်ကပင် လောကြီးနေ၍လား၊ တစ္ဆေတွေကပင် အရှောင်အတိမ်းကောင်း၍လား၊ သည်လိုမှမဟုတ် တစ္ဆေများသည် ပင် အရိုးအသားနှင့် အကောင်အထည် မဟုတ်ဘဲ အရောင် အဆင်းမျှ ရှိ၍လေကဲ့သို့ ဖြစ်နေသောကြောင့်ပင် ထိုး၍မထိ၊ ခုတ်၍မရ ဖြစ်နေလေသည်လား မခွဲခြားနိုင်ဘဲ နောက်ဆုံးတွင် တစ္ဆေတွေ တစ်ကောင်တလေမျှ မသေဘဲ အမဲပေါင်ကြီးကို သာ ကောက်ပြေးသွားကြလေသည်။

သို့သော် ဤမျှနှင့်လည်း မပြီးသေးပေ။ ချက်ချင်းပင် နောက် တစ်ကြော့ ပြန်လာပြီး ဦးစံဘိုဆီက အမဲသားပေါင်ကို လုရန် ဝိုင်းလာကြပြန်သည်။ ထို့ကြောင့် ဦးတင်လှမောင်က အတတ်နိုင်ဆုံး ကာကွယ်သည်။ ကာကွယ်သော်လည်း မရ၊ လှံနှင့် လိုက်ထိုး၊ ဓားနှင့်လိုက်ခုတ်နေရင်းကပင် ဦးစံဘိုဆီက အမဲပေါင်ကြီး တစ္ဆေများ လက်ထဲသို့ ပါသွားပြန်လေသည်။

ထို့ကြောင့် ဘာမျှ မတတ်နိုင်ကြတော့။

တစ္ဆေများသည် အမဲပေါင်နှစ်ခုစလုံးကို ရသွား၍ ကျေနပ် သွားကြဟန်ရှိသည်။ ဦးတင်လှမောင်နှင့် ဦးစံဘိုတို့အား ဆက်လက်





၍ အနှောင့်အယှက်မပေးတော့ဘဲ တဟားဟား ရယ်မောရင်းက သူတို့နေရာ ညောင်ပင်ကြီးဆီသို့ ပြန်သွားကြလေသည်။

□ □ □

"ဒီတော့ ဦးကြီး အဲဒီလောက်ထိ ထိုးကြ၊ ခုတ်ကြတာ ဘစ္ဆေတွေ တစ်ကောင်မှ မသေဘူးကဲ့လား"

"မသေဘူးလို့ ပြောတယ်"

"တစ္ဆေတွေက အမဲသားတွေကို အတင်းလုသွားကြတော့ အားလုံး ပါသွားရောလား"

"ပါသွားတာပေါ့ကွ၊ တစ္ဆေတွေက အမဲသားစားချင်လို့ လိုက် လုကြတာပဲ"

"တစ္ဆေတွေကလည်း ရဲလိုက်တာနော်။ ဦးတင်လှမောင်နဲ့ ဦးစံဘိုတို့က တစ္ဆေကို မကြောက်တတ်ကြလို့ တော်သေးတာပေါ့။ ကျွန်တော်တို့ လိုသာဆိုရင်တော့ အခက်ပဲ"

"တစ္ဆေကို ကြောက်တတ်တဲ့ လူတွေသာဆိုရင် ရူးသွားနိုင် ဘာပေါ့ကွာ"

□ □ □

မင်းဟိန်းထိပ်



# အင်းကြီးအော်သံ

ရွှေဘုန်းကံ

"ဝေါ. . . ဝေါ. . ."

"ဝေါ. . . ဝူး. . . ဝေါ. . ."

"အီး. . . ဟီး. . . ဟင်း. . ."

ညက တိတ်ဆိတ်မှောင်မိုက်နေသည်။ တောင်းတင်အနက်ထည်ကြီးတစ်ပြင်လုံးမှာလည်း လမိုက်ညဖြစ်၍ ကြယ်ပွင့်အစအန အမှုန်အပြလေးမျှပင် တစ်စွန်းတစ်စမျှမရှိအောင် ပျောက်ရှနေသည်။ ဆိုရပါလျှင် ကြာနီအင်းကြီးတစ်ခွင် တစ်ပြင်လုံးနှင့် ကြာနီရွာခန်းကျင် သာမက လောကကြီးတစ်ခုလုံး အမှောင်လွင်ပြင်ကြီးထဲ နစ်မြုပ်နေသည်ဟု ဆိုရပေမည်။ လကွယ်ရန် သုံးရက်ခန့်မျှသာ လိုပါတော့သည်။ သို့ပါသော်လည်း ကြာနီအင်းကြီးတစ်ဝိုက်နှင့် ကြာနီရွာခန်းကျင် တစ်ခုလုံးသာမက ကြာနီအင်းကြီး၏ နယ်နိမိတ်အတွင်း ထိစပ်လျက် တည်ရှိနေကြသည့် ကျိုက်အင်း၊ ငါးဆူ၊ ကွမ်းခြံ၊ ကုလားစု အစရှိသော ကျေးရွာများလည်း အမှောင်ပြင်ကြီးထဲ နစ်မြုပ်နေပေသည်။ အချိန်က သက်ကြီးခေါင်းချချိန် သန်းခေါင်ပင် ချဉ်းလုနေပေပြီ။ ဝါဆို ဝါခေါင် ရေဖောင်ဖောင်ဟု ဆိုကြပါသော်ငြား ယခု ရက်များအတွင်း မိုးတ အတန်ငယ်ကျဲပါးသွားခဲ့ပြီ။ ဝါခေါင်လကွယ်တော့မည်ဖြစ်၍လည်း တော်သလင်းနေပူစွန်သေဆိုသော စကားအတိုင်း နေအပူက မသိမသာ မြင့်တက်လာနေပြီဖြစ်သည်။

သို့သော် ကြာနီအင်းကြီးအတွင်းမှာကား ရေက ပြည့်နေဆဲပင် ဖြစ်သည်။

တစ်လောကလုံး တိတ်ဆိတ်ငြိမ်သက်နေသော ညသန်းခေါင်

ယံ ချည်းလုအချိန်မှာပင် အထက်ပါ အသံပလံကြီးက ကြာနီအင်း ကြီးဘက်မှ ထွက်ပေါ်လာခြင်း ဖြစ်သည်။ အသံဗလံများက အသည်းငယ် ကြောက်လန့်တတ်သူဆိုပါက ထိတ်လန့်ခြောက်ခြား ဖွယ် အသံကြီးပင် ဖြစ်သည်၊ ကြာနီအင်းကြီး၏ ရေစပ် တောင်ယာကုန်းစပ်၌ လင်ဖြစ်သူနှင့်အတူ အိုက်စပ်လွှန်း၍ ဟိုလူးဒီလိမ့်ဖြစ်နေသော ထားရီက အင်းကြီး၏ ရေပြင်အလယ်မှ ထွက်ပေါ်လာသည့် အင်းအော်သံကြီးကြောင့် ဖျက်ခနဲလန့်နိုး သွားပြီး ငုတ်တုတ်ထထိုင်မိသွားသည်။ ယင်းအခိုက် . . .

"အီး . . . ဟီး . . . ဟင်း . . ."

"ဝေါ . . . ဝေါ . . ."

"ကိုဒင်ကြီး . . . ကိုဒင်ကြီး . . . ထ,ထစမ်းပါဦး"

"အင်း . . . ဟင် . . . ဘာလဲ ထားရီမင်းကလဲ တမှောင့်ကွာ၊ ဘာဖြစ်ရပြန်တာလဲ"

"ဟို . . . ဟို . . . အသံ . . . အသံ . . ."

ထားရီ တဲအမြင်ဘက် မှောင်နက်မည်းမည်း အင်းကြီးဘက်သို့ ဝါးခနီထရဲကာကွက်ကြားကနေ လှမ်းမျှော်ကြည့်ရင်း ထစ်ထစ် ငေါ့ငေါ့ ဆိုသည်။ ဘဒင်က အိပ်ချင်မူးတူးမှိ စိတ်တိုဒေါသထွက် ဟန်ဖြင့်

"ဟ . . . ဘာသံလဲကွ အဓိပ္ပာယ်မရှိတာကွာ၊ တောက် . . ."

"ဟို . . . ဟို . . . ရှင် . . . ရှင် မကြားဘူးလား၊ အင်း . . . အင်းကြီးအော်တယ် ရှင့်"

"ဘာဖြစ်လဲကွ၊ သူ့ဘာသာသူအော်ချင်လို့ အော်တာ အလ

ကားအိပ်ရေးပျက်အောင်ကွာ၊ ထူးဆန်းတာလဲမဟုတ်. . . ကျွတ်. . ."

ဘဒင်က ခပ်ထန်ထန်ပြောပြီး ဝါးကြမ်းခင်းတစ်ဖက်စွန်းသို့ လူးလိမ့်လိုက်ပြီး တစောင်းပြန်အိပ်သွားတော့သည်။ ခဏအကြာ ဘဒင်ထံမှ ဟောက်သံတရှူးရှူးကြီးက တိတ်ဆိတ်နေသည့် ညအမှောင်တွင်း၌ ကြမ်းတမ်းစွာ ထွက်ပေါ်လာလေတော့သည်။ ထားရီမှာ မငြိမ်မသက်သေးသော ရင်အစုံဖြင့် ဘာဲကိုမှ မမြင်ရသော အင်းရေပြင်ကြီး တည်ရှိရာဘက်သို့ အတန်ကြာမျှ မြူကြောင်ကြောင် ငေးကြည့်နေမိသည်။ ယင်းအချိန်မှာပင်. . .

"ဝေါ. . . ဝေါ. . ."

"အီး. . . ဟီး. . . ဟင်း. . ."

အင်းကြီး၏ အလယ်လောက်ဆီမှ လေတိုးသံလည်းမဟုတ်၊ မိုးဦးလေဦး လှိုင်းလေရိုက်ပုတ်သံလည်း မဟုတ်၊ ကြာနီအင်းကြီး တစ်ဝိုက် ညဉ့်နက်နေပြီမို့ လေငြိမ်သက်လျက် မည်သည့်အသံမျှ မကြားရအောင်၊ တိတ်ဆိတ်နေရာမှ ထူးဆန်းစွာပင် အသက်ငင်နေသော လူပမာတစ်ဦး၏ မပီမသ ညည်းတွားသံကြီးနှယ် ခြောက်ခြားသွေးပျက်ဖွယ် ထိတ်လန့်ဖွယ်ရာ အော်သံ ညည်းသံကြီးက ထပ်မံပေါ်ထွက်လာသဖြင့် ထားရီ ဆတ်ခနဲ ကြောက်စိတ်ဖြင့် အမှောင်ထဲ ချူစောင်အား ကမန်းကတမ်းစမ်း၍ ဘဒင်နံဘေးသို့ ခြေဆုံးခေါင်းဆုံး ခြုံလွှမ်းပြီး တစ္ဆေသရဲကို မြင်တွေ့ရသူပမာ ဝုန်းခနဲ လှဲချလိုက်လေတော့သည်။

❑ ❑ ❑

"ဟဲ့. . . စိန်ပု ညတုန်းက ကြားလိုက်လား. . ."

"ဟဲ့. . . စကားက အရင်းမရှိ အဖျားမရှိ ဘာကို ကြားရမှာလဲ"

"ဟို. . . အော်သံ. . . အင်း အော်သံကြီးလေ။ ညက. . ."

ထားရီ၏ စိုးရိမ်ထိတ်လန့်ဖွယ် မျက်ဝန်းတွေနှင့် အထိတ်တလန့်ပြောသော အင်းအော်သံဆိုသည့် စကားကြောင့် စောစောက ကြည်လင်နေသော စိန်ပုရဲ့ မျက်နှာလည်း ကွပ်ခနဲ ဖျက်ယွင်းသွား၏။

"ဟယ်. . ဟုတ်တယ်။ ကောင်မရဲ့ ညတုန်းက အင်း အော်သံကို ညည်းလည်း ကြားတယ်ပေါ့။ ကျုပ်တို့အပိုင်းဘက်မှာလဲ အဲဒါကိုပဲ ပြောနေကြတာ။ ကျုပ်ဖြင့် ညက ကျောကိုချမ်းနေတာပဲ။ အရေးထဲ အိမ်က သေနာကောင် ငပိန်က ညက အိမ်မှာ မရှိဘူး။ ကျိုက်အင်းကုန်းပေါ်က အသုဘအိမ်ရောက်နေတာ. . ."

"အမလေး. . . အကျယ်ကြီးမှ အကျယ်ကြီးရယ်။ ငါက. . . ပထမ မိုးများရွာသလားလို့၊ နောက်မှ ဘယ်ဟုတ်မလဲ၊ အင်းအော်သံကြီး။ ကြောက်ကြောက်နဲ့ ကိုဒင်ကြီးကိုတောင် နှိုးကောင်းလို့ အကန်မခံရတယ်။ ဒုက္ခပါပဲဟယ်။ အင်းအော်သံကြီး ညကမပြီး ကြားရပြီဆိုတော့ တစ်ခုခု ဖြစ်ဦးတော့မှာပဲ. . ."

"အမယ်လေး ကောင်မ၊ ကျုပ်တို့တင် အင်းအော်သံကြားရတာ မဟုတ်ဘူး။ အကုန်လုံး ကြားကြရတာတော့။ အဲဒါ ရွာထဲမှာလည်း ဟိုလူပြော၊ ဒီလူပြောနဲ့ အားလုံး စိုးရိမ်နေကြတာ။ ကျုပ်တို့ ကျိုက်အင်းကုန်းစပ်က ဘကြီးသာလှတို့နဲ့ ကိုးဖိုးထောင်ကြီးတို့ကတော့ ဒီညနေ ကွင်းမြောက်မယ်လို့တောင် တိုင်ပင်နေကြတယ်။ ဘယ်သူမှ. . . ဘာမှ မဖြစ်ကြပါစေနဲ့တော်. . ."

"အမလေး၊ အိမ်က ဟိုမေး သာကျော်တိုလည်း အရက်ကို မူးအောင် သောက်ပြီး ကိုင်းသွားထောင်နေတာ သတိပေးရဦး မယ်။ ခု. . . အော်တာ. . . ဘယ်သူ အလှည့်မှန်း မသိဘူး. . ."

"ဟဲ့. . . မိသောင်း ညည်းပါးစပ်ပုပ်ကြီးနဲ့ နမိတ်မရှိ နမာမရှိ ... လွှဲပါစေ. . . ဖယ်ပါစေတော်. . ."

ညတုန်းက လမိုက်သန်းခေါင်ယံချည်းလုအချိန်တွင် မမျှော် သင့်ဘဲ ကြာနီအင်းကြီးထဲမှ အင်းအော်သံကြီးကို ကြားလိုက်ရသဖြင့် ကြာနီအင်းကြီးအား အမှီသဟဲပြုလျက် ငါးရှာ၊ ဖားရှာ၊ ကွန်ပစ်၊ ကိုင်းထောက်လုပ်ကိုင်ကြသော အင်းကြီးပတ်ပတ်လည်ရှိ ရွာများ၊ တောင်ယာစိုက်ခင်းသမားများမှစ၍ ရွာနီးချုပ်စပ်ဝန်းကျင်၌ အင်းအော်သံကြီးအကြောင်းကိုသာ ပြောနေကြလေသည်။ ယင်းမှာ သည်း အကြောင်းရှိသည်။

ထိုအကြောင်းမှာ ကြာနီအင်းကြီး မအော်သည်မှာ နှစ်နှစ်ခန့် ကြာခဲ့ပေပြီ။ ကြာနီအင်းကြီးအော်သံကို နှစ်နှစ်ခန့် မည်သူမျှ မကြား သဖြင့် ကြာနီရွာမှအစ အင်းပတ်ပတ်လည်ရှိ ရွာနီးချုပ်စပ်များမှာ င်ဘ်လက်ပေါ့ပါးစွာ ငါးရှာဖားရှာလုပ်နေကြရာမှ အမှတ်မထင် နေ့ညက အင်းကြီး အော်လာခဲ့ခြင်းပင်ဖြစ်သည်။ ယင်းသို့ အသက်မဲ့နေသည့် အင်းရေပြင်ကြီးမှ သွေးဗျက်ထိတ်လန့်ဖွယ် ...ဆန်းသည့် လေမတိုက် မိုးမရွာပါဘဲ အသက်ထွက်ခါနီး အသက် ...နေသော ရောဂါဖောက်နေသည့် လူပမာတစ်ဦး ညည်းတွားသလို ...ဂ်လာအသံဆိုးကြီးကြားရပေါ် ထွက်လာပါက အင်းရေပြင် ကြီးအား အမှီသဟဲပြု ရှာဖွေစားသောက် နေထိုင်ကြသော ရွာနီး

ချုပ်စပ်မှု တစ်စုံတစ်ယောက် (၇) ရက်အတွင်း အင်းရေပြင်၌ သေဆုံးတတ်စမြဲဟု ရှေးအစဉ်ဆက်ကပင် ယုံကြည်လက်ခံ ထားကြသည်။ ကြာနီအင်းကြီးထဲမှ ကျက်သရေမင်္ဂလာ တင်းမဲ့လှသည့် အင်းစောင့်သံကြီး မကြားရလေအောင် ရွာနီးချုပ်စပ်မှ အင်းဖြင့် မကင်းသူမှန်သမျှ ဆုတောင်းတတ်ကြသည်။ အတတ်နိုင်ဆုံးလည်း မည်သူမဆို အင်းရေပြင်ထဲ ငါးရှာ ဖားရှာ မဆောင်ရွက်မိ တတ်နိုင်သမျှ အစဉ်အလာအရ ကွင်းပိုင်၊ နယ်ပိုင်အဘိုးမှစ၍ ကွင်းခြောက်ကြလေ့ရှိသည်။ မည်သူကမှလည်း အစဉ်ဆက်အရ တောသူ တောင်သားများပီပီ မထိမ့်မြင်၊ မရှိမသေ၊ မလေးမစား မပြု လုပ်ကြဘဲ အယူတွာ၊ အနတ္တ ရှုန့်ရင်းကြမ်းတမ်းစွာ ဆဲရေးတိုင်းထွာ ခြင်းမှစ၍ အပေါ်အလေးစွန့်ရာတွင်ပင် မဖွယ်မရာ ကြုံကြုံရာ မစွန့်ကြပေ။

ဒါကလည်း အကြောင်းရှိပေသည်။

ကြာနီအင်းကြီးနှင့် ကြာနီအင်းရွာကြီးသည် ယနေ့မှ နေ့ချင်း ညချင်း ပေါ်ပေါက်လာသည့် ကျေးရွာအုပ်စု တစ်စုမဟုတ်ပါဘဲ ရှေးနှစ်ပေါင်းများစွာကပင်တည်ရှိလာခဲ့သည့် ရွာကြီးလည်း ဖြစ်ပေသည်။ ရှေးထုံးအစဉ်အလာ မိရိုးဖလာ တစ်ယူသန် မျက်ကန်းဆင်ဖမ်းသလို သူတစ်ပါးပြောသမျှ ယုံလွယ်တတ်ကြသူတွေလည်း မဟုတ်ကြချေ။ ရွာနေပြည်ထိုင် ဘိုးဘေးအစဉ်ဆက် သက်ကြီးစကား သက်ငယ်ကြား ဆိုသကဲ့သို့ ကြာနီအင်းကြီးဖြင့် ပတ်သက်သည့် မြင်အပ်၊ မမြင်အပ် ပရလောကသားများနှင့် ဂမ္ဘီရဆန်သော အဖြစ်ဆန်းများသည် ယနေ့ တိုင်အောင်ပင် ရွာနီးချုပ်စပ်ဝန်းကျင်မှ ကြာနီအင်းကြီးဖြင့် မကင်းကြသူတိုင်း ကြုံတွေ့ခဲ့ကြဖူးသည်။ ကြားဖူး

ချုပ်စပ်မှ တစ်စုံတစ်ယောက် (၇) ရက်အတွင်း အင်းရေပြင်၌ သေဆုံးတတ်စမြဲဟု ရှေးအစဉ်ဆက်ကပင် ယုံကြည်လက်ခံ ထားကြသည်။ ကြာနီအင်းကြီးထံမှ ကျက်သရေမင်္ဂလာ ကင်းမဲ့လှသည့် ဖင်းဖော်သံကြီး မကြားရလေအောင် ရွာနီးချုပ်စပ်မှ အင်းဖြင့် မကင်းသူမှန်သမျှ ဆုတောင်းတတ်ကြသည်။ အတတ်နိုင်ဆုံးလည်း မည်သူမဆို အင်းရေပြင်ထဲ ငါးရှာ ဖားရှာ မဆောင်ရွက်မိ တတ်နိုင်သမျှ အစဉ်အလာအရ ကွင်းပိုင်၊ နယ်ပိုင်အဘိုးမှစ၍ ကွင်းရှောက် ကြလေ့ရှိသည်။ မည်သူကမှလည်း အစဉ်ဆက်အရ တောသူတောင်သားများပီပီ မထိမှဲမြင်၊ မရှိမသေ၊ မလေးမစား မပြုံ လုပ်ကြဘဲ အယုတ္တ၊ အနတ္တ ရှုန့်ရင်းကြမ်းတမ်းစွာ ဆဲရေးတိုင်းထွာ ခြင်းမှစ၍ အပေါ့အလေးစွန့်ရာတွင်ပင် မဖွယ်မရာ ကြုံကြုံရာ မစွန့်ကြပေ။

ဒါကလည်း အကြောင်းရှိပေသည်။

ကြာနီအင်းကြီးနှင့် ကြာနီအင်းရွာကြီးသည် ယနေ့မှ နေ့ချင်းညချင်း ပေါ်ပေါက်လာသည့် ကျေးရွာအုပ်စု တစ်စုမဟုတ်ပါဘဲ ရှေးနှစ်ပေါင်းများစွာကပင်တည်ရှိလာခဲ့သည့် ရွာကြီးလည်း ဖြစ်ပေသည်။ ရှေးထုံးအစဉ်အလာ မိရိုးဖလာ တစ်ယူသန် မျက်ကန်းဆင်ဖမ်းသလို သူတစ်ပါးပြောသမျှ ယုံလွယ်တတ်ကြသူတွေလည်း မဟုတ်ကြချေ။ ရွာနေပြည်ထိုင် ဘိုးဘေးအစဉ်ဆက် သက်ကြီးစကား သက်ငယ်ကြား ဆိုသကဲ့သို့ ကြာနီအင်းကြီးဖြင့် ပတ်သက်သည့် မြင်အပ်၊ မမြင်အပ် ပရလောကသားများနှင့် ဂမ္ဘီရဆန်သော အဖြစ်ဆန်းများသည် ယနေ့ တိုင်အောင်ပင် ရွာနီးချုပ်စပ်ဝန်းကျင်မှ ကြာနီအင်းကြီးဖြင့် မကင်းကြသူတိုင်း ကြုံတွေ့ခဲ့ကြဖူးသည်။ ကြားဖူး

• ယင်းသို့ကြောင့်လည်း ရွာသူရွာသားများက အင်းဧော်သံကြီးအား သွေးပျက်ဖွယ်ကြားရပါလျှင် မကြာခင် ဘယ်သူ ဘယ်ရွာက ဘာဖြစ်တော့မလဲ. . . ဟု စိုးရိမ်ကြောင့်ကြ ပူပန်စိတ်ဖြင့် နားစွင့်ကြခြင်းဖြစ်သည်။ အင်းဧော်လျှင် လူစားသည်ဟုလည်း ယုံကြည်လက်ခံ ကြောက်လန့်ကြခြင်းလည်း ဖြစ်သည်။

ကြာနီအင်းကြီးသည် မည်မျှ ကျယ်ပြန့်သလဲဟု ဆိုရပါလျှင် ဒီဘက် ကြာနီအင်းရွာစပ်ရှိ တောင်ယာကုန်းမှ လှမ်းကြည့်လျှင် ဘဲဥ တစ်လုံးပမာ လုံးပန်းကွေးညွတ်စွာ တည်ရှိနေသော စိမ်းညို့သော သစ်ပင်အုတ်များနှင့် ကျိုက္ကမော့ဆံတော်ရှင်ထွာင် ဟုဆိုသည့် တစ်ဖက်ကမ်း ပန်းကုံးရွာကိုပင် သစ်ပင်အုပ်များအား ညိုးပြပြလေးသာ မြင်ရသည်၊ ဤမျှ စိမ်းမြ ကျယ်ပြောသော အင်းရေပြင်ကြီးပတ်ပတ်လည်၌ ရှေးအစဉ်အဆက်ကပင် အထက်ကဆိုခဲ့သည့် ရွာကြီးများ ပတ်ချာလည် တည်ရှိနေခြင်းပင်ဖြစ်သည်။ ကြာနီအင်းရွာကြီးမှာ ကြာနီအင်းကြီး၏ နောက်ဘက်၌ တည်ရှိပြီး သစ်ကြီးဝါးကြီး အရိပ်များဖြင့် တည်ရှိသော ရွာကြီးဖြစ်သည်။ ကြာနီအင်းကြီး၏ အရှေ့ဘက် သန်လျင်၊ ကျောက်တန်းသွား ကားလမ်းကြီးဖြင့် တစ်ဆက်တည်း တည်ရှိသည်။ ကျေးရွာများမှာလည်း တစ်ဆက်တည်း တည်ရှိခဲ့ကြခြင်း ဖြစ်ပါသည်။ အင်းကြီး၏ ရေပြင်တွင်းသို့ ချွန်ထွက်နေသော ရေလွှတ်ကုန်း စောင်းများ၌ အစဉ်အဆက် တောင်ယာစိုက်ခင်းလုပ်ငန်းများ လုပ်ကိုင်ခဲ့ကြသည်၊ ကြာနီအင်းကြီးထဲ၌လည်း ငါးရှာ၊ ဖားရှာ တံငါလုပ်ငန်းများဖြင့် အသက်မွေးကြသူတွေလည်း ရှိသည်။

ယင်းသို့ကြောင့်လည်း ရွာသူရွာသားများက အင်းအော်သံကြီးအား သွေးပျက်ဖွယ်ကြားရပါလျှင် မကြာခင် ဘယ်သူ ဘယ်ရွာက ဘာဖြစ်တော့မလဲ. . . ဟု စိုးရိမ်ကြောင့်ကြ ပူပန်စိတ်ဖြင့် နားစွင့်ကြခြင်းဖြစ်သည်။ အင်းအော်လျှင် လူစားသည်ဟုလည်း ယုံကြည်လက်ခံ ကြောက်လန့်ကြခြင်းလည်း ဖြစ်သည်။

ကြာနီအင်းကြီးသည် မည်မျှ ကျယ်ပြန့်သလဲဟု ဆိုရပါလျှင် ဒီဘက် ကြာနီအင်းရွာစပ်ရှိ တောင်ယာကုန်းမှ လှမ်းကြည့်လျှင် ဘဲဥ တစ်လုံးပမာ လုံးပန်းကွေးညွတ်စွာ တည်ရှိနေသော စိမ်းညို့သော သစ်ပင်အုတ်များနှင့် ကျိုက္ကမော့ဆံတော်ရှင်ထောင် ဟုဆိုသည့် တစ်ဖက်ကမ်း ပန်းကုံးရွာကိုပင် သစ်ပင်အုပ်များအားညိုးပြပြလေးသာ မြင်ရသည်။ ဤမျှ စိမ်းမြ ကျယ်ပြောသော အင်းရေပြင်ကြီးပတ်ပတ်လည်၌ ရှေးအစဉ်အဆက်ကပင် အထက်ကဆိုခဲ့သည့် ရွာကြီးများ ပတ်ချာလည် တည်ရှိနေခြင်းပင်ဖြစ်သည်။ ကြာနီအင်းရွာကြီးမှာ ကြာနီအင်းကြီး၏ နောက်ဘက်၌ တည်ရှိပြီး သစ်ကြီးဝါးကြီး အရိပ်များဖြင့် တည်ရှိသော ရွာကြီးဖြစ်သည်။ ကြာနီအင်းကြီး၏ အရှေ့ဘက် သန်လျင်၊ ကျောက်တန်းသွား ကားလမ်းကြီးဖြင့် တစ်ဆက်တည်း တည်ရှိသည်။ ကျေးရွာများမှာလည်း တစ်ဆက်တည်း တည်ရှိခဲ့ကြခြင်း ဖြစ်ပါသည်။ အင်းကြီး၏ ရေပြင်တွင်းသို့ ချွန်ထွက်နေသော ရေလွှတ်ကုန်း စောင်းများ၌ အစဉ်အဆက် တောင်ယာစိုက်ခင်းလုပ်ငန်းများ လုပ်ကိုင်ခဲ့ကြသည်။ ကြာနီအင်းကြီးထဲ၌လည်း ငါးရှာ၊ မားရှာ တံငါလုပ်ငန်းများဖြင့် အသက်မွေးကြသူတွေလည်း ရှိသည်။





ကြာနီအင်းရွာကြီးက အင်းကြီး၏ တာမှိုစောင်း ရွာ၏ နယ်နိမိတ်ဖြင့် ဆက်စပ်တည်ရှိနေသည်။ အင်းကြီး၏ ဧရိယာတွင်း ကျရောက်နေသည့် ရေလွှတ် ရေမလွှမ်းသည့် ကုန်းကြီးမှာလည်း အလွန်တရာကြီးမား ကျယ်ပြန့်လှသဖြင့် တောင်ယာစိုက်ခင်းများနှင့် တောင်ယာတဲစုများ မြောက်မြားစွာရှိလေသည်။ မိုးလွန်သွားသည့်အခါ အင်းရေ ပြန်ကျသွားသဖြင့် ရေလွှမ်းကုန်းများပေါ်တွင်လည်း တောင်ယာခင်းများ စိုက်ပျိုးကြသည်။ တောင်ယာခြံထွက်သီးနှံများ၊ ပန်းများကိုမူ ရန်ကုန် ဘက်ကမ်း သာကေတ (၁၀) ဈေးသို့ နံနက် ဝေလီဝေလင်းတွင် သွားရောက်ရောင်းချလေသည်။ ရွာမကြီးနှင့် တစ်ဆက်တည်းဟုဆိုပါသော်လည်း အင်းကြီး၏ ဧရိယာအတွင်း တောင်ယာစိုက်ခင်းသမားများကိုမူ ရွာမကြီးအတွင်းရှိ ရွာနေပြည်ထိုင် သက်ကြီးရွယ်အိုများက ရွာအနောက်ကုန်း သုသာန်ကုန်းဟုလည်း ခေါ်ဆိုကြသည်။

ရှေးကမူ ကြာနီအင်းကြီးမှာ ရေရှင်အင်း၊ သီလဝါချောင်းမှ ခန၍ ရေဝင်ရေထွက်ရှိသော အင်းကြီးတစ်ခုလည်းဖြစ်သည်။ သို့သော် လွန်ခဲ့ပါသော နှစ်ပေါင်း ၂၀၀ ကျော်က ယင်းရေဝင်ရေထွက် အင်းရှင်ကြီးအား ဌာနဆိုင်ရာမှ တာတာမံကြီးအဖြစ် တည်ဆောက်လိုက်၍ ရေဝင်ရေထွက် မရှိတော့ချေ။ ရွာနီချုပ်စပ်များမှရှေ့ကပင် ကြာနီအင်းဟု ခေါ်ဆိုခဲ့ကြ၍ ယခုတိုင်လည်း ကြာနီအင်းကြီးအဖြစ် တည်ရှိနေသေးသည်။ အင်းကြီး၏ အလယ်သို့ ရှေ့ကပင် ချွန်ထွက်ကွေ့ဝိုက်နေသော ယင်းရွာနေပြည်ထိုင်များတရွာနောက်ကုန်း သုသာန်ကုန်းဟုခေါ်ကြသည့် တောင်ယာကုန်း

ကြီးမှာ လွန်ခဲ့သော နှစ်ပေါင်း သုံးလေးဆယ်ဝန်းကျင်က အမှန်တကယ်လည်း ကြာနီအင်းရွာကြီး၏ အနောက်ဘက်ကုန်းကြီးဖြစ်ပြီး ရွာမှ ကွယ်လွန်ဆုံးပါးသူများ မြှုပ်နှံသင်္ဂြိုဟ်ရာ သင်္ချိုင်းကုန်းဟောင်းကြီးလည်းဖြစ်သည်။ ကုန်းကြီး အလယ်တည့်တည့် ကုန်းထက်၌ ရှေးကပင် ကြီးမားလှသည့် ညောင်ပင်ကြီးနှင့် တစ်ပိုင်းတစ်စ ပြိုပျက် နေသည့် အုတ်ဂူပျက်ကြီးနှစ်လုံးလည်း တည်ရှိနေသည်။ ဂူပျက်ကြီးနှစ်လုံး၏ ဝန်းကျင်အနောက်ဘက်မှာမူ ကြခတ်ဝါးရုံများက ရှုပ်ယှက်ခတ် ထူထပ်စွာ ပေါက်ရောက်နေသည်။ လွန်ခဲ့သည့် နှစ်ပေါင်းလေးငါးဆယ်ကာလကမူ ကြာနီအင်းရွာကြီးသည် အင်းကြီး၏ အလယ်ထိတိုင် ကျယ်ပြန့်သည်။ သီလဝါချောင်းမှ တစ်ဆင့် ရေတက်ရေကျ အင်းကြီးတွင်းသို့ စီးဝင်ခဲ့စဉ်က အင်းကြီးအစပ် မြေကုန်းများ ထက်၌မူ ရွာနေအိမ်များ တည်ရှိပြီး အများအားဖြင့် အင်းကြီးနှင့် သီလဝါချောင်း၏ ရေတက်ရေကျသို့ အမှီသဟဲပြု လျက် တံငါလုပ်ငန်း လုပ်ကိုင်ကြသူတွေ များသည်။ တံငါစုရွာလည်း ရှိခဲ့သည်။

ယင်းအချိန်က ယခု ကြာနီအင်းရွာကြီး၏ ရွာအနောက်ကုန်းသည် နီးစပ်ရာ ရွာများမှ ဆုံးပါးကွယ်လွန်သူများကို သင်္ဂြိုဟ်သည့် သုသာန်ကုန်းဖြစ်ခဲ့သည်။ မည်သူမျှ ယင်းသုသာန်ဘက်သို့ မသွားမလာကြဘဲ သီးခြားတည်ရှိခဲ့ရာ နေရာလည်းဖြစ်သည်။ သီလဝါချောင်းနံဘေးမှ အလွမ်းဆွတ်ရွာ သီလဝါရွာများမှပင် အင်းကြီးအတွင်း သားငါး ရှာဖွေကြသည်။ ယင်းနောက် လွန်ခဲ့သော အနှစ်နှစ်ဆယ်ကျော်ခန့်က အင်းကြီး၏ အလယ်ရှိ ကျေးရွာအချို့အား

ခ ည်အဖြစ် တည်ဆောက်ရန် ရွှေ့ပြောင်းခဲ့ကြ၏၊ ကြာနီအင်းကြီး အဖြစ် တည်ရှိနေချိန်တွင် ရံဖန် အင်းရေခမ်းချိန် ရေစစ်ချိန်များ၌မူ အင်းရေပြင်စပ် ကုန်းစောင်းများ၌ မည်သည့်ခေတ်ကာလကမှန်း မည်သူမျှ တိကျရေရာစွာ မပြောဆိုနိုင်သည့် ရှေးခေတ်လှေသမ္ဗာန်ကြီးများပင် တစ်စွန်းတစ်စနစ်မြုပ် ပေါ်နေသည်ကို တွေ့ကြုံသူတွေရှိသည်။ အင်းကြီးသည် မည်သည့်အချိန် ကာလလောက်ကတည်းက တည်ရှိနေခဲ့မှန်း မည်သူမျှ တိကျစွာ မပြောနိုင်သော်လည်း ရှေးရွာနေပြည်ထိုင်များ အစဉ်အဆက် စကားအရမူ ကျောက်မြေအိုးငယ်များ၊ ဘုရားဆင်းတုတော်အချို့ကိုပင် ကွန်ပစ်ရင်း ငါးဖားရှာရင်း၊ ဝါးငုတ်တူးမြောင်းပေါက်ရင်းမှ တိုက်ဆိုင်စွာ ရရှိခဲ့ကြသူတွေလည်း ရှိခဲ့ကြသည်ဆိုသည်။

ဆိုရပါလျှင် စိမ်းမြကျယ်ပြောစွာတည်ရှိနေသော ကြာနီအင်းကြီးမှာ မည်သည့်ခေတ်၊ မည်သည့်ကာလလောက်ပင် တည်ရှိနေခဲ့ကြမှန်း ယခုလက်ရှိရွာနေပြည်ထိုင် အသက် ၈၀ ကျော် ဘကြီးဖိုးရဲ ပင် တိကျစွာ မပြောဆိုနိုင်တော့ပေ။ သို့သော် ဘကြီးနိုးရဲ့ အပါအဝင် ရွာရှိ သက်ကြီးရွယ်အိုများနှင့် ရွာနီးချုပ်စပ်ရွာသူရွာသားအများစု ခိုင်လုံစွာ ပြောဆိုနိုင်သည်က ယင်းသို့ကြာနီအင်းကြီးတွင်းမှ ညဉ့်နက်သန်းခေါင် ထူးဆန်းသွေးပျက်ဖွယ် အော်ညည်းသံကြီး ကြားရပါက ရက်ပိုင်း အတွင်းမှာပင် တစ်ရွာရွာမှ လူတစ်ယောက်သို့မဟုတ် တံငါသည်တစ်ဦး သေရခြင်းပင်ဖြစ်သည်။

❑ ❑ ❑

"ဟာကွာ၊ အေး၊ ဒီ. . . အင်းကြီးထဲက အော်သံကြားတာနဲ့ သူ့ဘာသာသူ လူသေတာနဲ့ ဘာမှ မပတ်သက်ပါဘူးကွာ၊ အေး ငါ. . ဒီအင်းကြီးထဲ ငါးဖားရှာလာခဲ့တာ ဆယ်နှစ်ဆယ်မိုး ရှိနေပြီကွ"

"ဟော့ကောင်. . . ဒင်ကြီး၊ မင်းဘာသာမင်း ဆယ်နှစ်ဆယ်မိုးပဲ ရှိရှိ မနေ့တစ်နေ့ကပဲ တံငါသည်လုပ်လုပ်၊ ဒီအင်းကြီးအကြောင်းလဲ မင်းသိသားပဲ. . . အေ့. . ."

"ဘာကိုသိရမှာလဲကွာ သာကျော်ရ၊ မဟုတ်မဟပ်တဲ့ အစွဲ အလန်းတွေ အယူတွေနဲ့ အလေ့စိ အပေါက်စိ ပြောချင်ရာပြောနေ တဲ့ ယုံတမ်းစကားတွေကို သူများတွေယုံတိုင်း ဒင်ကြီးတို့က မယုံဘူးကွ. . . အေး၊ သူ့ဘာသာသူ လူတွေအိပ်နေတဲ့အချိန် ပင်လယ်ဘက်က လေကြီး မိုးကြီးကျလို့ လေတိုက်တဲ့အသံကို နားစွန် နားဖျားကြားပြီး အင်းအော်သံကြီး ဘာကြီးနဲ့ လျှောက်ပြောနေကြ တာ၊ ငါမယား ထားရီက အစ၊ ဘာမှ အသက်မရှိတဲ့ ဒီရေပြင် ကြီးက သက်ရှိလူတစ်ယောက်လို ဘယ်လိုလုပ်ပြီ အော်နိုင်မှာလဲကွ၊ မယုံပါဘူးကွာ. . .၊ ဟော့. . . တာတီး ငါတို့ကို နောက်ထပ် တစ်လုံးပေး. . . အေ့"

ဒင်ကြီးက သူ့ရှေ့ ဝါးခြမ်းခင်းပေါ်ရှိ ဖန်ခွက်ထဲက လက်ကျန် အရက်ကို ဂွပ်ခနဲ မော့ချလိုက်ရင်း ဘာလေး လျှာလေးအသံကြီးနှင့် တာတီးကို နောက်ထပ်တစ်လုံး လှမ်းမှာသည်၊ ဒင်ကြီးက အရက် သောက်လျှင် ရံဖန် ခါပုံးစထဲ ငွေသားလေးအဆင်ပြေပါက လူမလဲ ပလင်းလဲသည်အထိ သောက်တတ်လေ့ရှိသည်၊ နေ့ခင်းကတည်းက တာတီး၏ အရက်ဆိုင်သို့ ရောက်ရှိလာပြီး သောက်နေသည်မှာ

နှစ်လုံးခွဲခန့်ပင် ရှိနေလေပြီ။ နေက တစ်စစ ညိုလာခဲ့ပြီ၊ နေညို လာသည်နှင့်အမျှ တာတီး၏ ရွာအနောက်ကုန်း တောင်ယာစပ်ရှိ အရက်ဆိုင်ထဲမှာလည်း တစ်စစ လူက များလာပြီဖြစ်သည်။ ကြာနီ အင်းရွာ အရှေ့ဖျားရှိ ရွာခံများပင်ဖြစ်သည်။ ဒင်ကြီး၏ အမြဲတစေ သောက်ဖော်စားဖက်မှာ သာကျော်နှင့် ဖိုလုံး၊ ကြွက်နီတို့ ဖြစ်သလို အမြဲတတွဲတွဲ မခွဲကြသူတွေလည်းဖြစ်သည်။ ရွာနီးချုပ်စပ် မည်သည့် ရွာမှာ အသုဘရှိရှိ၊ ကြက်ဝိုင်း၊ ကြိတ်ဝိုင်းရှိရှိ ဒင်ကြီးတို့ ရောက် သည်။ ဒင်ကြီးက အသက် ၃၀ ဝန်းကျင်ခန့်မျှသာ ရှိသေးပြီး ထားရီ နှင့် သားသမီးနှစ်ယောက်ရှိသည်။ ထားရီက နံဘေးဝန်းကျင်ရှိ တောင်ယာစိုက်ခင်းများမှ ပေါင်းနုတ်၊ အခင်းနုတ် လုပ်သလို နံနက် ခင်းတွင်လည်း တောင်ယာ ဈေးကြို၍ ကုန်းစိမ်းသီးနှံများရောင်း သည်။ ဒင်ကြီးကမူ ယင်းသို့ ပင်ပန်းကြမ်းတမ်းသည့် တောင်ယာ လုပ်၊ မြောင်းဖော်၊ ဝါးငုတ်တူး၊ ကုန်းစိမ်းထမ်း အလုပ်များကို ပင်ပန်းသည် ဟုဆိုကာ ထားရီဖြင့် အိမ်ထောင်ကျကတည်းက ကြာနီအင်းကြီးထဲ လှေတစ်စီးဖြင့် ကွန်ပစ်သည်။ ရံဖန် ကိုင်း ထောက်သည်။ တံငါအလုပ်ကို တောင်ယာသမားအလုပ်ထက် ပို၍စိတ်ဝင်စားသည်။ ဒါကလည်း အကြောင်းရှိသည်။ ဒင်ကြီး၏ မိဘများကလည်း တံငါလုပ်ငန်း၊ ရေလုပ်ငန်း လုပ်ကိုင်သူဖြင့် ကျွမ်းကျင်ရာ လိမ္မာဆိုသကဲ့သို့ပင် ဒင်ကြီးလူပျိုပေါက်ဘဝကတင် ကြာနီအင်းကြီး တစ်ခွင်တစ်ပြင် လူးလာဆံခတ် အစုန်အဆန် ငါးရှာ ဖားရှာခဲ့ခြင်းလည်း ဖြစ်သည်။ ဒင်ကြီးက လူပျိုပေါက်ကတည်းက မှန်မှန်၊ မှားမှား တစ်ယူသန် တစ်ဇောက်ကန်း ဆန်သလို ဘာတို့ပဲ

လုပ်လုပ် ရှေ့နောက်မဆင်မခြင် ဖွတ်တရွှတ် လုပ်တတ်သည့် အကျင့်ရှိသည်။

ထပ်မှာထားသော အရက်ပုလင်း တစ်စိတ်ခန့် ကျိုးချိန်၌ ကြွက်နီ ဆိုင်ထဲသို့ လှမ်းဝင်လာသည်။

ကြွက်နီလည်း ခင်ကြီးကဲ့သို့ပင် တံငါအလုပ် လုပ်ကိုင်သော်လည်း ကြွက်နီက ကိုင်းသမားဖြစ်သည်။ ကိုင်းသမားဆိုသည်မှာ ငါးကိုင်းထောက်သူများကို ခေါ်ခြင်းဖြစ်သည်။ ငါးမျှားတံ အချောင်း ၃၀၊ ၄၀ ခန့်ရှိ ငါးမျှားစည်းကို ထမ်းကာ မိုးချုပ်စ အချိန်မှစ၍ အင်းကြီးပတ်လည်ရှိ အင်းရေစပ် ရေလွှမ်းရာ ဒိုက်၊ မော်၊ ချုံများ၌ နေမဝင်ခင်ကပင် လိုက်လံထောင်ခြင်းဖြစ်သည်။ ရုံဖန် လှေဖြင့် လိုက်လံ၍ ကိုင်းထောက်သည်။ တစ်ညလျှင် နှစ်ကြိမ်ခန့် ကိုင်းဖော်လျှင် ရုံဖန် တံကောင်းပါက ငါးအချိန်တစ်ဆယ်၊ တစ်ဆယ့်ငါးအထိ ရတတ်သည်။ ငါးဝက်မငါးများ ဖြစ်သည်။

ဆိုင်တွင်းသို့ လှမ်းဝင်လာသော ကြွက်နီ၌ ကိုင်းတံစည်းပါမလာသည်ကိုတွေ့၍ ခင်ကြီးက. . .

"မဟုတ်ကောင် ကြွက်နီ"

"ဘာတုန်းဟ ခင်ကြီးရ. . ."

"အေ့၊ မင်းပုံစံက ဒီညနေ ဒီဇိုင်းတစ်မျိုးပြောင်းနေပါလား၊ ကိုင်းမထောက်ဘူးလားကွ"

"ဟာ. . . မဟုတ်ကောင် ခင်ကြီး မင်းရှူးနေသလားကွ. . ."

"ဟ. . . ဘာဖြစ်လို့ ငါက ရှူးရမှာလဲ၊ ပြောစမ်းပါဦး၊ အေ့. . မင်းကိုင်းစည်းပါမလာဘူးမို့လား"

ကြွက်နီက ဒင်ကြီးတို့ ဝိုင်းထဲ စွေ့ခနဲ ဝင်ထိုင်ရင်း အရက်တစ်ခွက် ငှဲ့ကာ ဂွပ်ခနဲ မော့ရင်း. . . ပြီးမှ. . .

"ကြောင်နေတာက မင်းကွ၊ ငါက ငါးမျှားစည်း ဘာလို့ ယူလာရမှာလဲကွ၊ မင်းညက မင်းအဘ အော်နေတာ မကြားဘူးလား ဒင်ကြီးရ"

"ဘာကွ. . . ဘာကြားရမှာလဲ"

"မင်းရဲ့အဘ အင်းအော်နေတာလေ"

"ကျွတ်. . . မဆီမဆိုင်ကွာ၊ အဲဒါကြောင့် ငါတို့လူမျိုးတွေ မကြီးပွား မတိုးတက်တာ၊ မဟုတ်တာကို အဟုတ်ထင်ပြီး ထမင်းဝတ်ပေါက် ဖန်တီးနေတာကွ၊ မင်းဗိုည ကိုင်းမထောက်တာ အင်းအော်လို့ ဆိုပါတော့. . . အေ့. . ."

"ဟုတ်တယ်လေ ညတုန်းက အင်းအော်တော့ ငါမအိပ်သေးဘူးကွ၊ အော်သံညည်းသံကြီးက ကျောချမ်းစရာကြီးကွာ၊ ဘယ်သူဖြစ်ဖြစ် ကိုယ့်အသက်ကိုတော့ ကိုယ် ခင်တွယ်တယ်မောင်၊ ငါးမရှာလို့၊ ကိုင်းမထောက်ရလို့ ထမင်းငတ်ချင်ငတ်ပါစေ၊ အင်းအော်နေချိန်ကြီးမှာတော့ အင်းထဲမဆင်းရဲဘူး၊ မဟုတ်ကောင်"

"မင်းနာမည်ပြောင်းပြီး ထမိပြောင်းဝတ်ထားဖို့ပဲ ကောင်းတယ်ကြွက်နီ. . . အေ့. . ."

"ဘာ. . . ဘာကွ"

"ဟုတ်တယ်လေ၊ အင်းက သူ့ဘာသာသူ လေတိုက်လို့ လေသံမိုးသံထွက်တာနဲ့ တစ်ရွာလုံးက အင်းကြီးအော်တယ်ဆိုပြီး အင်းထဲမဆင်းကြ၊ ကွန်မပစ်ကြတာ ဘာအဓိပ္ပာယ်ရှိသလဲကွ၊ ငါ့ခင်း

ငါးရမယ့်ဥစ္စာ၊ အင်းကြီးက သူ့ဘာသာသူ မိုးရွာချင်လို့ လေတိုက်တာနဲ့ အင်းကြီးက အော်သလေဘာလေးနဲ့ ယုံတမ်းစကားတွေပါကွာ၊ အလယ်က ငတ်ပေါက် ထို့. . .။ ယုံကိုမယုံဘူးကွ. . .”

“ဒါဆို မင်း ဒီည ကွန်ပစ်မှာပေါ့ ဟုတ်လား၊ ဒင်ကြီး ကြည့်လဲလုပ်ဦး၊ တော်ကြာ ထားရိုမှာ မုဆိုးမဖြစ်နေဦးမယ်. . အဟက်. .”

“မင်းက ငါ့ကို အထင်သေးတာလား ကြွက်နီ”

“ဟာ. . . အထင်သေးတာမဟုတ်ဘူး ဒင်ကြီး။ မင်းလည်း ညတုန်းက အင်းကြီးအော်ပြီး ဘယ်သူမှ ဒီရက်တွေအတွင်း အင်းထဲငါးမဖမ်းကြတာ မင်းက မယုံလို့ ကွန်ပစ်မယ်ဆိုရင်တော့ သတ္တိခဲပဲ ဒင်ကြီး၊ အင်းကြီးအော်ရင် ဘာတွေဖြစ်တတ်သလဲဆိုတာ မင်းလဲသိနေတာပဲ၊ ငါတို့တော့ မစွန့်စားရဲဘူးမောင်. . .”

“ငါ ဒီည အင်းထဲ ဆင်းပြီး ကွင်ပစ်ရင်၊ မနက်ကျ ငါးရရင်မင်း မနက်ဖြန် ငါ့ကို အရက်အဝတိုက်မလား ကြွက်နီ၊ ငါ ဒီညငါးရစေရမယ်. . .”

“စိန်လိုက် ဒီည မင်း အင်းအော်သံကို ဂရုမစိုက်ဘဲ ငါးရှာရဲရင် မနက်ကျ အရက်ကို မင်းအကြိုက် တစ်ဝသောက်၊ ကျသလောက် ငါရှင်းမယ်. . .ဒော့. . .”

“စိန်လိုက်. . .”

ဒင်ကြီး၏ မျက်ဝန်းများက နီရဲနေပြီး လက်ကျန် အရက်ခွက်ကို မော့လိုက်ပြီး ကြွက်နီကိုကြည့်ကာ တိုပြတ်ပြတ် ပြောလိုက်လေသည်။

❑ ❑ ❑

"ပလုံ. . ."

"စွပ်. . . စွပ်"

"စွပ်. . . စွပ်. . . စွပ်. . ."

တိတ်ဆိတ်မှောင်မိုက်နေသော အကာလညက အမှောင်ကြီး ထဲ၌ ရေပြင်နှင့် ယှော်တက်ထိခတ်သံ တစွပ်စွပ်က ပေါ်ထွက် နေသည်။ ဒီည၌မူ ကောင်းကင်အနက်ထည်ကြီးထဲတွင် ကြယ်ပွင့် တချို့တလေ ထွန်းပနေသဖြင့် မှိုင်ပျပျ ကြယ်ရိပ်ဖြင့် အင်းရေပြင် ကြီးအား ခပ်ရေးရေး မြင်နေရလေသည်။ ဒင်ကြီးသည် သူ၏ လှေကို သုသန်ကုန်းစပ်ဖြင့် နီးအောင်ကပ်၍ တရွေ့ရွေ့လှော် ခတ်လာခဲ့၏။ ကျယ်ပြန့်သော ကြာနီအင်းကြီး၏ ရေပြင်၌ ယခင်ည များကဲ့သို့ ဒင်ကြီးကဲ့သို့ပင် ညဘက် ငါးရှာကွန်ပစ်သည့် ရွာနီးချုပ် စပ်မှ ဘဝတူ တံငါလှေငယ်များ၏ ဘတ်ထရီမီးအလင်းရောင် မှိတ်တုတ်တုတ်ကို မမြင်မတွေ့ရသည်ကပင် ဆန်းကြယ်နေသည်။ ပြောရပါလျှင် အင်းရေပြင်ကျယ်ကြီးထဲတွင် ဒင်ကြီး၏ လှေ တစ်စင်းထဲသာ. . .

ဒင်ကြီးက ခပ်ရေးရေး လှိုင်ကြက်စွပ်လေးများ လေပြေ တစ်ချက် သုတ်အပြီးတွင် တလက်လက် ငွေရောင်လက်ထသွားသော အင်းရေပြင်ကျယ်ကြီးအား အကြည့်တစ်ချက်ဝေ့လိုက်ရင်. . .

"အလကား ငကြောက်တွေ။ ဖုဆိုးအစား ထမိပဲ ဝတ်ထား ရမှာ။ အေးလေ။ အင်းထဲ ဒီည ဘယ်ကောင်မှ ငါးမရှာတော့ ငါးတွက် တွေ ငါတစ်ယောက်ထဲ ရတာပေ့ါ။ အမိပ္ပာယ်မရှိတဲ့စကားနဲ့ ကြကြောက် လှည်းအောက်ဆိုတာ ဒီလိုကောင်တွေကို ပြောတာနေမယ်. . . အေး"

ဒင်ကြီး သူ့ဘာသာသူ နှုတ်ဖျားက မကျေမချမ်း ရေရွတ် လိုက်ရင်း ရေထဲမှ လှော်တက်ကို လှေပေါ် ကန့်လန့်တင်လိုက်ရင်း ပိုက်ဖုံနံဘေးက အရက်ပုလင်းကို ယူလိုက်ပြီး ပုလင်းလိုက် ငွပ်ခနဲ မော့လိုက်ပြန့်သည်။ ညနေခင်းကတည်းက တာတီးရဲ့ ဆိုင်၌ သာကျော်တို့ အုပ်စုဖြင့်အတူ နှစ်လုံးသောက်ခဲ့သေးသဖြင့် ဒင်ကြီး ရေချိန်က အကိုက်လွန်နေပြီဖြစ်သည်။ သို့သော် တစ်ခုရှိသည်က ဒင်ကြီးသည် အရက်ကို လူပျိုပေါက်အရွယ်ထဲက သောက်လာခဲ့သူ ဖြစ် သဖြင့် ယခု အသက် ၃၀ ဝန်းကျင်၌ အရက်သမ္မာက ရင့်နေပြီ ဆိုရမည်။ မည်မျှပင်သောက်သောက် ပုလင်းတွေသာ လဲပျိုသွား မည်။ ဒင်ကြီး ပုဆိုးကွင်းသိုင်းပြီး လမ်းအပြည့် သိုင်းကွက်နင်းကာ သူ့တဲသို့ ပြန်ခဲ့ရသည်ဟု တစ်ကြိမ်မျှ မရှိစဖူး။ ဒင်ကြီးနှင့် အရက်က ယှဉ်ပါးနေပေပြီ။ ထုံနေလေပြီ။ ဒင်ကြီး၏ ညဘက် အင်းထဲ ငါးရှာ ပြီး သူ့မယားထားရီကို ရွာထဲ လှည့်လည်ရောင်းချရန် ငါးအပ်နှံပြီး တစ်နေ့ကုန် တာတီးအရက်ဆိုင်၌ တစွပ်စွပ် ဝင်သောက် ထွက်သောက် သောက်နေသည်ကပင် ညနေမတိုင်ခင် နှစ်လုံးနီးပါးမျှ ရှိသည်။ ဒါကြောင့်လည်း ငါးရှာဖော် ငါးရှာဖက် သောက်ဖော်စားဖက် ကြွက်နီ တို့ သာကျော်၊ မှတ်ကြီးတို့ကပင် ဒင်ကြီးကို ကြွက်တွင်း ဟု သညာ ပြုထားကြသည်။

ညနေမှောင်စက အရက်ဆိုင်၌ ကြွက်နီ၊ သာကျော်တို့ဖြင့် သောက်ခဲ့ပြီ။ ကြွက်နီ၏ စကားကို ဒင်ကြီးမကျေမလည်ဖြင့် တဲ၌ ခဏမျှ လှဲလိုက်သေးသည်။ ကြွက်နီ၏ စကားအပြင် သူတို့စကား ဝိုင်းကို မသိမသာ အရက်သောက်ရင်း နားစွင့်နေကြသည့် အခြား

ဝိုင်းများမှ အကြည့်များကိုလည်း ခင်ကြီး သိပ်မကျေလည်၊ အားလုံးကမူ တစ်ရွာထဲသား ငါးရှာဖော် ငါးရှာဖက်များဖြစ်သလို ခင်ကြီးတို့လေတစ်လုံး မိုးတစ်လုံးပြောသည့်ပုံစံဖြင့် မထိတရိ ပြုံးကြည့်ကြခြင်းဖြစ်သည်။ ခင်ကြီးတစ်ခွတ်ထိုးတစ်ဖောက်ကန်းလုပ်တတ်မှန်းလည်း တစ်ရွာထဲနေ တစ်ရေထဲသောက်နေကြသူများမို့ သိကြသည်။ ခင်ကြီးကမူ ဘယ်သူကိုမျှ ဂရုမစိုက်။ ရွာမှာ ထားရှိဖြင့် မညားခင် လူပျိုပေါက်ရွယ်ထဲက မိုက်တိမိုက်ကန်း လက်ရဲဇက်ရဲ လုပ်တတ်သူဖို့လည်း ရှိန်ကြတာပါသည်။ ကြွက်နီဖြင့် လောင်းကြေး စားကြေးအခြေအတင် မဖြစ်ခင်ကတည်းက အိမ်မှ မထွက်ခင်ကပင် ခင်ကြီးမနေ့ညက အင်းအော်သံကြီးကြောင့် ကြာနီအင်းရွာကြီးသာမကရွာနီးချုပ်စပ်တွေကပါ ဟိုလူပြော ဒီလူကြားဖြင့် ထိတ်လန့်တကြားပြောဆိုနေစဉ်ကပင် ခင်ကြီး ယနေ့ည ငါးဖမ်းထွက်ရန် ဆုံးဖြတ်ထားပြီးဖြစ်သည်။

အင်းအော်လျှင် လူသေသည်၊ လူစားသည်ဟူသော အစဉ်အဆက် အခြေအမြစ်မရှိ ပြောသည့်စကားများကို ခင်ကြီးကိုယ်တိုင်တံငါဖြစ်စ လူပျိုပေါက်ရွယ်ကပင် လက်မခံခဲ့။ ယုံလည်း မယုံကြည်ပါချေ။ ဤကဲ့သို့ အင်းကြီးမှ အော်သံထွက်ပေါ်လာသည့် တော်သလင်း၊ သီတင်းကျွတ်လမိုက်ရက်များရောက်လျှင် ခင်ကြီးနှင့် သူ့ဖခင်ဦးသာလှဖြင့် အမြဲတမ်း ပြဿနာဖြစ်ရစမြဲ။ ပြောရရင် သူ့ဖခင်ဦးသာလှကိုယ်တိုင်ပင် အင်းကြီးအော်နေသည့်ရက်များ၊ အချိန်များတွင် ကြာနီအင်းကြီးအတွင်းသို့ ငါးမဖမ်း၊ ကွန်မပစ်ချေ။ ယင်းရက်များ၌ တံငါအလုပ်ကို ရပ်ဆိုင်းထားပြီး ရွာထဲဝန်းကျင် ဆောင်

ယာ လုပ်ငန်းများ အခြားကြုံရာကျပန်းအလုပ်များကိုသာ လုပ်ကိုင်ခဲ့စမြဲ။

ဒင်ကြီးကမူ လူပျိုပေါက် တစ်ဇွတ်ထိုးတစ်ဇောက်ကန်းပီပီ . .

"ဟာ. . . အဖေကလဲဗျာ။ အမိပွာယ်မရှိတာ ရေပြင်ဆိုတာ လေတိုက်ရင်း ဟိုလိုလို ဒီလိုလို အသံထွက်တတ်တဲ့ဥစ္စာ။ ပြီးတော့လည်း အင်းကြီးပတ်ပတ်လည်ရွာတွေသာ သစ်ပင်တွေ ဝါးရုံတွေ၊ လေကြမ်းလို့ သူ့ဘာသာသူ အသံမြည်တဲ့ဟာ အင်းကြီးက အော်သလေး၊ ဘာလေးနဲ့ အဖေတို့မို့ ယုံတယ်ဗျာ။ အဲဒါဆို မြစ်ထဲချောင်းထဲမယ် တစ်လလုံး တစ်နှစ်လုံး နေ့ရောညပါ ငါးရှာနေကြတဲ့ တံငါတွေ ဘယ်လိုလုပ်မလဲ။ သူတို့ဆို လှိုင်းသံလေသံတွေ ဓနုစဉ်မပြတ် ကြုံတွေ့နေရ ကြားနေကြရတာ. . ."

"ဒါတွေ မင်းမသိပါဘူး ဒင်ကြီးရာ။ မြစ်ထဲချောင်းထဲက တံငါတွေက ရေရှင်ကွ။ ငါတို့ ကြာနီအင်းကြီးဆိုတာက ရေသေအင်းကြီးကွ။ ရေရှင်နဲ့ ရေသေမတူတာတွေ ရှိတယ်"

"ဘာလို့ မတူရမှာလဲဗျ အဖေရ။ မြစ်ထဲ ချောင်းထဲက ရေလည်း ရေ။ ဒီအင်းကြီးထဲက ရေလည်း ရေ။ ရေမှန်ရင်း ရေချင်းတူတူပဲ။ ငါးရတာ အတူတူပဲ ဥစ္စာ။ ဘာ့ကြောင့် ဘာထူးလို့လဲ။ ခုဥစ္စာ အဖေတို့က ယုတ္တိ ယုတ္တာမရှိတဲ့ ဒီအင်းကြီးအော်ရင် လူသေတယ်။ လူစားတယ်ဆိုတဲ့ အစွဲကြီးတစ်ခုနဲ့ အင်းထဲ ငါးရှာမထွက်တော့ စားဖို့သောက်ဖို့ ခက်တာပေါ့ဗျ။ ကျုပ်တော့ ဒါတွေကို အယုံအကြည် မရှိဘူးဗျာ။ အင်းကြီးအော်လို့ အဖေ ငါးရှာမထွက်ရင် ကျုပ်ထွက်မယ်ဗျာ. . ."

ဒင်ကြီးက လူငယ်ပီပီ သူမယုံကြည်တာကို မယုံကြောင်းပြော သည်။ ထိုအခါ သူ့ဖခင် ဦးသာလှက တဲရှေ့ကနေ မျက်စိတင်းဆုံး စိမ်းမြကျယ်ပြောသော ကြာနီအင်း ရေပြင်ကျယ်ကြီးအား လှမ်း မျှော်ကြည့်ရင်း လေးတွဲစွာ သက်ပြင်းရှိုက်လျက် တစ်ခွန်းချင်း ပြော လေသည်။

"ဒင်ကြီးရာ၊ ငါ့သားက အခုမှ တံငါလုပ်စ၊ လှေပေါ်တက်စ ပါကွာ။ အဖေက ဒီရွာမှမွေး၊ ဒီရွာမှာပဲ ကြီးပြင်ခဲ့တာ။ ဒီအင်းကြီး က အဖေတို့ငယ်ငယ်ထဲက ရှိနေခဲ့တဲ့အင်းကြီး။ ဟိုးအရင်တုန်းကဆို ရင် ဒီအင်းကြီးရဲ့အလယ်တည့်တည့်မှာ သူ့ဘာသာသူ ပေါက်နေတဲ့ ကြာနီတွေရှိခဲ့ဖူးတယ်။ အဲဒါကြောင့်ပဲ ကြာနီအင်းလို့ခေါ်ခဲ့ကြ သလား။ အဖေလည်း မပြောတတ်ဘူးကွ။ အဖေတို့ ငယ်စဉ်ထဲက ဒီအင်းကြီးနဲ့ ပတ်သက်တဲ့ ထူးဆန်းတဲ့ မမြင်အပ်တဲ့ ပရလောက သားတွေ နာမ်ဘုံလောကသားတွေနဲ့ ပတ်သက်တဲ့ အဖြစ်တွေ အများကြီး ကြားခဲ့ဖူးတယ်။ အဖေငယ်ငယ်တုန်းက မင်းလိုပဲ အဖေ လဲ မယုံတဲ့ လူစားထဲ ပါခဲ့တာပေါ့ကွာ။ အဲ. . . ဒါပေမယ့် ငါ့သား သိဖို့က ခုလို အင်းကြီး အော်လာတတ်တဲ့ ကာလကိုရောက်ရင် အဲဒီလို မယုံကြတဲ့သူတွေ လှေတစ်စင်း ကွန်တစ်ဖုံနဲ့ လောင်းကြေး စားကြေး ငါးဖမ်းထွက်ကြတာပဲကွ။ အဲ. . . အဲဒီမှာ ထူးခြားတာ ပဲလား တိုက်ဆိုင်တာပဲလား မပြောတတ်တာက ဒီကြာနီအင်းကြီး စတင်ပြီး အော်နေတဲ့အချိန်မှာ မယုံကြလို့ အင်းထဲ ငါးဖားအရှာ ထွက်တဲ့သူတိုင်း နောက်တစ်နေ့ ရွာကို ပြန်မရောက်ကြတော့ဘူး။ အကြောင်းတစ်ခုခုနဲ့ အင်းကြီးထဲ ရေနစ်သေဆုံးခဲ့ကြတာပဲ"

"ဟာ. . . ဒါက သူ့ဘာသာသူ တိုက်ဆိုင်မှုလည်း ဖြစ်ချင်ဖြစ်မှာပေါ့ အဖေရ၊ အင်းကြီးက ခြောက်လို့ လူသေတယ်၊ ဒုက္ခရောက်ရတယ်ဆိုတာ အစွဲအလန်းတစ်ခုပါဗျာ. . ."

"လူတွေဆိုတာ မိမိကိုယ်မိမိ အထင်းကြီးဖက်ကြသလို ဘယ်အရာ ဘယ်ကိစ္စမဆိုလည်း ကိုယ်တွေ့ကြုံမှ ယုံတတ်ကြ လေ့ရှိတာလဲ လောကမမှတာပဲ ဒင်ကြီး၊ အဖေ ပြောသလို ဒီအင်းကြီးက လူညည်းသံကြီးလို ထူးထူးဆန်းဆန်း ခြောက်လာပြီဆိုရင် သေချာတာက တစ်စုံတစ်ယောက် ရက်ပိုင်းအတွင်း အင်းကြီးထဲ သေရတာပဲ။ တစ်ခါကဆို တစ်နှစ်ထဲ သုံးလောင်းပြိုင်တောင် သေခဲ့ရဖူးတယ်၊ အဲဒီအချိန်ကစပြီး အင်းကြီးခြောက်လာပြီဆို လူတွေ၊ ရွာတွေက ပိုပြီး ကြောက်လန့်တတ်၊ ရှောင်ဖယ်တတ်ကြတာ ဒီနေ့ထိပဲ ဒင်ကြီး။ မင်းလည်း မြဲမြဲမှတ်ထား၊ အဲသလို အင်းကြီးက သူ့အလိုလို ခြောက်ညည်းလာပြီဆိုရင် ဘယ်သောမှ အင်းကြီးထဲ ငါးဖမ်းမထွက်လေနဲ့. . ."

အဲဒါ ဒင်ကြီး၏ဖခင် ဦးသာလှ မဆုံးပါးခင်က ဒင်ကြီးကို ပြောဆိုခဲ့သော စကားများဖြစ်သည်။ တိုက်ဆိုင်တာပဲလား မတော်တဆပဲလား မပြောတတ်သည့် အကြောင်းက ဒင်ကြီး ထားရီဖြင့် အိမ်ထောင်ကျခါနီး တစ်နှစ်အလိုတွင် သူ့ဖခင် ဦးသာလှလည်း ငါးရှာရင်း အင်းကြီးထဲတွင် ရေနစ်သေဆုံးခဲ့ရခြင်း ဖြစ်သည်၊ ထားရီနှင့် အိမ်ထောင်ကျပြီး မနေ့တစ်နေ့ကထိ ဒင်ကြီးခုလို အင်းကြီး ခြောက်လာလျှင် ငါးရှာထွက်မည်ကြံတိုင်း ထားရီက ဇွတ်အတင်း ငိုယိုပြီး အတင်းတား ဆီးတတ်သဖြင့် ဒင်ကြီး မနေ့ကအထိ ငါးရှာမထွက်

ပါချေ။ သို့သော် မည်သို့မျှ ယနေ့ကဲ့သို့ သိပ္ပံနည်းပညာတွေ ထွန်းကားနေသည့် ခေတ်ကြီးထဲ ယုတ္တာယုတ္တာ ဘယ်လိုမှ မရှိလေသည့် ဒီအင်းအော်သံဆိုတာကြီးကို ဒင်ကြီး လုံးဝမယုံကြည်ပေ။ လက်လည်း လက်မခံပါချေ။

ယင်းသို့ကြောင့်လည်း မနေ့ညတုန်းက တည်ငြိမ်နေပါသော ကြာနီအင်း ရေပြင်ကျယ်ကြီးသည် ညဥ့်လူခြေတိတ် တစ်ရွာလုံး အိပ်စက်နေသည့်အချိန်၌ မည်သည့် နွေခေါင်ခေါင်ကာလ မိုးလည်း မရွာ လေလည်း မတိုက်ပါဘဲ အင်းရေပြင်လယ်မှ သက်ရှိလူမဟုတ် တစ်ယောက်ပမာ တဟီးဟီးဖြင့် ညည်းတွားအော်ဟစ်သံကြီးအား အနီးဝန်းကျင်ရွာများကြားရသည်ထိ အော်ညည်းသော အင်းအော်သံကြီး ပေါ်ထွက်လာခဲ့ပြီ။ ခု. . . ဒုတိယညဖြစ်သည့်ည၌ ဒင်ကြီးသားရဲ ရွာထဲ ခဏသွားခိုက် ရေစပ်ရှိ လှေနှင့်ပိုက်ကိုပြင်ကာ ငါးဖမ်းထွက်ခဲ့ခြင်း ဖြစ်၏။ သူ မယုံကြည်သည့် အကြောင်းတရားတစ်ခု။ လူတွေ ထိတ်လန့်ခြောက်ခြားနေကြသည့် အင်းအော်သံကြီးဖြင့် ပတ်သက်သော ပဟေဠိအဖြေကို ရှာဖွေရန် ဒင်ကြီး အင်းထဲ ဆင်းခဲ့ခြင်းဖြစ်လေသည်။ အင်းကြီးအော်သည်ဆိုသည်ကို ဒင်ကြီး လုံးဝမယုံပါချေ။

ဒင်ကြီး လှေလှော်ခြင်းကို ရပ်တန့်လျက် အရက်ပုလင်းကို ထပ်မံ မောက်ကိုင်လိုက်ပြန်၏။

ဒင်ကြီး သူ၏လှေကို ရေစပ်နားရှိ လမုဝင်၊ မြရာပင်နှင့် ကြခတ်ရုံများအောက်မှ လှော်ခတ်လာခဲ့သည်။ ရုံဖန် ရှေ့တွင် ပိတ်ဆို့နေသော ဒိုက်ခြုံ ကန်ဖောခြုံကြီးများကိုလည်း တိုးဖြတ်လာခဲ့

ရသည်။ ငါးခိုအောင်းရာ ရေစပ်သစ်ပင် ဒိုက်ခြုံနွယ်တို့ ထူထပ်ရာဝန်းကျင်၌ ငါးများ ခိုအောင်းတတ်လေ့ရှိသည်။ ပြောရပါလျှင် ဒင်ကြီး ကွန်နှစ်ချက်သုံးချက်ခန့် ပစ်ပြီးပါသော်လည်း ထင်သလောက် ငါးမရချေ။ အင်းအော်သံကြီးကြောင့် အန္တရာယ် တစ်စုံတစ်ရာဖြစ်မည်ကို စိုးကြောက်၍ အင်းရေပြင်လယ်၌ မည်သည့်ရွာမှ တံငါလှေကို မတွေ့ရ။ တံငါလှေများမရှိ၍ အင်းရေပြင်ကျယ်ကြီးထဲ ဒင်ကြီး၏ လှေတစ်စင်းသာ ပိုက်ချနေသည်မို့ ငါးများမှာ ယခင်နေ့များထက် ပိုမိုပြီး ရ ရပေမည်။ သို့သော် ကွန်ချက်ပစ်တိုင်းကွန်အား ပြန်ဆွဲတင်သောအခါ ငါးတစ်ကောင်တစ်မြီးမျှ ပါမလာခြင်းကလည်း ဒင်ကြီးအတွက် ထူးဆန်း၍နေသည်။ ထို့ကြောင့် ဒင်ကြီးလှေကို မှုံမှုံဖြင့် ကမ်းဘက်သို့ ပြန်လည်လှော်ခတ်လာပြီး အသင့်ပါလာသော ကိုင်းတံစည်းကို ဖြည်ကာ ကမ်းနံဘေး ဒိုက်ချုံဆူးခြုံများအကြား ကိုင်းလိုက်ထောက်နေခြင်းဖြစ်သည်။

ထိုအခိုက်. . .

"ဟင်. . ."

ဒင်ကြီး၏ ယစ်ရီဝေနေသော အမူးရှိန်က ပြေသွားသလို ရှိလေသည်။ ဒင်ကြီး တွေ့လိုက်ရသည်က မလှမ်းမကမ်းသစ်ပင်ရိပ်အောက်မှ မီးရောင်မှိန်ပျပျဖြင့် လှေတစ်စင်း။ လှိုင်းကြက်ခွပ်သံတိုးသဲ့သဲ့မှလွဲ၍ တိတ်ဆိတ်မှောင်မိုက်နေသော အင်းရေပြင်ကျယ်ကြီးထဲ၌ သူကဲ့သို့ပင် လှေတစ်စီးအား တွေ့လိုက်ရသဖြင့် ဒင်ကြီး စိတ်ထဲ အဖော်ရပြီဟု တွေးမိသွားသည်။ ဒင်ကြီး သူ့လှေအား ထိုလှေငယ်ရှိရာသို့ ဦးတည် လှော်ခတ်သွားသည်။ လှေမှာ ဘက်ထင်

ိးလေးမှိန်ပျပျထွန်းထားပြီး လှေပဲ့၌ အသက်ရှယ်အတော်ကြီးသည့် အဘိုးကြီးတစ်ဦး ထိုင်နေသည်။ ဘက်ထရီမီးအလင်းရောင်ကို ကျောခိုင်းလျက် ထိုင်နေသည်။ အဘိုးအိုအား ဒင်ကြီး ဘယ်ရွာက မှန်းမသိချေ။

ဒင်ကြီး လှေနှစ်စီး မယှဉ်မိစဉ်မှာပင် လှမ်းမေးလိုက်မိသည်။

"ဗျို့. . . ဘကြီး. . ."

"အင်း. . ."

"ဘကြီး ဘယ်ရွာကလဲဗျ။ ငါးအတော်ရပြီလား၊ အတော်ပဲပေါ့ဗျာ။ မနေ့ညတုန်းက အင်းကြီးက အော်လို့ ဒီနေ့ ဘယ်ရွာသားမှ ိုက်ချမထွက်ကြဘူး။ ဘကြီးလှေမြင်တော့ ကျုပ်အဖော်ရတာပေါ့။ ကျုပ်တော့ ငါးတစ်ကောင်တစ်မြီးမှ မရသေးပါဘူးဗျာ. . ."

"အင်း. . ."

တံငါလှေပေါ်မှ လှေဝမ်းထဲထိုင်နေသည့် အဘိုးကြီးက လှေ ခုင်းယှဉ်လာမိခိုက် ဒင်းကြီးပြောနေသမျှ အင်း ချည်းလိုက်၍ နေလေသည်။ ဘက်ထရီမီးနှင့် ကြယ်ရောင်ပျပျအလင်းအောက်၌ အဘိုးကြီးသည် လှေပဲ့ဝမ်းထဲမှ ခေါင်းငုံ့ထိုင်လျက် ဒင်ကြီးဘက်သို့ မျက်နှာမလှည့်ဘဲ ဒင်ကြီးပြောသမျှ အင်း လိုက်၍နေသည်။ ဒင်ကြီး မသိမသာ ကြည့်လိုက်သောအခါ သူကသာ လှေဝမ်းထဲ ငါးတစ်ကောင် တစ်မြီးမှ မရရှိပါသော်လည်း အဘိုးကြီး၏ လှေဝမ်းထဲ၌မူ ငါးများ ပြည့်နေလေသည်။ ဒင်ကြီးပင် အဘိုးကြီးကို အားကျသွားလေသည်။

"ဟာ. . . အဘက ငါးတွေ အတော်ရပါလားဗျ. . ."

"အင်း. . ."

"ဒါထက် အဘက ဘယ်ရွာကလဲ၊ ကျုပ် ဒီအင်းကြီးထဲ ငါး ဖားရှာလာတာ ကြာလှပြီ။ အဘကို မမြင်ဖူးပါလား။ ဒါထက် အဘ ရော မနေ့ညက အင်းအော်သံကြီးကို မကြားမိဘူးလား ဗျ။ အဲဒါ ကြောင့် ဒီနေ့ည အင်းထဲမှာ ဘယ်တံငါသည်မှ ပိုက်မချရဲကြတာ။ အဘနဲ့ ကျုပ်ရဲ့လှေပဲရှိတယ်။

"အင်း. . ."

ဒင်ကြီးသည် စကားကို ရေပက်မဝင် အမူးရှိန်ရှိန် ပြောဆို နေပါသော်လည်း အဘိုးကြီးသည် သူ့လှေဘက်ကို တစ်ချက်မှ ငဲ့ စောင်းမကြည့်။ သူပြောဆိုသမျှကိုလည်း လေးလေးတွဲတွဲ မပီမသ အင်း ဆိုသော စကားတစ်ခွန်းသာ ပြောသည်မို့ ဒင်ကြီး မူးနေသူပီပီ

"ဟာဗျာ. . . အဘကလဲ ဒီအင်းတစ်လုံးကလွဲပြီး ဘာစကားမှ မပြောတတ်တော့ဘူးလား ဗျ။ ကျုပ်က ဒီညတော့ အဖော်ရပြီးဆိုပြီး ဝမ်းသာနေတာ။ ကျုပ်နဲ့ ရွာကကောင်တွေ အင်းအော်နေတုန်း အင်းကြီးထဲ ပိုက်မချရဲဘူးဆိုလို့ လောင်ကြေးနဲ့ ပိုက်ချထွက်လာ တာဗျ။ ဟား ဟား ကျုပ်လှေစထွက်လာကတည်းက ခုပဲ သန်းခေါင် ယံ တိုင်တော့မယ်ဗျ။ အင်းကြီးရဲ့အော်သံ ဒီညအဖို့ မကြားရသေး ဘူး။ ကျုပ်ကို ကြောက်လို့ မအော်ရဲတော့ဘူးထင်တယ်။ အလ ကားပါဗျာ။ လူတွေက ကြံကြောက်လှည်းအောက်တွေ. . ."

"ငါ့တူက. . . အင်းကြီးအော်သံ ကြားချင်လို့လားကွယ့်. . ."

"ကြားချင်တာ မဟုတ်ဘူး အဘရေ။ ရွာကလူတွေက ဒီအင်း ကြီးအော်ရင် ဒင်းရေပြင်ထဲမှာ လူသေဆုံးတယ်။ အင်းကြီးက အော်ညည်းပြီး လူသေတယ်၊ ဘာညာနဲ့ သတင်းပြန်နေတာ။ အဲဒါကို

မယုံလို့ ကျုပ်ပိုက်လာချတာ။ ခုနပြောသလို ကျုပ် ခုထိ အင်းကြီး အောက်တဲ့အသံ မကြားရသေးဘူး။ အလကား တောင်ပြောမြောက်ပြော မိုးပြောချိုးပြောတွေပါဗျာ။ လူတွေရဲ့ ဘာမဟုတ်တဲ့ အစွဲအလန်းကို ကျုပ်က သက်သေပြမလို့ဗျ. . . အော့. . . "

"ငါတူကြီးကြည့်ရတာ ဒီအင်းကြီးအောက်တတ်တယ်ဆိုတာ မယုံကြည်သလို ဒီအင်းရေပြင်ကြီးနဲ့ ပတ်သတ်ဆက်နွယ်နေတဲ့ မမြင်အပ်တဲ့ ပရလောကနာမ်ဘုံလောကတွေကိုလည်း ယုံကြည်ပုံမရဘူးထင်တယ်"

"ဟာ. . အစစ်ပဲ။ အဲဒါပြောတဲ့စကားအမှန်ပဲ။ ကျုပ်က ဒီအင်းကြီးအောက်တာရယ်၊ ပရလောကနာမ်ဘုံဘဝ ဝိညာဉ်လောကတွေဆိုတာ လောကကြီးထဲ ရှိတယ်လို့ ယုံတဲ့တောင်မဟုတ်ဘူးဗျ. . . အော့။ ကျုပ်တစ်သက် ကြုံလည်း မကြုံဖူးဘူး။ မြင်လည်း မမြင်ဖူးဘူး. . . "

"ငါ့တူကြီး စကားက နာနာဘာဝ ပရလောကသားတွေကို မြင်ဖူးမှ ယုံမယ်ဆိုပါတော့. . . "

"ဒါပေါ့ ဘကြီးရာ။ လောကမှာ ဘယ်သူမဆို တကယ့်လက်တွေ့ရှိတဲ့အရာတွေထက် တကယ်အကောင်အထည်ပြမရှိတဲ့ ယုန်ထင် ကြောင်ထင်အရာတွေကို လက်တွေ့ဒိဋ္ဌမမြင်မှ ယုံကြည်လက်ခံကြ တာပဲဗျ. . . "

ယင်းအခိုက်

"ဝေါ. . . ဝေါ. . . "

"အီ. . . ဟီး. . . ဟီး. . . "

"ဝေါ. . ."

"ဟော. . ."

"ဟင်. . ."

ဒင်ကြီးနှင့် ဒင်ကြီးလေ့အား ကျောခိုင်းလျက် အဘိုကြီးဖြင့် အချီအချ စကားပြောနေစဉ်ပင် ကြာနီအင်းကြီး၏ အလယ်ခေါင် လောက်ဆီမှ ရုတ်တရက် နွေညခေါင်ခေါင် မိုးရွာသံလို ရှေ့ပြေး လေကြမ်းများ တဝေါဝေါမြည်းဟီးလာသလို အော်ညည်းသံကြီးက ထွက်ပေါ်လာ၏။

ရုတ်တရက် မည်သည့်သက်ရှိအရာမျှမရှိဘဲ အင်းရေပြင်ကြီး အလယ်တည့်တည့်မှ တိတ်ဆိတ်နေသည့် အကာလညအတွင်း ခြောက်ခြားသွေးပျက်ဖွယ် လူမမာညည်းတွားသံကြီးလိုမျိုး အသက် ငင်နေဆဲ လူမမာ၏ ညည်းသံကြီးအလား မိုးလည်းမရွာ လေလည်း မတိုက်ခတ်ပါဘဲ ညည်းသံကြီးက လန့်ထိတ်ဖွယ် ပေါ်ထွက်လာ၏။ မူးနေသည့်ဒင်ကြီးပင် ရုတ်တရက်နာနာဘာဝများ ကျယ်လောင်စွာ ဟီးဟိုက်ရယ်မောသလို အသံနက်ကြီးကြောင့် ကြက်သီးစိမ့်ခနဲ သီးထ, သွားလေသည်။

"အင်းအော်လာပြီကွယ့်၊ အဲဒါ. . . မင်းကြားချင် သိချင်တဲ့ အင်းအော်သံ အင်းဟီးသံပဲ. . . မထူးဆန်းဘူးလား။ ဒီထက်ပိုပြီး ထူးဆန်းတာက ဒီအင်း ကြီးက အဲသလို အော်လာပြီဆိုရင် သုံးရက် အတွင်း လူတစ်ယောက်က သေပေးရတယ်ကွယ့်. . . ဟီး. . ."

"ဟာ. . . ဒါ. . . ဒါ. . . လုံးဝအဓိပ္ပာယ်မရှိတာဗျာ. . . မ. . . မဖြစ်နိုင်ဘူး . . ."

"အဟီး. . . ငါ့တူကြီးရယ်၊ လောကကြီးထဲမှာ ဘယ်အရာမှ မဖြစ်နိုင်ဘူးဆိုတာ မရှိပါဘူး။ မဖြစ်သေးတာပဲရှိတယ်။ ဒီအင်းကြီးတွေက ရှေးအစဉ်အဆက်ထဲက တည်ရှိလာတဲ့ အင်းကြီး၊ နှစ်ပေါင်းများစွာ တည်ရှိလာတဲ့ ထူးဆန်းတဲ့ ဒီအင်းကြီးတွေနဲ့ပတ်သက်တဲ့ နေထိုင်ကြတဲ့ အစောင့်အရှောက်၊ မမြင်အပ်တဲ့ ပရလောကသားတွေဆိုတာလည်း ဒီအင်းကြီးရဲ့ သက်တမ်းနဲ့အမျှ သူတို့ရဲ့ သက်တမ်းတွေကလည်း တချို့ဆို ရာထောင်ချီနေကြပြီကွယ့်။ ဟီး. . . ပြောရရင် သူတို့တွေလည်း ကျွတ်ချင် လွတ်ချင်ကြရှာမှာပေါ့ကွယ်. . ."

"ဟာ. . . မဖြစ်နိုင်ဘူး. . ."

ဒင်းကြီးနှုတ်ဖျားမှ အကြောက်အလန့်လန့်ပြောမိသည်။ အင်းရေပြင်လယ်မှ အော်သံ ညည်းတွားသံကြီးကလည်း တစ်စထက်တစ်စ ပိုမို၍ သွေးပျက်ခြောက်ခြားဖွယ် လုံးမမာအော်ညည်းသံကြီး အလား ပေါ်ထွက်လာနေသည်။ ဒင်ကြီးမှာ သူနှင့် မလှမ်းမကမ်းရှိ အဘိုးအို၏ လှေကို တစ်လှည့်၊ အော်ညည်းသံကြီးပေါ်ထွက်လာရာ အင်းရေပြင်လယ်သို့တစ်လှည့် ကြည့်ရင်း ကြက်သီးများ တဖြန်းဖြန်း ထလာကာ ကြောက်လန့်စိတ်များပင် ရင်ထဲသို့ ဒိုဝင်လာလေသည်။ ဒင်ကြီး၏ အမြင်တွေပဲ အမူးရှိန်ကြောင့် မှောက်မှားတုန်သည် ပဲလား။ ထင်ရာမြင်ရာ တွေ့မြင်လာရသည်ပဲလားမသိ။ ခုနခြောက်ခြားသွေးပျက်ဖွယ် နာနာဘာဝအကောင်ကြီး ညည်းညူသကဲ့သို့ အင်းအော်သံကြီးပေါ်ထွက်မလာခင် သူနှင့် စကားပြောနေသည့် အဘိုးကြီး၏ တံငါလှေရှိနေရာမှ အင်းရေပြင်ကျယ်ကြီး

အနံ့ ဟိုမှ ဒီမှ မီးရောင် တစ်လက်လက်ဖြင့် တံငါလှေများအား မြင်တွေ့နေရပြီ။ ရယ်မောသံ၊ စကားပြောသံအချို့ကိုပင် ကြားနေရသည်။ အင်းကြီး၏ အော်ညည်းသံမှာလည်း ပို၍ နက်ကြောကျယ်လောင်လာသကဲ့သို့ တစ်ချိန်လုံး ငြိမ်သက်နေခဲ့သည်။ အင်းရေပြင်ကျယ်ကြီးသည်လည်း မိုးမရွာ လေမတိုက်ပါဘဲ ထူးဆန်းစွာ လှိုင်းလုံးကြီးများ ထလျက် ဖြောင်းဆန်လာတော့သည်။

"ဝေါ. . . ဝေါ. . ."

"အိ. . . ဟီး. . . ဟီး. . ."

"ဝုန်း. . . ဝေါ. . ."

"မ. . . မ. . . မဖြစ်နိုင်ဘူး။ လှေ. . . လှေတွေ ဘယ်. . . ဘယ်က ရောက်လာကြသလဲ. . ."

တစ်သက်တွင် တစ်ကြိမ်သာဖြစ်ဖူးသည့် သွေးပျက်မတတ် ကမ္ဘာပျက်သလို ဖြောင်းဆန်နေသော အင်းရေပြင်မှ ခင်ကြီးသည် ငယ်ထိပ်ထိ ရောက်လာသည့် ကြောက်စိတ်ဖြင့် အဘိုးကြီး၏ လှေအပါးမှ သူ့လှေအား အင်းကြီးကမ်းစပ်ဘက်သို့ အလန့်တကြား လှော်ခတ်မည်မပြုမိ. . .

"ဟီး. . . ဟီး. . . ငါ့တူကြီးက နာနာဘာဝတွေ ပရလောကသားတွေ မြင်ဖူးသလားကွယ်၊ မမြင်မတွေ့ဖူးရင်လည်း ဒီမှာကြည့်သွားဦး. . ."

"ဟာ. . ."

ခင်ကြီး မယုံကြည်နိုင်ဖွယ်ရာ မြင်တွေ့လိုက်ရသည်က တဝေါဝေါ တဝုန်းဝုန်းဆူညံစွာ မြည်ဟီးနေသော အင်းကြီးထဲ၌ ဆိုးရွား

လှသည့် အပုပ် နံ့ကြီးတစ်ခု ဗျို့အန်ဖွယ်ရာတထောင်းထောင်းထ လျက် လှေ၏ဝမ်းဗိုက်မှ မသေမရှင်ငါးများအား တဖွတ်ဖွတ်ဖြင့် ကိုက်ဝါးစားနေသည့် အဘိုးကြီး၏ ကြောက်မက်ဖွယ်ရာ မျက်နှာ ကြီး. . .။

"အား. . ."

တစ်ခါတရံ လောကကြီးအတွင်း၌ မမြင်ဖပ်သော ပရ လောက၊ နာနာဘာဝလောက နယ်ပယ်ဝန်းကျင်သည် ထူးဆန်းအံ့ ဩဖွယ် အဖြစ်အပျက်ပေါင်း အနမကဌ တည်ရှိနေကြလေသည်။ ကြာနီအင်းကြီးဟု ရွာနီးချုပ်စပ် သတင်းကြီးသော နှစ်စဉ်နှစ်တိုင်း သို့မဟုတ် ခါတရံ သုံးနှစ်လျှင် တစ်ကြိမ်ကျ ကျယ်ပြန့်သော ပကတိ အင်းရေပြင်ကြီးမှ သက်ရှိလူသားတစ်ယောက်ကဲ့သို့ ဖော်ညည်းသံ ကြီး ထွက်ပေါ်လာပါလျှင် အင်းကြီးဖော်သည်၊ အင်းကြီးဖော် သံဟု ကြာနီအင်းရွာသာမက အင်းကြီး၏ ပတ်ပတ်လည် ရွာနီး ချုပ်စပ်များမှ အံ့ဩဘနန်းပြောဆိုကြ ထိတ်လန့်တတ်ကြသည်။ ခေတ်အဆက်ဆက် နှစ်အဆက်ဆက် ယင်းသို့ အင်းကြီးအလယ်မှ အခါမဟုတ် လေမတိုက် မိုးမရွာပါဘဲ ဝိညာဉ်များ မြူးတူးရယ် မောကြသလို၊ အသက်ငင်ဆဲ လူမမာ၏ ဖော်ညည်းသံလိုလို အင်းဖော်သံကြီးပေါ်ထွက်လာပါလျှင် လူသေသည်၊ လူစားသည် ဟူ၍ ယနေ့တိုင်း ရွာနီးချုပ်စပ်များမှ လက်ခံကြသည်၊ မယုံကြည် သောသူများလည်း စမ်းသပ်ကြသည်။

ခြောက်ခြားဖွယ် အင်းဖော်သံကြီးပေါ်ထွက်လာပြီး ဒုတိယ မြောက်ညတွင် ဒင်ကြီး အင်းကြီးတွင်းသို့ အရုတ်မှုးမှုးဖြင့် ကွန်ချ

သွားလေသည်။ ဒင်းကြီး၏ ရေဖြင်အလယ်၌ ချာလည်လည် မျောနေပါသော ဒင်ကြီး၏ လှေကိုသာ ရွာမှ ရှာဖွေတွေ့ရှိခဲ့ကြပြီး ဒင်ကြီးကိုမူ မတွေ့ချေ။ ကြာနီအင်းရွာမှ ရွာနေပြည်ထိုင် သက်ကြီး ရွယ်အိုများ၊ တတ်သိနားလည်ကြသော လူကြီးသူမများက ချာချာ လည်နေသော ဒင်ကြီး၏ လှေအနီးတဝိုက် ရေငုပ်ကျွမ်းကျင်သူ များဖြင့် ရှာဖွေ၍ပင် ဒင်ကြီး၏အလောင်းကို မည်သူမျှ မတွေ့ရချေ။

နောက်ဆုံး ဒင်ကြီး၏ လှေပေါ်မှာပင် ကြာနီအင်းကြီးဖြင့် ပတ်သက်စက်ဆိုင်သော မြင်အပ်၊ မမြင်အပ် အစောင့်အရှောက် ပုဂ္ဂိုလ်များအား တိုင်တည်ပြီး ပွဲပေးတော့မှပင် ဖုံးဩဖွယ်ရာ လှေဖြင့် တစ်ထောင်အကွာခန့်၌ ဒင်းကြီး၏ ပုပ်ပွနေသော ဒင်ကြီး အလောင်းက ပေါ်လာသည်။ ဒင်းကြီး မည်သို့မည်ပုံသေဆုံးကြောင်း ရွာနီချုပ်စပ်အားလုံး မည်သူမျှ မသိကြ။ မည်သည့်အတွက်ကြောင့် ဆိုမူ ဒင်ကြီးသည် ကြာနီအင်းကြီးနှင့် ကြာနီအင်းရွာမှစ၍ ရွာနီး ချုပ်စပ်တွင် ရေဖြင့်ပတ်သက်လာပါလျှင် ရေဖျံဟုပင် အမည်တွင် သည့် ရေကူးကျွမ်းကျင်သူ ရေကူးအိတ်စပတ်ဖြစ်သောကြောင့်ပင်။

တစ်ခု ထူးဆန်းသည့် ကြာနီအင်းကြီး၏ သွေးပျက်ခြောက်ခြား ဖွယ် အင်းအော်သံကြီးထွက်ပေါ်လာသည့် ဒုတိယမြောက်ည။ ဒင် ကြီးသေဆုံးခဲ့သည့် ညဦးမှစ၍ ကြာနီအင်းကြီးမှ အော်ညည်းသံကြီး ကို မည်သူမျှ မကြားရတော့သည်မှာလည်း မနေ့က အထိပင်ဖြစ် ပေသည်။

□ □ □

ရွှေဘုန်းတံ

အရှေ့ဘက်ကောင်းကင်